First ELEVEN SPORTS JO[URNAL]
NO. 12 VOLUME 14 22 - 8- 2013 THURSDAY



# ဖာဂူဆန် ပြုံးတော့...



အခုနွေရာသီ အာဆင်နယ်အသင်းရဲ့ ရာသီကြိုခြေစမ်းပွဲရလဒ်တွေကိုကြည့်ပြီး အာဆင်နယ်အသင်းရဲ့ (၈)ရာသီဆက်ဖလား လက်မဲ့ဆိုတဲ့မှတ်တမ်းကို ပရိသတ်တွေ ခေတ္တမေ့ထားခဲ့ကြပါတယ်။ အာရှခြေစမ်းခရီးစဉ်တွေမှာ အရှေ့တောင်အာရှက အင်ဒိုနီးရှား၊ ဗီယက်နမ်အသင်းတွေကို သွင်းဂိုး(၇)ဂိုးရလဒ်တွေနဲ့ အနိုင်ယူ၊ ရာသီကြိုနောက်ဆုံးခြေစမ်းပွဲစဉ်မှာ ပရီးမီးယားလိဂ်အဓိက ပြိုင်ဘက်မန်စီးတီးအသင်းကို (၃-၁)ဂိုးနဲ့ အနိုင်ယူခဲ့တာတွေကြောင့် အာဆင်နယ်အသင်းရာသီသစ်ကို အကောင်းဆုံး ပုံစံနဲ့ ပြန်လည်ရင်ဆိုင်တော့မယ်လို့ ထင်မှတ်စရာဖြစ်ခဲ့ပါတယ်။ ဒါပေမဲ့ ပြီးခဲ့တဲ့ စနေနေ့က ကစားခဲ့တဲ့ ပရီးမီးယားလိဂ်ရာသီအဖွင့်ပွဲစဉ်မှာတော့ အာဆင်နယ်အသင်းဟာ အိမ်ကွင်းအီမရိတ်စ်မှာ အက်စတွန် ဗီလာအသင်းကို (၁-၃)ဂိုးနဲ့ ပြတ်ပြတ်သားသားအရေးနိမ့်ခဲ့ပါတယ်။ ရာသီကြိုခြေစမ်းပွဲတွေမှာ ခြေစွမ်းပြခဲ့တဲ့ အာဆင်နယ်တိုက်စစ်မှူးတွေဟာ ဒီပွဲမှာ ဗီလာအသင်းထက်တောင် ဂိုးပေါက် တည့်တဲ့အရေအတွက်နည်းပါးခဲ့သလို၊ နောက်တန်းကလည်း ပုံစံမကျတဲ့ဖျက်ထုတ်မှုတွေ ကြောင့် ပယ်နယ်တီတွေပေးခဲ့ရပြီး ရှုံးနိမ့်ခဲ့ရတာဖြစ်ပါတယ်။ ပွဲမပြီးခင်မှာပဲ အာဆင်နယ် ပရိသတ်များစွာဟာ သူတို့ရဲ့ အီမရိတ်စ်ကွင်းထဲက ထွက်ခွာသွားခဲ့ကြပြီး အာဆင်နယ်အသင်း ဟာထုံးစံအတိုင်း ရာသီသစ်ကို သံသယမျက်လုံးတွေနဲ့ ပြန်လည်စတင်ရတော့မှာဖြစ်ပါတယ်။ ဒီရှုံးပွဲရလဒ်ကြောင့် နွေရာသီအပြောင်းအရွှေ့ကာလတစ်လျှောက်လုံး ဆနိုဂိုဆိုတဲ့ ပြင်သစ် လူငယ်တိုက်စစ်မှူးတစ်ဦးကလွဲလို့ ကစားသမားသစ်ခေါ်ယူမှုမရှိသေးတဲ့ နည်းပြအာစင်ဝင်းဂါး အပေါ်လည်း အားလုံးရဲ့ဝေဖန်ပြစ်တင်မှုလက်ညှိုးတွေ ရောက်ရှိလာခဲ့ပြီဖြစ်ပါတယ်။ အာဆင်နယ်အသင်းဟာ အခုလာမယ့် ဗုဒ္ဓဟူးနေ့ (ဩဂုတ် ၂၁) မှာ တူရကီကလပ် ဖီနာဘာချီ အသင်းနဲ့ ချန်ပီယံလိဂ် Play-off အဝေးကွင်းပွဲစဉ် သွားရောက်ကစားရဦး မှာဖြစ်ပါတယ်။ ပြီးခဲ့တဲ့ရာသီက အဆင့်(၄)သာ ရရှိခဲ့လို့ ချန်ပီယံလိဂ်ဝင်ခွင့်ကို Play-off ကနေတစ်ဆင့်ကြိုးပမ်းရမယ့် အာဆင်နယ်အသင်းအတွက် ဒီအဆင့်မှာ ခြေချော်လက်ချော်ဖြစ်ခဲ့မယ်ဆိုရင် ရာသီအစမှာပဲ နည်းပြဝင်းဂါးနဲ့ အသင်းအပေါ် ဖိအားတွေက ထုထည်ကြီးမားစွာ ကျရောက်လာမှာသေချာနေပါတယ်။ လက်ရှိအချိန်မှာလည်း နွေရာသီကာလက ကစားသမား (၁၇)ဦးအထိ လျှော့သွားခဲ့တဲ့အသင်းကို ကစားသမား(၁)ဦးတည်း ပြန်ဖြည့်တင်းခဲ့တာ၊ ဒဏ်ရာရသူတွေ များနေတဲ့နောက်တန်းကို ကစားသမားအင်အားထပ်မံမဖြည့် တင်းခဲ့တာတွေအတွက် နည်းပြအာစင်ဝင်းဂါးအပေါ် ဖိအား တွေရှိနေပြီး အသင်းကိုအပြောင်းအလဲလုပ်ဖို့ တောင်းဆိုသံတွေ လည်း ပြန်လည်ထွက်ပေါ်လာနေပြီဖြစ်ပါတယ်။ အာဆင်နယ် ပရိသတ်တချို့ကတော့ အာဆင်နယ်အသင်းမှာ ဝင်းဂါးအနေနဲ့ ပြောင်းလဲသင့်တာ သူကိုယ်တိုင်ပဲဖြစ်တယ်လို့ ယူဆနေကြပြီး ဝင်းဂါးကို ရာထူးကနုတ်ထွက်ဖို့အထိ တောင်းဆိုမှုတွေလည်း ရှိနေပါတယ်။ ပြီးခဲ့တဲ့ ရာသီက မန်ယူအသင်းနည်းပြ ဖာဂူဆန်နည်းပြရာထူးက အနားယူသွား ပြီးတဲ့နောက် ပရီးမီးယားလိဂ်ပြိုင်ပွဲရဲ့ အသက်အရွယ်အကြီးရင့်ဆုံးနည်းပြ၊ ပရီးမီးယားလိဂ်မှာသာမက အင်္ဂလန်ဘောလုံးလိဂ်ပြိုင်ပွဲတစ်ခုလုံးရဲ့ သက်တမ်း အရှည်ဆုံးနည်းပြတစ်ဦးအဖြစ် ရပ်တည်နေတဲ့အာစင်ဝင်းဂါး ဒီဖိအားဒဏ်တွေကို တွန်းလှန်ပြီး အာဆင်နယ်ပရိသတ်တွေ ဆာလောင်နေတဲ့ အောင်မြင်မှု ဆုဖလားတွေကို ပြန်လည်ရယူပေးမလား၊ ဒါမှမဟုတ် ဇရာကို အံမတုနိုင်ဘဲ နောက်ဆုံးမှာ စိတ်လျှော့အနားယူသွားခဲ့တဲ့ ဖာဂူဆန် ရဲ့ နောက်ကိုလိုက်သွားမလားဆိုတာ သူ့ရဲ့ အနာဂတ်နဲ့ပတ်သက်ပြီး ထွက်ပေါ်လာတဲ့မေးခွန်းတွေပါ။ ဖာဂူဆန်လို အနိုင်နဲ့ပိုင်းရတဲ့အနေ အထားမဟုတ်တာကြောင့် အသင်းနဲ့အတူဆက်ပြီး ရုန်းကန်မယ် ဆိုရင်လည်း ဝင်းဂါးအနေနဲ့ သူ့ရဲ့အသင်းကို နွေရာသီအပြောင်း အရွှေ့ကာလမှာ ပြင်ဆင်ဖို့(၁၃)ရက်သာ အချိန်ကျန်ရှိပါတော့ တယ်။ ဝင်းဂါးဘယ်လိုရွေ့ဆက်သည်ဖြစ်စေ သေချာတာကတော့ အာဆင်နယ်ပရိသတ်တွေအနေနဲ့ ကွင်းဘေးမှာ အသင်းအပေါ် အမြဲ အားမလိုအားမရနဲ့ ဒေါသထွက်ပေါက်ကွဲနေတဲ့ အရွယ်လွန်နည်းပြတစ်ဦးရဲ့ ပုံရိပ်တွေကို မတွေ့မြင်ချင်တော့တာတော့ အမှန်ပါပဲ...



## ပရီးမီးယားလိဂ်ပွဲစဉ်(၁) ရလဒ်များ

အာဆင်နယ် ၁-၃ အက်စတွန်ဗီလာ
လီဗာပူးလ် ၁-၀ စတုတ်စီးတီး
နော်ဝစ်ချ် ၂-၂ အဲဗာတန်
ဆန်းဒါးလန်း ၀-၁ ဖူလ်ဟမ်
ဝက်စ်ဘရွန်း ၀-၁ ဆောက်သမ်တန်
ဝက်စ်ဟမ်း ၂-၀ ကာဒစ်ဖ်
ဆွမ်ဆီး ၁-၄ မန်ယူ
ခရစ္စတယ်ပဲလေ့စ် ၀-၁ စပါး
ချယ်လ်ဆီး ၂-၀ ဟားလ်စီးတီး



First Eleven Sports Jo... Vol:14 No.12 22, August, 2013

PREMIER LEAGUE WEEK-1 REVIEW

ဗန်ပါစီ၊ ဒီနစ်လည်း ထူးခြားမှုတွေလုပ်ပြလိုက်ပြန်ပြီ။ ဝဲလ်ဘက်က ဂိုးသွင်းစွမ်းရည်တက်လာတယ်။ ရွန်နီက ပရော်ဖက်ရှင်နယ်အပီသဆုံးကစားသမားအဖြစ်အလုပ်နဲ့ ခံစားမှုကိုခွဲခြားပြနိုင်ခဲ့ပါတယ်။ ဒီကစားသမားတွေရဲ့ စွမ်းဆောင်ရည်နဲ့ ဒေးဗစ်မိုယက်စ်က တာထွက်လှသွားပါပြီ။ စနေနေ့ရဲ့ ထူးခြားတဲ့ နောက်တစ်ပွဲက အာဆင်နယ်-ဗီလာ။ အနီ(၁)ကတ်၊ ပယ်နယ်တီ(၂)လုံး၊ ပရမ်းပတာခံစစ်၊ စိတ်ပျက်စရာဂိုးသမား၊ နိုင်လိုစိတ်ပျောက်နေတဲ့မာန်။ နောက်ဆုံးတော့ လူသစ်ခေါ်ဖို့ စဉ်းစားနေဆဲဖြစ်တဲ့ဝင်းဂါးစိတ်ပျက်ခဲ့ရပါတယ်။



[illegible] ပါစီနှင့်အတူ [illegible]အောင်ပွဲခံနေစဉ်

# ဒေးဗစ်မိုယက်စ်တာထွက်လှသွားတဲ့ မန်ယူရဲ့နိုင်ပွဲ

## ပ ရီး မီး ယား လိဂ် ပွဲ စဉ် (၁) သုံး သပ် ချက်

### ဗန်ပါစီ၊ ဝဲလ်ဘက်၊ ရွန်နီ

#### ဆွမ်ဆီး ၁-၄ မန်ယူ

ဗန်ပါစီရဲ့ လုပ်ရိုးလုပ်စဉ်စွမ်းဆောင်ရည်နဲ့ မန်ယူက အဝေးကွင်းမှာ ဂိုးပြတ်နိုင်ပွဲရခဲ့ပါတယ်။ နည်းပြသစ်ဒေးဗစ်မိုယက်စ်အတွက်တော့ ရာသီကြိုမှာ ဖိအားများခဲ့သမျှကို ဒီတစ်ပွဲတည်းနဲ့ ချေဖျက်လိုက်တာပါပဲ။ အသင်းမှာမပျော်တဲ့ ရွန်နီက မိနစ်(၃၀)ကြာဝင်ကစားရင်း အသင်းမှာဆက်ရှိခဲ့ရင်လည်း ခြေစွမ်းပြဖို့အသင့်ပဲဆိုတဲ့ စွမ်းဆောင်ရည်ကိုပြသခဲ့ပါတယ်။ ဆွမ်ဆီးရဲ့ ပွဲအစကစားပုံကမန်ယူအသင်းကို အခက်အခဲတွေ့စေခဲ့ပေမယ့် ဗန်ပါစီနဲ့ ဝဲလ်ဘက်တို့က (၁)မိနစ်သာခြားပြီး (၂)ဂိုးသွင်းယူလိုက်တဲ့အချိန်ကစလို့ မန်ယူက ယုံကြည်မှုရော၊ အရည်အသွေးပိုင်းမှာပါ ပြောစရာမရှိအောင် ကစားပြနိုင်ခဲ့တယ်။ ဒီပွဲမတိုင်ခင် ပွဲစဉ်ဇယားကို လူသိရှင်ကြားဝေဖန်ထားတဲ့ မိုယက်စ်အတွက် ဒီနိုင်ပွဲက ပွဲကျပ်ကာလတွေကို ဖြတ်သန်းဖို့ လုံလောက်တဲ့ယုံကြည်မှုကို ရရှိစေခဲ့တယ်လို့ ဆိုရမှာဖြစ်ပါတယ်။ ဖျော်ဖြေမှုထက် ရလဒ်ပိုင်းကိုပိုဦးတည်လာသလိုရှိပြီး ဘောလုံးပိုင်ဆိုင်မှုထက် တိုက်ရိုက်တိုက်စစ်ဆင်တဲ့ပုံစံကစားဟန်ကမန်ယူနဲ့ပိုသင့်တော်ပါတယ်။ ထူးထူးခြားခြားတိုးတက်လာတာက ဗန်ပါစီရဲ့ အမြင့်ဘောကစားနိုင်မှုစွမ်းရည်ဖြစ်ပြီး၊ ဗလင်စီယာကလည်း ကျောနံပါတ်(၂၅)နဲ့ ပုံမှန်စွမ်းဆောင်ရည်ကောင်းကို ပြန်ပြနိုင်ခဲ့ပါတယ်။ ဘိုနီကို အရန်ခုံပေါ်မှာထားကစားခဲ့တဲ့လောဒရပ်ရဲ့ လုပ်ရပ်ကမေးခွန်းထုတ်စရာဆိုပေမယ့် လုံလောက်တဲ့အကြောင်းပြချက်တော့ရှိနိုင်ပါတယ်။ သူက ကွင်းလယ်ကို အဓိကထားတည်ဆောက်ပြီး မန်ယူအသင်းကို စိုးမိုးထားဖို့ရည်ရွယ်ခဲ့ပုံရပါတယ်။ မန်ယူကလည်း ဆွမ်ဆီးအကြိုက်ကိုလိုက်ကစားပေးခဲ့ပြီး ဆွမ်ဆီးရဲ့ အမှားတွေကနေပြန်ပြီး ပညာပေးသွားခဲ့တာပါ။ ဒီပွဲမှာ လောဒရပ်ရဲ့ တွက်ဆပုံမှန်တယ်ဆိုတာ ဘောလုံးပိုင်ဆိုင်ခွင့်နဲ့ဂိုးသွင်းခွင့်ချင်းယှဉ်ကြည့်ရင်သိနိုင်ပါတယ်။ ကွာသွားတာက အပိုင်ထိုးဖောက်နိုင်မှု တိုက်စစ်ကောင်းဆိုတာနဲ့ ဂိုးသွင်းတတ်မှ ရလဒ်ကောင်းတယ်ဆိုတဲ့အပိုင်းတွေဖြစ်ပါတယ်။ ဗန်ပါစီရဲ့ အဖွင့်ဂိုးက လှပပြီး အဆင့်မြင့်ပါတယ်။ ဒါပေမဲ့ သူ့အတွက်တော့ သိပ်မထူးတဲ့ပုံစံမျိုးပါပဲ။ (၂)ကြိမ်လောက်ဖြန်းတီးထားတဲ့ ဂစ်ရဲ့ Lob Pass က လူကျဲထောင်ချောက်ကြားထဲမှာ အကောင်းဆုံးနေရာယူထားတဲ့ ဗန်ပါစီဆီကိုရောက်တယ်။ ရင်ဘတ်နဲ့ထိန်းပြီး ဖြိုင်ဘက်တွေဖျက်ထုတ်ဖို့အချိန်မရခင် မြေအကျမခံဘဲ ကန်သွင်းသွားခဲ့တယ်။ ဟော်လန်အသင်းဖော်ဂိုးသမား ဗွန်းဘာမှမတတ်နိုင်ခဲ့ပါဘူး။ ဒုတိယဂိုးက သာမန်ဂိုးတစ်ဂိုးဖြစ်ပြီး (၃၆)မိနစ်မှာ ဝဲလ်ဘက်ကသွင်းယူခဲ့တာပါ။ ဒုတိယပိုင်းပြန်စတော့ ဆွမ်ဆီးပုံစံပြောင်းလာပါတယ်။ မန်ယူလိုအသင်းကို တက်ဖိကစားနေတာက မလိုအပ်ဘဲစွန့်စားရာကျတယ်ဆိုတာ သဘောပေါက်သွားတဲ့ လောဒရပ်က ဘိုနီကိုထည့်ပြီး ကစားဟန်ပြောင်းပါတယ်။ ပွဲကပိုကောင်းလာပြီး ဖိအားကြိတ်အနယ်ရှိလာပါတယ်။ ဒါပေမဲ့ မန်ယူဘက်က ရွန်နီဝင်လာတာက ပွဲအခြေအနေကို ပြန်ပြောင်းသွားစေခဲ့တယ်။ ဗန်ပါစီရဲ့ (၇၂)မိနစ်ဂိုးအတွက် ရွန်နီခင်းပေးလိုက်ပြီး၊ ဆွမ်ဆီးရဲ့ ခံစစ် Space ထဲကို အရှိန်နဲ့ပြေးဝင်ပါတယ်။ ဝေခွဲရခက်သွားတဲ့ ဆွမ်ဆီးနောက်ခံလူတွေကို ဗန်ပါစီလှည့်စားဖို့မခက်တော့ပါဘူး။ သွင်းလိုက်တဲ့ဂိုးကတော့ ဗန်ပါစီရဲ့ အရည်အချင်းဖြစ်ပါတယ်။ (၈၂)မိနစ်မှာ ဝဲလ်ဘက်ရဲ့အမှားကနေ ဘိုနီကဆွမ်ဆီးအတွက် ဂိုးပြန်သွင်းခဲ့ပေမယ့် နောက်ဆုံးမိနစ်မှာတော့ သူ့အမှားကိုပြန်ချေရင်း ဝဲလ်ဘက်သူ့ရဲ့ဒုတိယဂိုးသွင်းလိုက်ပါတယ်။ ဒီဂိုးကလည်း ရွန်နီရဲ့ ဖန်တီးမှုနဲ့ ဝဲလ်ဘက်ဆီက ထူးထူးခြားခြားတွေ့ရတဲ့ ဂိုးသွင်းစွမ်းရည်ကြောင့် ရရှိခဲ့တဲ့ဂိုးပါ။ မန်ယူအတွက်တော့ စုစည်းမှုသာမပျက်ရင် ချန်ပီယံဖြစ်ဖို့အသင့်ပဲဆိုတာ ပြသခဲ့တာဖြစ်ပါတယ်။

### မေးခွန်းထုတ်ရမယ့် အာဆင်နယ်ရဲ့ စိတ်ဓာတ်

#### အာဆင်နယ် ၁-၃ ဗီလာ

ဗီလာက ဒီရာသီမှာ ကောင်းလာလိမ့်မယ်၊ အာဆင်နယ်ကို အတိုင်းအတာတစ်ခုအထိဒုက္ခပေးလိမ့်မယ်ဆိုတာတွေက အားလုံးကြိုတွေးပြီးသားဖြစ်ပါတယ်။ ဒါပေမဲ့ ဒီလောက်အထိ ရုပ်ပျက်ဆင်းပျက်ရလဒ်ထွက်လာလိမ့်မယ်လို့တော့ ဘယ်သူမှ ထင်မထားပါဘူး။ ဂိုးပြတ်ရှုံးပေမယ့် ခြေစွမ်းကအထင်သေးစရာမဟုတ်ပါဘူး။ မေးခွန်းထုတ်ရမှာက စိတ်ဓာတ်ပိုင်း၊ ပရမ်းပတာနိုင်လွန်းတဲ့ ခံစစ်နဲ့ဂိုးသမားတွေသာဖြစ်ပါတယ်။ ဒီပွဲမှာ အာဆင်နယ်ခံစစ်သာပုံမှန်စွမ်းဆောင်ရည်ပြနိုင်ရင် အာဆင်နယ်(၂)ဂိုးအသာလောက်နဲ့ နိုင်မယ့်ခြေစွမ်းရှိပါတယ်။

စာမျက်နှာ (၁၃)သို့ ➤➤➤




| ပွဲမှတ်တမ်း | ဆွမ်ဆီး | မန်ယူ |
| --- | --- | --- |
| ဂိုး | ၁ | ၄ |
| ဂိုးပေါက်ကန်သွင်းမှု | ၁၇ | ၁၄ |
| ဂိုးပေါက်တည့်မှု | ၆ | ၈ |
| ဂိုးပေါက်ကာကွယ်မှု | ၄ | ၅ |
| ထောင့်ကန်ဘော | ၇ | ၄ |
| လူကျွံဘော | ၂ | ၅ |
| ပြစ်ဒဏ်ဘော | ၁၃ | ၁၀ |
| အဝါကတ် | ၁ | ၃ |
| အနီကတ် | ၀ | ၀ |
| ဘောလုံးပိုင်ဆိုင်မှု | ၅၄% | ၄၆% |



First ELEVEN SPORTS JOURNAL

## စတုတ်ကွင်းလယ်လူ ပလာစီယိုဒဏ်ရာရ

စတုတ်စီးတီးကွင်းလယ်ကစားသမား ဝီလ်ဆင်ပလာစီယိုသည် အသေးစားဒဏ်ရာခွဲစိတ်ကုသမှုခံယူခဲ့ရသဖြင့် ရက်သတ္တပတ်အနည်းငယ်ကြာအနားယူရမည်ဟုသိရသည်။ ပလာစီယိုသည် လီဗာပူးလ်နှင့်ကစားခဲ့သောပွဲစဉ်မတိုင်မီ လေ့ကျင့်ခန်းဆင်းရာ၌ ဒဏ်ရာရရှိခဲ့ခြင်းဖြစ်ပြီး လီဗာပူးလ်ရှိဆေးရုံတွင် ဆေးကုသမှုခံယူခဲ့ရ၍ ယင်းပွဲကိုလွဲချော်ခဲ့သလို၊ ၎င်း၏နေရာတွင်မှာ့ခ်ဝီလ်ဆင်ကဝင်ရောက်ကစားခဲ့ရသည်။

## မီမီတို့ကိုအထင်မသေးရန် အီဗရာကြုံးဝါး

မန်ယူအသင်းနောက်ခံလူအီဗရာက ယခုနှစ်ရာသီပရီးမီးယားလိဂ်ချန်ပီယံဆုအတွက် စိန်ခေါ်နိုင်သည့်အသင်းများထဲတွင် မိမိတို့ကိုထုတ်ပယ်ထား၍မရသည်ကို ဆွမ်ဆီးနှင့်ပွဲ၌ သက်သေပြခဲ့ပြီးဖြစ်ကြောင်းကြုံးဝါးပြောဆိုခဲ့သည်။ မန်ယူအသင်းသည် ယခုနှစ်ရာသီပရီးမီးယားလိဂ်ပြိုင်ပွဲတွင် ဗိုလ်စွဲရန်ရေပန်းစားနေသည့်အသင်းများစာရင်း၌ တတိယနေရာတွင်သာရပ်တည်နေသဖြင့် အီဗရာက ယင်းကဲ့သို့ကြုံးဝါးခဲ့ခြင်းဖြစ်သည်။

## PSGနှင့်ရီးယဲလ်တို့ကိုဘိုအက်ရှ်ငြင်းဆန်ခဲ့

စပါးအသင်းနည်းပြဘိုအက်ရှ်က ယခုနှစ်နွေရာသီအတွင်း မိမိကိုPSG နှင့် ရီးယဲလ်အသင်းတို့က နည်းပြအဖြစ်ခန့်အပ်ရန်စိတ်ဝင်စားခဲ့ကြသော်လည်း စပါးအသင်း၌သာဆက်နေရန်ဆုံးဖြတ်ခဲ့ခြင်းဖြစ်ကြောင်း ဝန်ခံပြောကြားခဲ့သည်။ ပြီးခဲ့သည့်ရာသီကမှ စပါးအသင်းကိုစတင်ကိုင်တွယ်ခဲ့သူ ဘိုအက်ရှ်သည် သူ၏ပထမဆုံးရာသီ၌ပင် စပါးအသင်းအား အဆင့်(၅)နေရာတွင်ရပ်တည်နိုင်အောင် စွမ်းဆောင်နိုင်ခဲ့သူဖြစ်သည်။

### BRIEF

❒ စပါးအသင်းနောက်ခံလူဒေါ်ဆင်က ခရစ္စတယ်ပဲလေ့စ်နှင့်ပွဲတွင် ပယ်နယ်တီမှတစ်ဆင့်ဂိုးသွင်းယူခဲ့သူ တိုက်စစ်မှူးသစ်ဆိုလ်ဒါဒို၏ခြေစွမ်းအပေါ် ကျေနပ်အားရမိကြောင်းချီးကျူးပြောဆိုခဲ့သည်။

❒ ဆန်းဒါးလန်းအသင်းနည်းပြဒီကာနီယိုက ကွင်းလယ်လူကာဘာရယ်လ်နှင့်တွဲဖက်ကစားရန် ကွင်းလယ်ကစားသမားသစ်တစ်ဦးထပ်မံခေါ်ယူရန်လိုအပ်နေပြီဖြစ်ကြောင်း ဖူလ်ဟမ်အသင်းကိုရှုံးနိမ့်ခဲ့သည့်အပြီးတွင် ဝန်ခံပြောကြားခဲ့သည်။

❒ လီဗာပူးလ်အသင်းနည်းပြဘရန်ဒန်ရော်ဂျာက အခြားကလပ်အသင်းများမှာ မိမိတို့ထက်ဘဏ္ဍာရေးအခြေအနေတောင့်တင်းမှုရှိသည်ဟူသော အကြောင်းပြချက်ပေးမည်မဟုတ်ဘဲ ယခုနှစ်ရာသီတွင် အနိမ့်ဆုံးအဖြစ်ချန်ပီယံလိဂ်ဝင်ခွင့်ရရှိအောင် စွမ်းဆောင်ပေးသွားမည်ဖြစ်ကြောင်းပြောကြားခဲ့သည်။

❒ မန်စီးတီးအသင်း လူငယ်တိုက်စစ်မှူးယိုဗီတစ်က မိမိသည် ငယ်စဉ်ကတည်းက ယူကာရိန်းဂန္ဒဝင်တိုက်စစ်မှူးရက်ဗ်ချင်ကိုအား ကြိုက်နှစ်သက်ခဲ့သူဖြစ်ပြီး သူ၏ကစားဟန်အား အမြဲတစေစောင့်ကြည့်ခဲ့ကြောင်းဝန်ခံပြောကြားခဲ့သည်။

❒ အာဆင်နယ်အသင်းမှထွက်ခွာတော့မည့် ဒိန်းမတ်တိုက်စစ်မှူးဘန်တနာကိုခေါ်ယူရန် ထရက်ဗွန်စပေါ်နှင့်ဘောဆယ်အသင်းတို့က စိတ်ဝင်စားနေသော်လည်း ဘန်တနာအနေဖြင့် မာလာဂါအသင်းသို့သာ ပြောင်းရွှေ့ဖွယ်ရှိနေကြောင်းသိရသည်။

❒ အဲဗာတန်အသင်းနည်းပြမာတီနက်ဇ်က အသင်းကို မိမိကိုင်တွယ်ခဲ့သည်မှာရက်ပိုင်းသာရှိသေးခြင်းကြောင့် ပရိသတ်များအနေဖြင့် စိတ်ရှည်ရှည်ထားရှိရန် တောင်းဆိုလိုက်သည်။

# လက်ရှိအသင်းမှာ ချန်ပီယံဆုအတွက်လုံလောက်ပြီး (၃)နှစ်အတွင်းဖလားမရလျှင် အသင်းမှထွက်မည်ဟု မော်ရင်ဟို ဆို



ချယ်လ်ဆီး-ဟားလ်စီးတီးပွဲ မတိုင်မီ ဟားလ်စီးတီးအသင်းနည်းပြ စတိဗ်ဘရုစ်နှင့် မော်ရင်ဟိုတို့အား တွေ့ရစဉ်

PHOTO : AFP

ချယ်လ်ဆီးအသင်းနည်းပြမော်ရင်ဟိုက အသင်း၏ကစားသမားစုဖွဲ့မှုမှာ ယခုနှစ်ပရီးမီးယားလိဂ်ဖလားကိုပြန်လည်ဆွတ်ခူးနိုင်ရန်အတွက် လုံလောက်မှုရှိနေပြီး အသင်းအားမိမိကိုင်တွယ်သည့်(၃)နှစ်အတွင်း မည်သည့်ဆုဖလားမှမရခဲ့ပါက နည်းပြရာထူးမှနုတ်ထွက်မည်ဖြစ်ကြောင်း ကြုံးဝါးပြောဆိုခဲ့သည်။

ပေါ်တူဂီလူမျိုးနည်းပြမော်ရင်ဟိုသည် ချယ်လ်ဆီးအသင်းကိုဒုတိယအကြိမ်မြောက်ပြန်လည်ကိုင်တွယ်ခဲ့ခြင်းဖြစ်ပြီး မော်ရင်ဟိုရောက်ရှိလာခဲ့ခြင်းကြောင့် ချယ်လ်ဆီးအသင်းမှာ ယခုနှစ်ပရီးမီးယားလိဂ်ပြိုင်ပွဲတွင် ဗိုလ်စွဲရန် ထိပ်ဆုံးမှရေပန်းစားနေသလို မော်ရင်ဟိုမှာလည်း သူ၏ပရီးမီးယားလိဂ်တစ်ကျော့ပြန်ပွဲတွင် ဟားလ်စီးတီးအသင်းကို(၂-၀)ဂိုးဖြင့်အနိုင်ရခဲ့ကာ ရာသီအစကို နိုင်ပွဲဖြင့်ဖွင့်လှစ်နိုင်ခဲ့သည်။ မော်ရင်ဟိုအနေဖြင့် အသင်းမှပထမကစားသမားများသာမက အကယ်ဒမီမှ လူငယ်ကစားသမားများ၏ အရည်အသွေးတိုးတက်လာစေရန် စီမံကိန်းများချမှတ်ဆောင်ရွက်သွားမည်ဖြစ်သလို၊ အသင်းတွင်နှစ်ပေါင်းများစွာဆက်ရှိနေရန် ဆန္ဒရှိနေသော်လည်း သူ၏လက်ထက်တွင်အောင်မြင်မှုမရပါက အသင်း၌ဆက်ရှိမည်မဟုတ်ဟု ပြောကြားခဲ့ခြင်းဖြစ်သည်။ မော်ရင်ဟိုက "ကျွန်တော်ဟာ ဘာဖလားမှမရဘဲနဲ့ ကလပ်အသင်းတစ်သင်းကို (၃၊ ၄)နှစ်လောက်အထိ ကိုင်တွယ်မယ့် နည်းပြမျိုးမဟုတ်ပါဘူး။ အဲဒီလိုအခြေအနေမျိုးဖြစ်လာခဲ့ရင် ကလပ်အသင်းက "မင်းကို မလိုတော့ဘူး၊ ဝွတ်ဘိုင်"လို့ ကျွန်တော့်ကိုပြောလာမှာမျိုးကိုလက်ခံမှာမဟုတ်ဘဲ ကျွန်တော်က "အသင်းအတွက် အကောင်းဆုံးကြိုးစားခဲ့တယ်။ မအောင်မြင်ခဲ့ဘူး။ ဒါကြောင့် နောက်ထပ်နည်းလမ်းသစ်တွေနဲ့ကြိုးစားပါ"လို့ သူတို့ကိုအရင်ဆုံးပြောသွားမှာပါ။ ကျွန်တော့်အနေနဲ့ကတော့ ဆုဖလားတွေရယူသွားမှာဖြစ်ပြီး ဒါဟာကျွန်တော့်ရဲ့သွေးသားထဲမှာ အမြဲရှိနေမှာဖြစ်တဲ့အပြင် ဘယ်တော့မှပြောင်းလဲမှာမဟုတ်သလို၊ ကျွန်တော့်ရဲ့စိတ်နေစိတ်ထားကလည်း ပြောင်းလဲမှာ မဟုတ်ပါဘူး"ဟုပြောကြားခဲ့သည်။

မော်ရင်ဟိုသည် ၂၀၀၃ခုနှစ်မှစတင်ကာ ၎င်းကိုင်တွယ်ခဲ့သည့်အသင်းများနှင့်အတူ တစ်နှစ်အတွင်း အနည်းဆုံးဆုဖလားတစ်လုံးရယူနိုင်ခဲ့ပြီး ယင်းစံချိန်ကိုဆက်လက်ထိန်းသိမ်းနိုင်ရန် ဘောယန်မြူးနစ်နှင့်ကစားမည့် UEFA စူပါဖလားဗိုလ်လုပွဲတွင် အနိုင်ရရှိရန်လိုအပ်နေကြောင်းသိရသည်။

### နှစ်အလိုက် မော်ရင်ဟို၏ အောင်မြင်မှုများ

| | |
|---|---|
| **ပေါ်တို** | |
| ၂၀၀၃ | ပေါ်တူဂီအမှတ်ပေး၊ ပေါ်တူဂီရှုံးထွက်၊ ပေါ်တူဂီစူပါဖလား၊UEFA ဖလား(ယခုယူရိုပါလိဂ်) |
| ၂၀၀၄ | ပေါ်တူဂီအမှတ်ပေး၊ ချန်ပီယံလိဂ် |
| **ချယ်လ်ဆီး** | |
| ၂၀၀၅ | ပရီးမီးယားလိဂ်၊ လိဂ်ဖလား၊ ကွန်မြူနတီဒိုင်း |
| ၂၀၀၆ | ပရီးမီးယားလိဂ် |
| ၂၀၀၇ | FA ဖလား၊ လိဂ်ဖလား |
| **အင်တာမီလန်** | |
| ၂၀၀၈ | အီတလီစူပါဖလား |
| ၂၀၀၉ | စီးရီးအေဖလား |
| ၂၀၁၀ | စီးရီးအေဖလား၊ ကိုပါအီတာလီယာဖလား၊ ချန်ပီယံလိဂ်ဖလား |
| **ရီးယဲလ်မက်ဒရစ်** | |
| ၂၀၁၁ | စပိန်ဘုရင့်ဖလား |
| ၂၀၁၂ | လာလီဂါ၊ စပိန်စူပါဖလား |

# အပြောင်းအရွှေ့တွင် ငွေမသုံးခြင်းအတွက်ဝေဖန်မှုများအား ဝင်းဂါးကာကွယ်

# လူသစ်ခေါ်ယူရန် မိမိတို့အာဆင်နယ် တစ်နေ့ (၂၄)နာရီအလုပ်လုပ်သည်ဟုဆို



ဇီလာအသင်းအား တဘီယဂိုးပေးပြီးနောက်တွေ့ရသည့် အာဆင်ဝင်းဂါးနှင့် လက်ထောက်နည်းပြဗောဒ်ဗိုးလ်(ဝဲ)

အာဆင်နယ်အသင်းနည်းပြအာစင်ဝင်းဂါးသည် နွေရာသီကာလအတွင်း အပြောင်းအရွှေ့ဈေးကွက်တွင် ငွေကြေးများစွာမသုံးစွဲခြင်းအတွက် သူ့အား ဝေဖန်မှုများကို ကာကွယ်ပြောကြားလိုက်သည်။ အာဆင်နယ်အသင်းသည် ယခုနွေရာသီအပြောင်းအရွှေ့ကာလအတွင်းပြင်သစ်ကလပ်အော်ဇေးအသင်းမှ လူငယ်တိုက်စစ်မှူး ဆနိုဂိုတစ်ဦးတည်းကိုသာ ခေါ်ယူထားပြီး ဂူစတာဗို(ဘေယန်မြူးနစ်မှ ဝုလ်ဖ်ဘတ်သို့ပြောင်း)၊ ဟီဂွာအင် (ရီးယဲလ်မှ နာပိုလီသို့ပြောင်း) အစရှိသောကစားသမားများကို ခေါ်ယူရန်ကြိုးပမ်းမှုများမှာ မအောင်မြင်ခဲ့ပေ။ ထို့ပြင် လီဗာပူးလ်အသင်းမှ တိုက်စစ်မှူး ဆွာရက်ဇ်ကို ခေါ်ယူရန် ကြိုးပမ်းမှုမှာလည်း လီဗာပူးလ်အသင်းအလိုရှိသည့်ငွေကြေးကို မပေးနိုင်၍ ဖြစ်နိုင်ခြေနည်းပါးနေသည်။

ပြီးခဲ့သည့် စနေနေ့က ကစားခဲ့သော ပရီးမီးယားလိဂ်ရာသီအဖွင့်ပွဲစဉ်တွင် ဗီလာအသင်းအားအိမ်ကွင်းတွင် (၁-၃)ဂိုးဖြင့် ရှုံးနိမ့်ခဲ့ရာ ဝင်းဂါးအပေါ် ပြစ်တင်ဝေဖန်မှုများစွာ ကျရောက်လာခဲ့သည်။ ယင်းပွဲတွင် အာဆင်နယ်ပရိသတ်အချို့က ဝင်းဂါးအားလူသစ်ခေါ်ယူရန် တောင်းဆိုမှုများပြုလုပ်ခဲ့ပြီး ဗီလာအား အနိုင်ဂိုးများပေးခဲ့ပြီးနောက် အာဆင်နယ်ပရိသတ်အတော်များများမှာ ပွဲမပြီးခင်ပင် ကွင်းထဲမှ ထွက်သွားခဲ့ကြသည်။

အာစင်ဝင်းဂါး၏ နည်းပြထိုင်ခုံအနီးတွင်ထိုင်နေသော ပရိသတ်တစ်ဦးကလည်း ငွေကြေးသုံးစွဲပြီး ကစားသမားသစ်ခေါ်ယူရန် တိုက်တွန်းသည့်အနေဖြင့် "Spend Spend

> **ကစားသမားသစ်ခေါ်ယူရန် တိုက်တွန်းသည့်အနေဖြင့် "Spend Spend Spend" ဟု ရေးသားထားသည့်စာရွက်ကို ဝင်းဂါးအား မကြာခဏပြသ. . .**




Spend" ဟု ရေးသားထားသည့်စာရွက်ကို ဝင်းဂါးအား မကြာခဏပြသခဲ့သည်။ ပွဲအပြီးတွင် မီဒီယာများကလည်း ဝင်းဂါးအား လူသစ်ခေါ်ယူမှုနှင့်ပတ်သက်၍မေးမြန်းခဲ့ရာ အာစင်ဝင်းဂါးက သူ့အနေဖြင့် ငွေကြေးသုံးစွဲရန် စိုးရွံ့မှုမရှိဘဲ ပျော်ရွှင်စွာလုပ်ဆောင်နိုင်ကြောင်း၊ သို့သော် ကစားသမားသစ်အနေဖြင့်အသင်းအတွက် အထောက်အကူပေးမည့်ကစားသမားသာဖြစ်သင့်ကြောင်းပြောကြားခဲ့သည်။ "ကျွန်တော် ငွေကြေးမသုံးစွဲတာနဲ့ ပတ်သက်ပြီး ကျွန်တော်အပေါ် မြင်နေတဲ့အမြင်တွေက မမျှတပါဘူး။ လူတွေက ကစားသမားဝယ်၊ ကစားသမားဝယ်၊ ကစားသမားဝယ် ဒါပဲ ပြောနေကြပါတယ်။ ကျွန်တော်တို့က ဘယ်သူ့ကိုဝယ်ရမှာလဲ။ ကမ္ဘာပေါ်မှာရှိတဲ့ ကစားသမားအားလုံးကို လေ့လာဆန်းစစ်ပါတယ်။ကျွန်တော်တို့အသင်းဟာ ဒီအတွက်တစ်နေ့ကို (၂၄)နာရီအလုပ်လုပ်နေတဲ့အသင်းပါ"ဟုပြောကြားခဲ့သည်။ သို့ရာတွင် အာစင်ဝင်းဂါးက ကစားသမားသစ်ဝယ်ရန် တောင်းဆိုသည့် ပရိသတ်များမှန်သည်ဖြစ်စေ၊မှားသည်ဖြစ်စေ မိမိအနေဖြင့် အသင်းနှင့်ပတ်သက်သူအားလုံးကို ပျော်ရွှင်အောင်ပြုလုပ်ပေးရမည့်တာဝန်ရှိကြောင်းလည်း ဝန်ခံပြောကြားခဲ့သည်။

## BRIEF

❒ အာဆင်နယ်အသင်း၏ ကွင်းလယ်လူတစ်ဦးဖြစ်သူ အာတီတာက အာဆင်နယ်အသင်းအနေဖြင့် အပြောင်းအရွှေ့ကာလမပြီးဆုံးမီ အသင်းအတွက် လိုအပ်သည့် နောက်ခံလူခေါ်ယူမှုကို ပြုလုပ်နိုင်မည်ဟု ယုံကြည်ကြောင်း ပြောကြားခဲ့သည်။

❒ ရာသီအဖွင့် စတုတ်စီးတီးအသင်းအား အနိုင်ရရှိခဲ့သည့် ပွဲစဉ်တွင် ပယ်နယ်တီတစ်လုံးကာကွယ်နိုင်ခဲ့သည့် လီဗာပူးလ်ဂိုးသမား မစ်ဂနိုလတ်က ယင်းကဲ့သို့ ပယ်နယ်တီကာကွယ်မှုများကို သူ သဘောကျနှစ်သက်ကြောင်းနှင့် အသင်းအတွက် ဂိုးမပေးရရန် အတတ်နိုင်ဆုံးကြိုးစားသွားမည်ဟု ပြောကြားခဲ့သည်။

❒ ဝက်စ်ဟမ်းအသင်း၏ တောင်ပံကစားသမား ဂျိုးကိုးလ်က မိမိတို့ ဝက်စ်ဟမ်းအသင်းသည် ရာသီကုန်တွင် ထိပ်ဆုံး(၁၀)သင်းစာရင်း၌ ရပ်တည်နိုင်လိမ့်မည်ဟု ယုံကြည်ကြောင်း ပြောကြားခဲ့သည်။

❒ မန်ယူအသင်း၏ နောက်ခံကစားသမားဟောင်းတစ်ဦးဖြစ်သူ ဂယ်ရီနဗီးလ်က ဆွမ်ဆီးအား ဂိုးပြတ်အနိုင်ရရှိခဲ့ခြင်းသည် နည်းပြသစ်မိုယက်စ်အပေါ် သံသယရှိနေသူများအား အဖြေပေးလိုက်ခြင်းပင်ဖြစ်သည်ဟု ပြောကြားခဲ့သည်။

## အပြောင်းအရွှေ့များဖြစ်မလာခြင်းကို ပါဂျူး ကာကွယ်

နယူးကာဆယ်အသင်းနည်းပြအလန်ပါဂျူးက ယခုနွေရာသီအပြောင်းအရွှေ့ကာလတွင် အသင်း၌ ကစားသမားခေါ်ယူမှုများ ထင်သလောက်ဖြစ်မလာခြင်းအတွက် အသင်းဒါရိုက်တာဂျိုးကင်နီယာ၏လုပ်ဆောင်မှုများကို ကာကွယ်ပြောကြားခဲ့သည်။ နယူးကာဆယ်အသင်းသည် ဗီလာတိုက်စစ်မှူး ဒါရင်းဘန့်အပါအဝင် ကစားသမားများစွာကိုခေါ်ယူရန်ပစ်မှတ်ထားခဲ့သော်လည်း ယနေ့အချိန်အထိ ပြင်သစ်ကလပ် မက်ဇ်အသင်းမှ ပြင်သစ်ကွင်းလယ်လူကီမန်းတစ်ဦးတည်းကိုသာ ခေါ်ယူထားနိုင်သည်။ ပါဂျူးက အသင်းအနေဖြင့် ကစားသမားများစွာခေါ်ယူရန်မလိုအပ်ဘဲ တစ်ဦး၊ နှစ်ဦးခေါ်ယူရုံဖြင့်လုံလောက်သည်ဟု ပြောကြားခဲ့သည်။

## အိုဇေးလ်နှင့် ဗီလီယံကို မိုယက်စ် အလိုမရှိ

မန်ယူအသင်းသည် ယခုနွေရာသီအပြောင်းအရွှေ့ကာလအတွင်း ရီးယဲလ်မက်ဒရစ်အသင်းမှ ဂျာမနီလက်ရွေးစင်ကွင်းလယ်လူအိုဇေးလ်နှင့် ရုရှားကလပ်အန်ဇီအသင်းမှ ဘရာဇီးလ်လက်ရွေးစင်တောင်ပံကစားသမားဗီလီယံတို့ကို ခေါ်ယူရန်ကြိုးပမ်းနေသည်ဟု သတင်းများထွက်ပေါ်နေသော်လည်း မန်ယူအသင်းနည်းပြမိုယက်စ်သည် ၎င်းကစားသမားများကိုခေါ်ယူရန်ဆန္ဒမရှိကြောင်း သိရသည်။ မိုယက်စ်သည် မန်ယူအသင်း၏ကွင်းလယ်တွင် ၎င်းတို့(၂)ဦးသည် အံမဝင်ဟု ယူဆလျက်ရှိသည်။ အိုဇေးလ်သည် ယခင်နည်းပြဖာဂူဆန်လက်ထက်ကပင် မန်ယူသို့ရောက်ရှိမည်ဟု ရေပန်းစားခဲ့သူတစ်ဦးဖြစ်ပြီး သူကိုယ်တိုင်ကလည်း မန်ယူအသင်းတွင်ပြောင်းရွှေ့ကစားလိုနေကြောင်း သိရှိရသည်။

## အီတူးကို ချယ်လ်ဆီး စိတ်ဝင်စား

ချယ်လ်ဆီးအသင်းသည် ရုရှားကလပ် အန်ဇီအသင်း၏တိုက်စစ်မှူး အီတူးအားခေါ်ယူရန် စိတ်ဝင်စားနေကြောင်း သိရှိရသည်။ အသက်(၃၂)နှစ်အရွယ်ရှိပြီဖြစ်သူ အီတူးသည် လက်ရှိတွင် အန်ဇီအသင်းနှင့်စာချုပ်ဖျက်သိမ်းရန်စီစဉ်နေသူဖြစ်ပြီး ချယ်လ်ဆီးအသင်းက သူ့အား (၂)နှစ်စာချုပ်ဖြင့် ခေါ်ယူရန်ပစ်မှတ်ထားနေခြင်းဖြစ်ကြောင်း သိရှိရသည်။ ရီးယဲလ်မက်ဒရစ်၊ အက်စ်ပန်ညို၊ မာယော့ကာ၊ ဘာစီလိုနာ၊ အင်တာမီလန်အသင်းများတွင်ကစားခဲ့ဖူးသူ အတွေ့အကြုံရင့်တိုက်စစ်မှူးအီတူးအား ရွှန်နီကိုခေါ်ယူရန်ကြိုးပမ်းမှုမအောင်မြင်ပါက အစားထိုးခေါ်ယူရန် ချယ်လ်ဆီးနည်းပြမော်ရင်ဟိုက ရည်ရွယ်ထားခြင်းလည်းဖြစ်သည်။

## ဝက်စ်ဘရွန်းအသင်း ကစားသမား(၂၂)ဦးသာ ထားရှိမည်

ဝက်စ်ဘရွန်းအသင်း၏ ဥက္ကဋ္ဌဖြစ်သူ ဂျရမီပိစ်က ယခုနှစ်ဘောလုံးရာသီ၌ သူ၏ဝက်စ်ဘရွန်းအသင်းကို ကစားသမား(၂၂)ဦးသာထားရှိမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ပရီးမီးယားလိဂ်တွင် ကလပ်အသင်းများသည် အပြီးသတ်(၂၅)ဦးစာရင်းကို တင်သွင်းရသော်လည်း မိမိအသင်းအနေဖြင့် ၎င်းအရေအတွက်အထိ ထားရန်မလိုအပ်ဘဲ (၂၂)ဦးထားရုံဖြင့်လုံလောက်သည်ဟု ပြောကြားခဲ့သည်။ "ကျွန်တော်တို့အသင်းက ကစားသမား(၂၂)ယောက်နဲ့ပဲ ယှဉ်ပြိုင်သွားမှာပါ။ ဂိုးသမား(၃)ယောက်နဲ့ ကျန်(၁၉)ယောက်ပါ။ အဓိကအကြောင်းအရင်းကတော့ လစာငွေပါပဲ"ဟု ဂျရမီပိစ်က ပြောကြားခဲ့သည်။

# နောက်ခံလူများ ပွဲပယ်ဒဏ်ရာရပြဿနာကို အာဆင်နယ်ကြုံတွေ့

အာဆင်နယ်အသင်းသည် အသင်း၏နောက်ခံလူများ ပွဲပယ်ဒဏ်ရာရသည့် ပြဿနာကို ကြုံတွေ့ရလျက်ရှိနေပြီး ရှေ့လာမည့်ပွဲစဉ်များတွင် ကစားသမားအခက်အခဲကိုရင်ဆိုင်နေရကြောင်း သိရှိရသည်။

အာဆင်နယ်အသင်း၏နောက်တန်းတွင် စပိန်နောက်ခံလူ မွန်ရီယယ်နှင့် ဘယ်လ်ဂျီယံနောက်ခံလူ ဗာမယ်လန်းတို့မှာ ဒဏ်ရာပြဿနာများကြောင့် ပြီးခဲ့သည့်စနေနေ့က ကစားခဲ့သော အာဆင်နယ်-ဗီလာပွဲတွင် မပါဝင်နိုင်ခဲ့ပေ။ ယင်းပွဲတွင် နောက်ခံလူတစ်ဦးဖြစ်သူကီရန်ဂစ်ဘ်မှာ လေထဲမှဘောလုံးကိုခုန်တိုက်ရာမှ ဗီလာကစားသမားဝီမန်းနှင့်ခေါင်းချင်းထိခိုက်မိပြီး နဖူးကွဲသွားခဲ့သလို အခြားနောက်ခံလူတစ်ဦးဖြစ်သူဆက်ဂ်နာမှာလည်း ဘောလုံးကိုခေါင်းခုန်တိုက်ရာမှပြုတ်ကျ၍ လည်ပင်းတွင် ဒဏ်ရာရရှိခဲ့သည်။

ထို့ပြင် အခြားနောက်ခံလူတစ်ဦးဖြစ်သူကိုစီယယ်လ်နီမှာလည်း အငြင်းပွားဖွယ်ဖျက်ထုတ်မှုများကြောင့် (၂)ဝါ(၁)နီပြကာ ထုတ်ပယ်ခံရသဖြင့် အာဆင်နယ်အသင်း၏နောက်ပွဲစဉ်တွင် ပါဝင်ခွင့်ရမည်မဟုတ်ပေ။ ယင်းပွဲတွင် အာဆင်နယ်အသင်း၏ ကွင်းလယ်လူတစ်ဦးဖြစ်သူ ချမ်ဘာလိန်မှာလည်း ဒဏ်ရာရခဲ့၍ ပထမပိုင်းအပြီးတွင် လူစားလဲခဲ့ရသည်။ အာဆင်နယ်အသင်းတွင် ကွင်းလယ်လူ အာတီတာ၊ ဒီယာဘီအစရှိသူတို့မှာလည်း ဒဏ်ရာပြဿနာများရှိနေ၍ အသင်းတွင်ပါဝင်ကစားနိုင်ခြင်း မရှိသေးပေ။



နဖူးကွဲပြီးနောက် မြက်ခင်းပြင်ပေါ်လဲနေသည့် ကီရန်ဂစ်ဘ်အားတွေ့ရစဉ်

**အာဆင်နယ်အသင်း၏ နောက်တန်းကစားသမားများ**

| ကျောနံပါတ် | ကစားသမား | လူမျိုး |
|---|---|---|
| ၃ ✚ | ဆက်ဂ်နာ | ပြင်သစ် |
| ၄ | မာတီဆက်ကာ | ဂျာမနီ |
| ၅ ✚ | ဗာမယ်လန်း | ဘယ်လ်ဂျီယံ |
| ၆ ■ | ကိုစီယယ်လ်နီ | ပြင်သစ် |
| ၁၇ ✚ | မွန်ရီယယ် | စပိန် |
| ၂၅ | ယန်ကင်ဆန် | အင်္ဂလန် |
| ၂၈ ✚ | ကီရန်ဂစ်ဘ် | အင်္ဂလန် |

# မိုယက်စ်ကိုအေးစက်စွာဆက်ဆံခဲ့သော်လည်းမန်ယူတွင် ရွန်နီ ဆက်ရှိလိုသည်ဟု Daily Mail ဖော်ပြ

Photo : AFP



ပရီးမီးယားလိဂ်ရာသီအဖွင့် ဆွမ်ဆီး-မန်ယူပွဲကစားရန် ဆွမ်ဆီးအသင်း၏ လီဘာတီကွင်းအတွင်းရောက်ရှိလာသည့် ရွန်နီ



### ရွန်နီ၏မန်ယူသွင်းဂိုးမှတ်တမ်း

| ရာသီ | ပွဲ | ဂိုး |
|---|---|---|
| ၂၀၀၄-၀၅ | ၄၃ | ၁၇ |
| ၂၀၀၅-၀၆ | ၄၈ | ၁၉ |
| ၂၀၀၆-၀၇ | ၅၅ | ၂၃ |
| ၂၀၀၇-၀၈ | ၄၃ | ၁၈ |
| ၂၀၀၈-၀၉ | ၄၈ | ၂၀ |
| ၂၀၀၉-၁၀ | ၄၄ | ၃၄ |
| ၂၀၁၀-၁၁ | ၄၀ | ၁၆ |
| ၂၀၁၁-၁၂ | ၄၄ | ၃၄ |
| ၂၀၁၂-၁၃ | ၃၇ | ၁၆ |
| စုစုပေါင်း | ၄၀၂ | ၁၉၇ |

ပြီးခဲ့သည့် စနေနေ့က ကစားခဲ့သော ပရီးမီးယားလိဂ်ရာသီအဖွင့်ပွဲစဉ် ဆွမ်ဆီး-မန်ယူပွဲတွင် မန်ယူတိုက်စစ်မှူးဝိန်းရွန်နီသည် မန်ယူနည်းပြ မိုယက်စ်အား အေးစက်စွာဆက်ဆံခဲ့သော်လည်း သူ့အနေဖြင့် မန်ယူအသင်းတွင် ဆက်ကစားရန် ဆန္ဒရှိသည်ဟု ဗြိတိန်သတင်းစာ Daily Mail က ဖော်ပြခဲ့သည်။

မန်ယူအသင်းက (၄-၁)ဂိုးဖြင့် အဝေးကွင်းတွင် အနိုင်ရရှိခဲ့သော ယင်းပွဲ၌ ရွန်နီသည် ပွဲအစတွင် အရန်ကစားသမားတစ်ဦးအဖြစ်သာ ပါဝင်ခဲ့ရပြီး ပွဲချိန်(၆၁)မိနစ်မှ တောင်ပံကစားသမား ရိုင်ယန်ဂစ်၏နေရာကို အစားထိုးပါဝင်ကစားခဲ့ရခြင်းဖြစ်သည်။ လူစားမထိုးခင်အချိန်တွင် ကွင်းဘေးရှိ အရန်ခုံတန်း၌ မိုယက်စ်က ရွန်နီအား ကွင်းထဲတွင် ကစားရမည့်အနေအထားများနှင့်ပတ်သက်၍ ပြောဆိုမှုများ ပြုလုပ်ခဲ့သလို၊ ကွင်းထဲမဝင်ခင်အချိန်၌လည်း ကွင်းဘေးစည်းတွင် ရွန်နီအား အကြိမ်ကြိမ်မှာကြားမှုများ ပြုလုပ်ခဲ့သည်။ ရွန်နီသည် မိုယက်စ်၏ ပြောဆိုမှုများကို နားထောင်ခဲ့သော်လည်း တုံ့ပြန်ပြောဆိုမှု တစ်စုံတစ်ရာမလုပ်ခဲ့ဘဲ ရုပ်တည်ဖြင့်အေးစက်သည့်အမူအရာဖြင့်သာနေခဲ့သည်။

ကွင်းအတွင်း ပါဝင်ကစားချိန်၌ ရွန်နီသည် ဂိုးသွင်းခွင့်များ ရရှိအောင် ဖန်တီးပေးပို့မှုများ ပြုလုပ်ကာ ကြိုးစားကစားခဲ့သော်လည်း မန်ယူအသင်း၏ တတိယဂိုးကို ဗန်ပါစီ သွင်းယူချိန်၌လည်းကောင်း၊ စတုတ္ထဂိုးကို ဝဲလ်ဘက်သွင်းယူချိန်၌လည်းကောင်း အသင်းနှင့်အတူ အောင်ပွဲခံခြင်းမဟုတ်ဘဲ ကွင်းအတွင်း ဝေးရာနေရာ၌သာဖာသိဖာသာနေခဲ့ပြန်သည်။ သို့ဖြစ်ရာ ရွန်နီ၏ အနာဂတ်နှင့်ပတ်သက်၍ ပရိသတ်များက စိုးရိမ်မှုများရှိနေရာ Daily Mail သတင်းစာက ရွန်နီအနေဖြင့် မန်ယူအသင်းတွင်သာ ဆက်ကစားရန် ဆန္ဒရှိကြောင်း ဖော်ပြခဲ့ခြင်းဖြစ်သည်။ မန်ယူအသင်းနှင့်နီးစပ်သူတစ်ဦးက "ဝိန်း(ရွန်နီ)ဟာ လေ့ကျင့်ခန်းအစီအစဉ်တွေမှာ အပြင်းအထန်ပါဝင်လေ့ကျင့်နေပါတယ်။ သူ အသင်းမှာ ပါဝင်ကစားချင်နေပါတယ်။ အသင်းကလည်း သူ့ကိုရောင်းချဖို့ ဆန္ဒမရှိဘူးဆိုတာ သူသိပါတယ်" ဟု ပြောကြားခဲ့သည်။

မန်ယူနည်းပြ ဒေးဗစ်မိုယက်စ်ကလည်း ရွန်နီအနေဖြင့် လေ့ကျင့်ရေးကွင်းတွင် အပြင်းအထန်ကြိုးစားလေ့ကျင့်နေကြောင်း၊ ကြိုးစားသည့်မည်သည့်ကစားသမားမဆို အသင်းတွင် နေရာရရှိမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။ Daily Mail သတင်းစာ၏ ဖော်ပြချက်အရ ရွန်နီသည် မန်ယူအသင်းတွင် အနည်းဆုံး ယခုရာသီကုန်အထိ ရှိနေမည်ဖြစ်ကြောင်း သိရသည်။

## ရွန်နီအား ထပ်မံကမ်းလှမ်းရန် ချယ်လ်ဆီး စီစဉ်

ချယ်လ်ဆီးအသင်းနည်းပြ မော်ရင်ဟိုသည် ရွန်နီအားခေါ်ယူရန် ကြိုးပမ်းမှုကို လက်မလျှော့သေးဘဲ ထပ်မံကမ်းလှမ်းသွားရန် စီစဉ်နေကြောင်း သိရှိရသည်။ ပြီးခဲ့သည့် တနင်္ဂနွေနေ့ထုတ် People သတင်းစာ၏ဖော်ပြချက်အရ ချယ်လ်ဆီးအသင်းနည်းပြမော်ရင်ဟိုသည် ရွန်နီအား နောက် (၄၈)နာရီအတွင်း ပေါင်သန်း(၄၀)ဖြင့် ကမ်းလှမ်းရန် စီစဉ်နေသည်ဟု ဆိုသည်။

မော်ရင်ဟိုသည် ရွန်နီအား တစ်ပတ်လစာငွေပေါင်(၃)သိန်းအထိပေးကာ (၄)နှစ်စာချုပ် ချုပ်ဆိုရန် ပစ်မှတ်ထားနေပြီး တောရက်စ်၏ ကျောနံပါတ်(၉) ကိုပင် ရွန်နီအားပေးရန် ရည်ရွယ်ထားကြောင်း သိရှိရသည်။

## ဆွာရက်ဇ်နေရာ ရွန်နီအစားထိုး၍ အာဆင်နယ်ပစ်မှတ်ထား

အာဆင်နယ်အသင်းသည် လီဗာပူးလ်တိုက်စစ်မှူး လူးဝစ်ဆွာရက်ဇ်၏နေရာတွင် မန်ယူတိုက်စစ်မှူးဝိန်းရွန်နီကိုအစားထိုး၍ခေါ်ယူရန်ပစ်မှတ်ထားလျက်ရှိနေကြောင်းသိရှိရသည်။ အာဆင်နယ်အသင်းခေါ်ယူရန်ကြိုးပမ်းနေသော ဥရုဂွေးတိုက်စစ်မှူးဆွာရက်ဇ်သည် လီဗာပူးလ်အသင်းတွင်လေ့ကျင့်ခန်းပြန်ဆင်းနေပြီး အသင်းမှထွက်ခွာဖွယ်မရှိတော့သဖြင့် အာဆင်နယ်အသင်းသည် ရွန်နီကို ပစ်မှတ်ထားလာခြင်းဖြစ်ကြောင်း သိရသည်။ အာဆင်နယ်အသင်းသည် ယခုအပြောင်းအရွှေ့ကာလမပြီးဆုံးခင် ကြီးမားသည့်ခေါ်ယူမှုတစ်ခုပြုလုပ်ရန် စီစဉ်နေသည်။

## ရစ်ကီလမ်းဘတ်အား ပိုချက်တီနို ချီးကျူး

ဆောက်သမ်တန်အသင်းနည်းပြ ပိုချက်တီနိုက ပရီးမီးယားလိဂ်အဖွင့်ပွဲစဉ် ဝက်စ်ဘရွန်းနှင့်ပွဲတွင်တစ်လုံးတည်းသော အနိုင်ဂိုးကို ပယ်နယ်တီမှတစ်ဆင့်သွင်းပေးခဲ့သည့် ဆောက်သမ်တန်တိုက်စစ်မှူး ရစ်ကီလမ်းဘတ်အား ချီးကျူးပြောကြားခဲ့သည်။ ပြီးခဲ့သည့်ရာသီက ဆောက်သမ်တန်အသင်းအတွက် (၁၅)ဂိုးသွင်းပေးခဲ့သူ ရစ်ကီလမ်းဘတ်သည် အသင်းကြီးများ၏ စိတ်ဝင်စားမှုကို ခံနေရသူတစ်ဦးဖြစ်သည်။ ရစ်ကီလမ်းဘတ်သည် ပြီးခဲ့သည့်ဗုဒ္ဓဟူးနေ့က ကစားခဲ့သော အင်္ဂလန်-စကော့တလန်ခြေစမ်းပွဲစဉ်တွင်လည်း အသင်းအတွက် အနိုင်ဂိုးတစ်ဂိုးကို သွင်းယူပေးခဲ့သူလည်းဖြစ်သည်။

## ဝီလျံကို လီဗာပူးလ်ခေါ်ယူရန် နီးစပ်နေ

လီဗာပူးလ်အသင်းသည် ရုရှားကလပ် အန်ဇီအသင်း၏ တောင်ပံကစားသမား ဝီလျံအားခေါ်ယူရန် ကြိုးပမ်းနေရာ သဘောတူညီမှုရရှိရန် နီးစပ်နေပြီဖြစ်ကြောင်း သိရှိရသည်။ တိုက်စစ်အားသန်သူ ဝီလျံသည် ဘရာဇီးလ်လက်ရွေးစင်ကစားသမားတစ်ဦးလည်းဖြစ်ပြီး လီဗာပူးလ်အသင်းသည် ၎င်းအတွက် ပေါင်(၁၅)သန်းခန့်အသုံးပြုရဖွယ်ရှိကြောင်းလည်း သိရသည်။ အော်စကာ၊ ဒေးဗစ်လူးဝစ်ဇ်၊ ဆန်ဒရိုအစရှိသည့် ဘရာဇီးလ်အသင်းဖော်များရောက်ရှိနေသော ပရီးမီးယားလိဂ်တွင် ကစားရန် ဆန္ဒရှိနေကြောင်း ဝီလျံက ဝန်ခံထားပြီး ၎င်းကို နယူးကာဆယ်အသင်းကလည်း စိတ်ဝင်စားနေသည်။

## မန်ယူတွင်သာ ဘတ်တနာ ဆက်ရှိနေလို

မန်ယူအသင်း၏ ဘယ်နောက်ခံလူတစ်ဦးဖြစ်သူ အဲလက်ဘတ်တနာက သူသည်မန်ယူအသင်းတွင်သာဆက်ကစားရန် ဆန္ဒရှိနေကြောင်း ဝန်ခံပြောကြားခဲ့သည်။ ပြီးခဲ့သည့်နွေရာသီက ဟော်လန်ကလပ် ဗီတက်ဆီအသင်းမှပေါင်(၄)သန်းဖြင့်ရောက်ရှိလာသော ဘတ်တနာသည် မန်ယူအသင်းတွင် နောက်ခံလူ အီဗရာ၏ အရန်ကစားသမားအဖြစ်သာ ရှိနေရသူဖြစ်သည်။ အသင်းတွင် ပုံမှန်နေရာမရသည့် သူ့အား အငှားခေါ်ယူရန် ဘင်ဖီကာ၊ ဘက်ဆစ်တက်၊ အန်ဒါလက်ချ်၊ စတုဂတ်အသင်းများက စိတ်ဝင်စားနေကြောင်း သိရှိရသည်။

## ချယ်လ်ဆီး၌ လူးဝစ်ဇ်ဆက်ရှိမည်

ချယ်လ်ဆီးအသင်းနည်းပြ မော်ရင်ဟိုက အသင်းတွင် ဘရာဇီးလ်နောက်ခံလူဒေးဗစ်လူးဝစ်ဇ်ဆက်ရှိနေမည်ဖြစ်ကြောင်း အတည်ပြုပြောကြားခဲ့သည်။ ယခုနွေရာသီအပြောင်းအရွှေ့ကာလတွင် လူးဝစ်ဇ်အား ခေါ်ယူရန် ဘာစီလိုနာအသင်းက စိတ်ဝင်စားနေသည်ဟု သတင်းများထွက်ပေါ်နေရာ မော်ရင်ဟိုက ၎င်းအားရောင်းချရန်ဆန္ဒမရှိကြောင်းပြောကြားခဲ့သည်။ "သူဟာ ကမ္ဘာ့အကောင်းဆုံးနောက်ခံလူတွေထဲမှာ ပါဝင်သူပါ။ သူ့ကိုရောင်းချဖို့အစီအစဉ်မရှိပါဘူး" ဟု မော်ရင်ဟိုက ပြောကြားခဲ့သည်။

## ဖာဂူဆန်၏တန်ဖိုးကို ကာရေဂါသုံးသပ်

လီဗာပူးလ်အသင်း၏ နောက်ခံလူဟောင်းတစ်ဦးဖြစ်သူ ကာရေဂါက မန်ယူအသင်းအနေဖြင့် နည်းပြဖာဂူဆန်မရှိသည့်အတွက် အချို့သောနေရာများတွင် လစ်ဟာသွားလိမ့်မည်ဟု Daily Mail သတင်းစာရှိ သူ၏ဆောင်းပါးတွင်ရေးသားဖော်ပြခဲ့သည်။ ကာရေဂါက "အသင်းမှာ ဖာဂူဆန်ရှိနေတာဟာ ကစားသမားနောက်တစ်ယောက်ရှိနေသလိုပါပဲ။ သူဟာ အသင်းရဲ့ (၁၂)ယောက်မြောက်ကစားသမားပါ။ နောက်ပြီး သူတစ်ဦးတည်းရဲ့တန်ဖိုးက အသင်းကို အနည်းဆုံးရမှတ်(၁၀)မှတ်လောက် ထည့်သွင်းတွက်ချက်ရမှာပါ။ သူ့ရဲ့အရည်အသွေးတွေက အံ့မခန်းပါပဲ" ဟု ရေးသားခဲ့သည်။

## ဖူလ်ဟမ်ကစားသမား(၂)ဦး ဒဏ်ရာရ

ဆန်းဒါးလန်းအသင်းအား အဝေးကွင်းတွင် (၁-၀)ဂိုးဖြင့် အနိုင်ရရှိခဲ့သော ပရီးမီးယားလိဂ်အဖွင့်ပွဲစဉ်၌ ဖူလ်ဟမ်ကစားသမား (၂)ဦးမှာ ဒဏ်ရာရရှိခဲ့ကြောင်း သိရှိရသည်။ ဖူလ်ဟမ်နည်းပြမာတင်ဂျိုးလ်က ရာသီအဖွင့်ပွဲစဉ်ကို အနိုင်ဖြင့် စတင်နိုင်ခဲ့သည့်အတွက် ကျေနပ်ပျော်ရွှင်မိသော်လည်း အသင်း၏ ဂိုးသမားစတက်ကယ်လန်ဘတ်နှင့် နောက်ခံလူကီရန်ရစ်ချက်ဆန်တို့ ဒဏ်ရာရရှိခဲ့၍ စိတ်ပျက်ရကြောင်း ပြောကြားခဲ့သည်။ သို့ရာတွင် နှစ်ဦးစလုံး၏ ဒဏ်ရာများမှာ မပြင်းထန်သဖြင့် ရက်အနည်းငယ်သာ အနားယူရဖွယ်ရှိကြောင်း သိရှိရသည်။

## အီတလီဘောလုံးလောကအနှစ်(၂၀)ခန့် နောက်ကျနေပြီဟု ဒီရော့ဆီဝေဖန်

ရိုးမားအသင်းနှင့် အီတလီလက်ရွေးစင်ကွင်းလယ်လူ ဒီရော့ဆီက အီတလီဘောလုံးလောကသည် အနှစ်(၂၀)ခန့်နောက်ကျနေပြီဖြစ်ကြောင်း ဝေဖန်ခဲ့သည်။ ဒီရော့ဆီက အီတလီဘောလုံးအဆင့်အတန်းသည် အင်္ဂလန်ပရီးမီးယားလိဂ်၊ စပိန်လာလီဂါနှင့် ဂျာမန်ဘွန်ဒစ်လီဂါတို့၏နောက်တွင် များစွာပြတ်ကျန်ခဲ့ပြီဖြစ်ကြောင်း၊ မကြာမီအချိန်တွင်လည်း ပြင်သစ်လီဂူးမှကျော်တက်ရန် နီးစပ်နေပြီဖြစ်ကြောင်း ပြောကြားခဲ့သည်။ "ကျွန်တော်တို့နိုင်ငံရဲ့ဘောလုံးအဆင့်အတန်းက သိပ်မကောင်းတာအမှန်ပါ။ ကျွန်တော့်အထင်(၁၀)နှစ်နဲ့ အနှစ်(၂၀)ကြားနောက်ကျကျန်ခဲ့ပါပြီ"ဟုဒီရော့ဆီကဆိုခဲ့သည်။

## ဟွန်ဒါကို အလွတ်ပြောင်းရွှေ့ကြေးဖြင့် ရရှိရန် အေစီမီလန်မျှော်လင့်

အေစီမီလန်အသင်းသည် CSKA မော်စကိုအသင်းမှ ဂျပန်ကွင်းလယ်လူ ဟွန်ဒါအားရရှိရန်အတွက် လာမည့် ဇန်နဝါရီလအထိ စောင့်ဆိုင်းသွားဖွယ်ရှိနေကြောင်း သိရသည်။ ဟွန်ဒါနှင့် အေစီမီလန်အသင်းကြား ပုဂ္ဂိုလ်ရေးသဘောတူညီမှုများရရှိထားသော်လည်း CSKA မော်စကိုအသင်းက အေစီမီလန်အသင်းကမ်းလှမ်းသည့်ပြောင်းရွှေ့ကြေးယူရို(၅)သန်းထက်ပိုမိုအလိုရှိနေသဖြင့် အပြောင်းအရွှေ့မှာ ကြန့်ကြာနေခြင်းဖြစ်သည်။ ယခုအခါ အေစီမီလန်အသင်းက ဟွန်ဒါအတွက်ဆွေးနွေးမှုများထပ်မံပြုလုပ်ရန်တုံ့ဆိုင်းနေပြီး စာချုပ်သက်တမ်းမကုန်ခင် ဘော့စမန်စည်းမျဉ်းဖြင့် အလွတ်ခေါ်ယူဖွယ်ရှိနေသည်။

## လာမယ်လာအား ရောင်းပါက မန်ယူမှ နာနီအား ရိုးမားခေါ်ယူမည်

ရိုးမားအသင်းသည် အသင်း၏ကွင်းလယ်လူလာမယ်လာအား ရောင်းချခဲ့ပြီးပါက မန်ယူကွင်းလယ်လူနာနီနှင့် အစားထိုးသွားဖွယ်ရှိနေကြောင်း သိရသည်၊ လက်ရှိအချိန်တွင် လာမယ်လာအားခေါ်ယူရန် စပါးအသင်းကကြိုးပမ်းနေပြီး ယူရို(၃၅)သန်းမှသန်း(၄၀)ကြားပမာဏဖြင့် ကမ်းလှမ်းသွားရန် စီစဉ်နေကြောင်းသိရသည်။ နာနီသည် ယခုနှစ်ရာသီကုန်တွင် မန်ယူအသင်းနှင့်စာချုပ်သက်တမ်းကုန်ဆုံးတော့မည်ဖြစ်ပြီး ရိုးမားအသင်းက ယူရိုသန်း(၂၀)ဝန်းကျင်ဖြင့် စတင်ကမ်းလှမ်းသွားမည်ဖြစ်ကြောင်း သိရသည်။ နာနီသည် ဂျူဗင်တပ်စ်နှင့် အေစီမီလန်တို့၏စိတ်ဝင်စားခြင်းကိုလည်း ခံနေရသူဖြစ်သည်။

## TRANSFER NEWS

❐ ရိုးမားအသင်းသည် အင်တာနေစီယွန်နယ်အသင်းမှ ဥရုဂွေးယူ-၂၁တိုက်စစ်မှူး ဂွန်ဇာလိုဘူရီနိုအား ယူရို(၃.၅)သန်းဖြင့်ခေါ်ယူရန် စီစဉ်လျက်ရှိသည်။

❐ အင်တာမီလန်အသင်းမှ ရိုမေးနီးယားနောက်ခံလူ ချီဗူးသည် လက်ရှိစာချုပ်ကို ဖျက်သိမ်းကာ အသင်းမှထွက်ခွာရန် ဆန္ဒရှိနေကြောင်း သိရသည်။

❐ တန်းတက်ဗီရိုနာအသင်းသည် ဖီအိုရင်တီးနားအသင်းမှ အသက်(၂၆)နှစ်အရွယ်ကွင်းလယ်လူ ရိုမူလိုအား အငှားစာချုပ်ဖြင့် ခေါ်ယူနိုင်ခဲ့ကြောင်း သိရသည်။

❐ နာပိုလီအသင်းသည် ကာဂလီယာရီအသင်းမှ အီတလီလက်ရွေးစင်နောက်ခံလူ အက်စ်တိုရီအားယူရို(၁၃)သန်းဖြင့်(၄)နှစ်စာချုပ်ချုပ်ဆိုခေါ်ယူရန် သဘောတူညီမှုရခဲ့ကြောင်း သိရသည်။

❐ အင်တာမီလန်အသင်းနှင့် နာပိုလီအသင်းတို့သည် ဘာစီလိုနာအသင်းမှ အသက်(၂၂)နှစ်အရွယ်နောက်ခံလူ မွန်တိုယာအား ခေါ်ယူရန်အပြိုင်ကြိုးပမ်းလျက်ရှိသည်။

❐ ဂျီနိုအာအသင်းသည် ဥရုဂွေးလက်ရွေးစင်ကွင်းလယ်လူ ဒီယေဂိုပီရက်ဇ်အား (၂)နှစ်စာချုပ်ဖြင့် ခေါ်ယူနိုင်ခဲ့ကြောင်း သိရသည်။

❐ အက်သလက်တီကိုအသင်းသည် ရိုးမားတိုက်စစ်မှူးအော့စ်ဗယ်လ်ဒိုအား ယူရို(၁၀)သန်းနှင့် ကွင်းလယ်လူအက်ဒရီယန်တို့အားအလိုက်ပေးကမ်းလှမ်းခဲ့သည်။

❐ ဂျူဗင်တပ်စ်အသင်းတိုက်စစ်မှူး ကွာဂလီရယ်လာအား ခေါ်ယူရန် ကာတာကလပ် အယ်လ်ဂါရာဖာအသင်းက ယူရို(၇)သန်းဝန်းကျင်ဖြင့် ကမ်းလှမ်းခဲ့ကြောင်း သိရသည်။

## ဘာလိုတယ်လီ၏အပြုအမူများအတွက် ပုပ်ရဟန်းမင်းသတိပေး

ကစားသမားဘဝတစ်လျှောက် ပြဿနာများစွာ၊ ထူးခြားသည့်အပြုအမူများစွာ ဖန်တီးတတ်သူအဖြစ် နာမည်ကျော်ကြားသည့် အေစီမီလန်နှင့် အီတလီလက်ရွေးစင်တိုက်စစ်မှူး ဘာလိုတယ်လီသည် ပုပ်ရဟန်းမင်းကြီး ဖရန်ဆစ်၏သြဝါဒအား ခံယူခဲ့ကြောင်းသိရသည်။ ပြီးခဲ့သည့်တစ်ပတ်ဗုဒ္ဓဟူးနေ့က အီတလီနှင့် အာဂျင်တီးနားတို့ကစားခဲ့သည့် ခြေစမ်းပွဲမတိုင်မီ ပုပ်ရဟန်းမင်းကြီးသည် (၂)ဖက်အသင်းသားများအား ၎င်းသီတင်းသုံးရာVatican အတွင်းတွေ့ဆုံအမှာစကားပြောကြားပြီးဘာလိုတယ်လီကိုမူ သီးခြားတွေ့ဆုံခဲ့ခြင်းဖြစ်သည်။ ဘာလိုတယ်လီနှင့် ပုပ်ရဟန်းမင်းကြီးတို့နှစ်ဦးသားဆုံတွေ့သည့် ဓာတ်ပုံများပေါ်ထွက်လာခဲ့သော်လည်း ၎င်းတို့မည်သည့်အကြောင်းအရာများပြောကြားခဲ့သည်ဆိုခြင်းမှာ ပဟေဠိဖြစ်နေခဲ့ပြီး ယခုအခါ အီတလီသတင်းစာ Gazzetta delo Sport က ဖော်ပြခဲ့ခြင်းဖြစ်သည်။

ပုပ်ရဟန်းမင်းကြီးနှင့် ဘာလိုတယ်လီတို့သည် လူမျိုးရေးခွဲခြားမှုကိစ္စများကို ဆွေးနွေးခဲ့ကြပြီး ဘာလိုတယ်လီအား ကွင်းတွင်း၊ ကွင်းပြင်အပြုအမူများအတွက် ပုပ်ရဟန်းမင်းကြီးကသတိပေးခဲ့သည်။ ထို့ပြင် အရာရာတိုင်းအား ဒေါသရှေ့ထားပြီး မဆောင်ရွက်ရန် ဘာလိုတယ်လီအား ကတိခံခိုင်းခဲ့ကြောင်းလည်း သိရသည်။ ပုပ်ရဟန်းမင်းကြီး၏ သြဝါဒအား လိုက်နာမည်ဖြစ်ကြောင်း ဘာလိုတယ်လီက ပြန်လည် ကတိပြုခဲ့သလို၊ ယင်းကဲ့သို့ တွေ့ဆုံသြဝါဒခံယူခွင့်ရသည့်အတွက် အလွန်ဝမ်းမြောက်မိကြောင်း ၎င်း၏ Twitter စာမျက်နှာတွင် ရေးသားခဲ့သည်။ ဘာလိုတယ်လီနှင့် ပုပ်ရဟန်းမင်းကြီးတို့ဆုံတွေ့ချိန်မှာ (၅)မိနစ်ခန့်ကြာမြင့်ခဲ့ကြောင်းလည်း သိရသည်။




ပုပ်ရဟန်းမင်းကြီးနှင့်အတူတွေ့ရသည့် ဘာလိုတယ်လီ

# မာအူရီ၏ပွဲပယ်ပြစ်ဒဏ် အယူခံပယ်ချခံခဲ့ရပြီး စစ်ဆေးမှုများထပ်မံပြုလုပ်ရန် အစိုးရရှေ့နေတောင်းဆိုခဲ့

လုပ်ပွဲအရှုပ်အထွေးတွင် ပါဝင်ပတ်သက်ခဲ့သည်ဟူသောစွဲချက်ဖြင့် ဘောလုံးကစားခြင်းမှ (၆)လပွဲပယ်ခံခဲ့ရသူ လာဇီယိုအသင်းခေါင်းဆောင် ကွင်းလယ်လူ မာအူရီ၏အယူခံကို ဗဟိုတရားရုံးမှ ပယ်ချခဲ့ကြောင်း သိရသည်။ ပြီးခဲ့သည့်သောကြာနေ့က အစိုးရတရားသူကြီး(၈)ဦးပါဝင်သည့် စုံစမ်းစစ်ဆေးရေးကော်မတီကယင်းကဲ့သို့ပယ်ချခဲ့ခြင်းဖြစ်သည်။ ထို့ပြင်လုပ်ပွဲအရှုပ်အထွေးတွင် မာအူရီမည်မျှပါဝင်ပတ်သက်ခဲ့သည် ဆိုခြင်းကိုလည်း ထပ်မံစစ်ဆေးမှုများ ပြုလုပ်သွားရန် အစိုးရရှေ့နေများက တောင်းဆိုခဲ့သည်။

လက်ရှိအချိန်တွင် မာအူရီသည် ၂၀၁၁ ခုနှစ်အတွင်းက ကစားခဲ့သည့် လက်ချီ၊ ဂျီနိုအာတို့နှင့်ပွဲများတွင် လုပ်ပွဲပြုလုပ်မည်ကို သိရှိခဲ့သော်လည်း တာဝန်ရှိသူများအား အသိပေးရန်ပျက်ကွက်မှုကြောင့် (၆)လပွဲပယ်ပြစ်ဒဏ်ချမှတ်ခံခဲ့ရခြင်းလည်းဖြစ်သည်။ မူလက မာအူရီအား စွဲချက်တင်ခဲ့သည့် အစိုးရရှေ့နေများထဲတွင် တစ်ဦးအပါအဝင်ဖြစ်သည့် စတီဖာနိုပယ်လက်ဇီက (၄)နှစ်အထိပွဲပယ်ပြစ်ဒဏ်ချမှတ်ရန်တောင်းဆိုခဲ့ဖူးကြောင်း သိရသည်။ စတီဖာနိုပယ်လက်ဇီက "ကျွန်တော်တို့ဆီမှာ လုပ်ပွဲအရှုပ်အထွေးနဲ့ပတ်သက်ပြီး သက်သေတွေအများကြီးရှိပါတယ်။ ဒီထဲမှာလုပ်ပွဲ ဖန်တီးသူတွေရဲ့ မိနစ်အလိုက် ဓာတ်ပုံမှတ်တမ်းတွေလည်း ပါဝင်ပါတယ်။ မာအူရီလည်း လုပ်ပွဲအရှုပ်အထွေးထဲမှာ ပါဝင်ပတ်သက်သူတစ်ဦးဖြစ်နေနိုင်ပါတယ်။နောက်ထပ်စုံစမ်းစစ်ဆေးမှုတွေပြုလုပ်ပြီးရင် ပြစ်ဒဏ်ထပ်တိုး၊ မတိုးဆိုတာအဖြေပေါ်လာမှာပါ"ဟု ပြောကြားခဲ့သည်။

သို့သော် မာအူရီ၏ရှေ့နေဖြစ်သူဂျန်တီလီကမူ" မာအူရီက လုပ်ပွဲကစားခဲ့သူမဟုတ်ပါဘူး။ သတင်းပေးဖို့ ပျက်ကွက်ခဲ့ရုံသက်သက်ပါ။ သူဘာလုပ်ခဲ့တယ်ဆိုတာ အတိအကျမသိပေမယ့် အစိုးရရှေ့နေတွေ စွဲချက်တင်ထားသလိုမျိုးတော့ မဟုတ်ပါဘူး"ဟုငြင်းဆိုခဲ့သည်။ ရောမမြို့အခြေစိုက် Il Messaggero သတင်းစာ၏ ဖော်ပြချက်အရ လာမည့်တစ်ပတ်အတွင်း မာအူရီ၏ ဖြစ်ရပ်များအား စုံစမ်းစစ်ဆေးမှုများ ထပ်မံပြုလုပ်သွားမည်ဖြစ်ပြီး ယင်းစစ်ဆေးမှုများအပြီးတွင် မာအူရီ၏ပြစ်ဒဏ် အတိုးအလျှော့ဖြစ်လာနိုင်ဖွယ်ရှိနေကြောင်းသိရသည်။ မာအူရီသည် ယင်းပြစ်ဒဏ်ကြောင့် ပြီးခဲ့သည့်ဂျူဗင်တပ်စ်နှင့် အီတလီစူပါဖလားပြိုင်ပွဲကို လွဲချော်ခဲ့ရသည်။

### ၂၀၁၁ လုပ်ပွဲအရှုပ်အထွေးနှင့်ဆက်နွှယ်ပြီး နောက်ဆုံးချမှတ်ခဲ့သည့် ပြစ်ဒဏ်အချို့

| အသင်း | | လူပုဂ္ဂိုလ် | |
|---|---|---|---|
| ဂရော့ဆက်တို | တန်းဆင်းပြစ်ဒဏ် | ကွန်တီ(ဂျူဗီနည်းပြ) | (၄)လပွဲပယ် |
| နိုဗာရာ | (၂)မှတ်လျှော့ | အလက်စီယို(ဂျူဗီလက်ထောက်နည်းပြ) | |
| ဆီနာ | (၆)မှတ်လျှော့ | | (၂)လပွဲပယ် |
| | ဒဏ်ငွေယူရို(၂)သောင်း | ပေါ်တာနိုဗာ(ဂျီနိုအာနောက်ခံလူ) | (၄)လပွဲပယ် |
| တိုရီနို | (၁)မှတ်လျှော့ | ဘာတိုလိုမူတီ(နည်းပြဟောင်း) | (၄)လပွဲပယ် |
| | ဒဏ်ငွေယူရို(၃)သောင်း | အက်စ်ပိုဆီတို(ကစားသမား) | (၃)လပွဲပယ် |
| ဘာရီဆီ | (၁)မှတ်လျှော့ | ဂျီလတ်(တိုရီနိုဂိုး) | (၄၃)လပွဲပယ် |
| | ဒဏ်ငွေယူရို(၃)သောင်း | မာကိုရော့ဆီ(စီဆီနာနောက်ခံလူ) | (၁၉)လပွဲပယ် |




မာအူရီအား (၄)နှစ်အထိ ပွဲပယ်ပြစ်ဒဏ်ချမှတ်ရန် တောင်းဆိုခဲ့သည့် အစိုးရရှေ့နေ စတီဖာနိုပယ်လက်ဇီ(ပုံကြီး) ရောမမြို့အတွင်း နိုက်ကလပ်တစ်ခုတွင်တွေ့ရသည့် မာအူရီ(ပုံသေး-ဝဲစွန်)

First Eleven Sports Journal Vol:14 No.12 22, August, 2013

# လုပ်ပွဲပြဿနာကိုထိရောက်စွာမကိုင်တွယ်သည့် စပိန်ဘောလုံးအဖွဲ့ချုပ်ကို တီဘက်စ် ပြစ်တင်

စပိန်ပရော်ဖက်ရှင်နယ်ဘောလုံးအဖွဲ့ချုပ်(LFP) ဥက္ကဋ္ဌဂျာဗီယာတီဘက်စ်က စပိန်ဘောလုံးလောကအတွင်းမှ လုပ်ပွဲပြဿနာများကို ထိရောက်စွာကိုင်တွယ်ခြင်းမပြုဘဲ လျစ်လျူရှုနေသည့် စပိန်ဘောလုံးအဖွဲ့ချုပ် (RFEF) အားပြစ်တင်ဝေဖန်ခဲ့ကြောင်း သိရသည်။ ပြီးခဲ့သည့် ဘောလုံးရာသီ ဒုတိယနှစ်ဝက်အတွင်းက စပိန်အမှတ်ပေးပြိုင်ပွဲများတွင် လုပ်ပွဲအရှုပ်အထွေးများထွက်ပေါ်ခဲ့သည်။ ယင်းကဲ့သို့ ထွက်ပေါ်ခဲ့ခြင်းကို စပိန်အားကစားကောင်စီနှင့် စပိန်ပရော်ဖက်ရှင်နယ်ဘောလုံးအဖွဲ့ချုပ်(LFP)တို့က ပူးပေါင်းစစ်ဆေးရန် စီစဉ်ခဲ့ပြီး စပိန်ဘောလုံးအဖွဲ့ချုပ် (RFEF) ၏ပါဝင်ပတ်သက်မှုကို တီဘက်စ်က မကျေမနပ်ဖြစ်နေခြင်းလည်းဖြစ်သည်။

စပိန်ဘောလုံးအဖွဲ့ချုပ်(RFEF)သည် သတင်းများထွက်ပေါ်ခဲ့သည့် လုပ်ပွဲအရှုပ်အထွေးများအတွက် အရပ်ဘက်အဖွဲ့အစည်းများဖြင့်သာ စုံစမ်းစစ်ဆေးလျက်ရှိသည့်အတွက် တီဘက်စ်က ယခုကဲ့သို့ မကျေမနပ်ဝေဖန်ခဲ့ခြင်းဖြစ်သည်။ တီဘက်စ်က "နိုင်ငံဘောလုံးအဖွဲ့ချုပ်တစ်ခုအနေနဲ့ လုပ်ပွဲအရှုပ်အထွေးဖြေရှင်းရာမှာ ဒီထက်ပိုတဲ့ပါဝင်မှုမျိုးရှိသင့်တယ်လို့ ကျွန်တော်ထင်ပါတယ်။ လုပ်ပွဲအရှုပ်အထွေးအတွက် အရပ်ဖက်အဖွဲ့အစည်းတွေလောက်နဲ့ မလုံလောက်ပါဘူး။ ဖြစ်သင့်တာက ကျွန်တော်တို့ရရှိထားတဲ့ အချက်အလက်တွေကို အခြေခံပြီး အရေးယူမှုတွေပြုလုပ်သင့်ပါတယ်။ စပိန်ဘောလုံးလောကရဲ့လုပ်ပွဲအရှုပ်အထွေးမှာ ကလပ်အသင်းဒါရိုက်တာတွေလည်း ပါဝင်ပတ်သက်နေတာ စိုးရိမ်စရာပါ" ဟုပြောကြားခဲ့သည်။

ပြီးခဲ့သည့် ဩဂုတ်လ(၅)ရက်နေ့က စပိန်အားကစားဝန်ကြီးမီဂွယ်လ်ကာဒီနယ်လ်နှင့် တီဘက်စ်တို့သည် ၂၀၁၂-၁၃ဘောလုံးရာသီက ကစားခဲ့သည့် လာလီဂါပွဲ(၃)ပွဲနှင့် ဆီဂန်ဒါပွဲ(၆)ပွဲတို့အား လုပ်ပွဲဟုတ်၊ မဟုတ်စစ်ဆေးသွားမည်ဖြစ်ကြောင်းကြေညာခဲ့သည်။ ယင်းပွဲများမှာ လီဗန်တေး-ဒီပိုတီဗို၊ လီဗန်တေး-ဆယ်လ်တာဗီဂို၊ ဇာရာဂိုဇာ-ဘီလ်ဘာအို လာလီဂါ(၃)ပွဲနှင့် ဟာကျူလက်စ်-ဆာဘာဒယ်၊ ဟူစကာ-ဆာဘာဒယ်၊ ရေးဆင်း-ဂျီရိုနာ၊ ဂျီရိုနာ-ဇီရက်ဇ်၊ ရေးဆင်း-ဟာကျူလက်စ်၊ ကော်ဒိုဘာ-ဇီရက်ဇ် ဆီဂန်ဒါ(၆)ပွဲတို့ဖြစ်ကြောင်း သိရသည်။

### လုပ်ပွဲပြဿနာများအတွက် အဖွဲ့ချုပ်ဥက္ကဋ္ဌမာရီယာဗီလားတုံ့ပြန်

စပိန်ဘောလုံးအဖွဲ့ချုပ်(RFEF) ဥက္ကဋ္ဌအိန်ဂျယ်မာရီယာဗီလားက တုံ့ပြန်ပြောဆိုမှုများ ပြန်လည်ပြုလုပ်ခဲ့သည်။ မာရီယာဗီလားက " စပိန်ဘောလုံးလောကဟာ အံ့အားသင့်စရာအခြေအနေမျိုးမှာ ရှိနေပြီး ကြီးမားတဲ့အမှားအယွင်းရှိနေတယ်လို့ မထင်ပါဘူး"ဟု ပြောကြားခဲ့သည်။ ၁၉၈၈ ခုနှစ်မှစတင်ကာ စပိန်ဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌရာထူးကိုရယူထားသူ အိန်ဂျယ်မာရီယာဗီလားသည် လက်ရှိအချိန်တွင် လာလီဂါပြိုင်ပွဲအမှတ်ပေးဇယားထိပ်ဆုံး(၈)သင်းအား ရွေးထုတ်စနစ်ဖြင့်ပြန်လည်ကစားကာ ဖိုလ်စွဲသည့်အသင်းအား လာလီဂါချန်ပီယံအဖြစ်သတ်မှတ်မည့် ပြိုင်ပွဲပုံစံအသစ်ကို ကျင်းပရန်စဉ်းစားနေကြောင်းလည်း သိရသည်။



စပိန်ပရော်ဖက်ရှင်နယ်ဘောလုံးအဖွဲ့ချုပ်(LFP)ဥက္ကဋ္ဌ ဂျာဗီယာတီဘက်စ်

### စာချုပ်သစ်ကိစ္စ စီရော်နယ်လ်ဒို မစိုးရိမ်

ရီးယဲလ်မက်ဒရစ်အသင်း၏ ကြယ်ပွင့်ကစားသမား စီရော်နယ်လ်ဒိုက အသင်းနှင့် စာချုပ်သစ်ကိစ္စမပြေလည်သေးခြင်းကို စိုးရိမ်မှုမရှိကြောင်းပြောကြားခဲ့သည်။ စီရော်နယ်လ်ဒိုက" လက်ရှိစာချုပ်သက်တမ်း(၂)နှစ်ကျန်ရှိနေသေးချိန်မှာ စာချုပ်သစ်ကိစ္စက အရေးတကြီးစဉ်းစားစရာမဟုတ်သေးပါဘူး။ အရာအားလုံးက သူ့အစီအစဉ်အတိုင်းသူဖြစ်သွားမှာပါ။သေချာတာက ကျွန်တော်ဒီမှာ ပျော်ရွှင်နေပါတယ်"ဟုပြောကြားခဲ့သည်။ ထို့အပြင် စီရော်နယ်လ်ဒိုကပြီးခဲ့သည့်ရာသီက စပိန်ဘုရင့်ဖလားတစ်လုံးသာရယူနိုင်ခဲ့သည့်အတွက်စိတ်ပျက်မိကြောင်းနှင့် လက်ရှိရာသီတွင် လာလီဂါဖလားနှင့်ချန်ပီယံလိဂ်ဖလားတို့ကိုအရယူသွားမည်ဖြစ်ကြောင်းကြုံးဝါးခဲ့သည်။

### ပေါ်တိုနောက်ခံလူ(၂)ဦးကိုဘာစီလိုနာချိန်ရွယ်

ဘာစီလိုနာအသင်းသည် ပေါ်တိုအသင်းမှ နောက်ခံလူ (၂)ဦးဖြစ်သည့် အော်တာမန်ဒီနှင့် မန်ဂလာတို့အားခေါ်ယူရန်ချိန်ရွယ်နေကြောင်းသိရသည်။ လီဗာပူးလ်နောက်ခံလူ အဂ္ဂါနှင့် ချယ်လ်ဆီးနောက်ခံလူ လူးဝစ်ဇ်တို့အားခေါ်ယူရန်အဆင်မပြေဖြစ်ခဲ့ပြီးနောက် ပေါ်တိုကစားသမား(၂)ဦးအား ပြောင်းလဲပစ်မှတ်ထားနေခြင်းလည်းဖြစ်သည်။ သို့သော်လည်း ဘာစီလိုနာအသင်းသည် အဆိုပါကစားသမား(၂)ဦးထဲမှ တစ်ဦးကိုသာ ကမ်းလှမ်းသွားဖွယ်ရှိနေကြောင်းသိရသည်။ ဘာစီလိုနာအသင်းခံစစ်ပိုင်း၌ ပူယိုးလ်၊ ပီကေးစသူတို့ ဒဏ်ရာပြဿနာများ မကြာခဏကြုံတွေ့နေခြင်းအတွက်ယခုကဲ့သို့ စီစဉ်နေခြင်းဖြစ်သည်။

### BRIEF

❒ ရီးယဲလ်မက်ဒရစ်အသင်းမှ ပေါ်တူဂီနောက်ခံလူ ကွန်ထရာအိုက လက်ရှိအချိန်တွင်အသင်းမှထွက်ခွာရန်စဉ်းစားနေပြီဖြစ်ကြောင်းဝန်ခံခဲ့သည်။

❒ မာလာဂါအသင်းသည် စပါးအသင်းမှထွက်ခွာခဲ့ပြီးနောက် အသင်းလက်မဲ့ဖြစ်နေသူ အင်္ဂလန်တိုက်စစ်မှူး ဘန့်တလေအား ခေါ်ယူရန် ကြိုးပမ်းသွားမည်ဖြစ်ကြောင်း သိရသည်။

❒ ဆီဗီလာအသင်းသည် လီဗန်တေးအသင်းမှ အသက်(၂၅)နှစ်အရွယ်ကွင်းလယ်လူ ဗီဆင်တေးအီဘိုရာအား ယူရို(၆)သန်းဖြင့်ခေါ်ယူနိုင်ခဲ့ကြောင်းသိရသည်။

❒ အာဆင်နယ်နှင့် လီဗာပူးလ်အသင်းတို့မှခေါ်ယူရန် စိတ်ဝင်စားခြင်းခံနေရသည့် အက်သလက်တီကိုအသင်း ကွင်းလယ်လူ အာဒါတူရန်သည် ပရီးမီးယားလိဂ်သို့ပြောင်းရွှေ့ကစားဖွယ်ရှိနေကြောင်း ၎င်း၏အေးဂျင့်ကပြောကြားခဲ့သည်။

## Marca ၏ စစ်တမ်း၌ လာလီဂါချန်ပီယံဆုအတွက် ရီးယဲလ်အသင်း မဲအများဆုံးပေးခံရ

၂၀၁၃-၁၄ဘောလုံးရာသီ လာလီဂါပြိုင်ပွဲ၏ ချန်ပီယံဆုအတွက် အွန်လိုင်းမှတဖတ်သူပရိသတ်များအား စပိန်သတင်းစာ Marca မှစစ်တမ်းကောက်ယူခဲ့ရာ ရီးယဲလ်အသင်းက ချန်ပီယံဆုအတွက် မဲအရေအတွက်အများဆုံးပေးခံခဲ့ရကြောင်း သိရသည်။

Marca ၏စစ်တမ်းတွင် ဝင်ရောက်မဲပေးခဲ့သူ ပရိသတ်ဦးရေ(၄)သောင်းခွဲကျော်ရှိခဲ့ပြီး ရီးယဲလ်အသင်းကမဲအရေအတွက် (၅၀)ရာခိုင်နှုန်းကျော်ကို ရရှိခဲ့ခြင်းဖြစ်သည်။ ချန်ပီယံဆုရရှိနိုင်သည့်အသင်းများအဖြစ် ပရိသတ်များသတ်မှတ်ခဲ့သည့်အသင်းများမှာ (၄)သင်းသာရှိခဲ့ကြောင်းလည်းသိရပြီး ယင်းအသင်းများမှာ ရီးယဲလ်၊ လက်ရှိချန်ပီယံ ဘာစီလိုနာ၊ အက်သလက်တီကိုနှင့် ဗလင်စီယာအသင်းတို့ဖြစ်ကြောင်း သိရသည်။

မဲအများဆုံးပေးခံရသည့် ရီးယဲလ်အသင်း၏နောက်တွင် ဘာစီလိုနာအသင်းကမဲအရေအတွက် (၄၀)ရာခိုင်နှုန်းသာရရှိခဲ့ပြီး ယင်းကဲ့သို့ဖြစ်ရခြင်းမှာ ဘာစီလိုနာနည်းပြသစ် တာတာမာတီနို၏ စွမ်းဆောင်ရည်ကို သံသယဖြစ်ခြင်းကြောင့်ဟု ပရိသတ်အများစုက မှတ်ချက်ပေးခဲ့ကြသည်။ တတိယနေရာတွင် အက်သလက်တီကိုအသင်းက ရပ်တည်နေပြီး မဲအရေအတွက်(၅)ရာခိုင်နှုန်းရရှိခဲ့ကာ ဗလင်စီယာအသင်းမှာမူ မဲအရေအတွက်(၄)ရာခိုင်နှုန်းသာ ရရှိခဲ့သည်။ ယမန်နှစ်ရာသီက ကောက်ယူခဲ့သော Marca ၏စစ်တမ်းတွင် ဘာစီလိုနာအသင်းက ချန်ပီယံဆုအတွက် မဲအများဆုံးပေးခံခဲ့ရပြီး ရီးယဲလ်အသင်းကဒုတိယ၊ အက်သလက်တီကိုအသင်းက တတိယနှင့် ဗလင်စီယာအသင်းက စတုတ္ထအများဆုံးမဲပေးခံခဲ့ရကြောင်း သိရသည်။

**ချန်ပီယံဆုအတွက် ပရိသတ်များ၏ မဲပေးမှုရာခိုင်နှုန်း**

| အသင်း | ရာခိုင်နှုန်း |
|---|---|
| ရီးယဲလ် | ၅၁ |
| ဘာစီလိုနာ | ၄၀ |
| အက်သလက်တီကို | ၅ |
| ဗလင်စီယာ | ၄ |

**ဝီလျံဟေးလ်မှ ထုတ်ပြန်ထားသည့် ဖိုလ်စွဲရန် အလေးပေးမှုများ**

| အသင်း | အလေးပေးမှု |
|---|---|
| ဘာစီလိုနာ | ၈ : ၁၁ |
| ရီးယဲလ် | မထုတ်ပြန် |
| အက်သလက်တီကို | ၆၆ : ၁ |
| ဗလင်စီယာ | ၂၀၀ :၁ |

# MMA ပြိုင်ပွဲတွင် အမေရိကန်နိုင်ငံသား ရှဒရစ်ဂွတ်ရစ်ဒ်ကို အနိုင်ယူပြီးနောက် ပြည်တွင်းငြိမ်းချမ်းရေးအတွက်ဆက်တိုက်လှူဒါန်းသွားမည်ဟု အောင်လအန်ဆိုင်း ဆို



အောင်လအန်ဆိုင်းကို ရှုံးနိမ့်ခဲ့သည့် ရှဒရစ်ဂွတ်ရစ်ဒ်



"မြန်မာစပါးအုံး" (The Burmese Python) ဟု MMA လောကတွင်ရေပန်းစားနေသည့် အောင်လအန်ဆိုင်း

ဘက်စုံသုံးကိုယ်ခံပညာ (Mixed Martial Arts-MMA) ပြိုင်ပွဲတစ်ရပ်ကို အမေရိကန်နိုင်ငံ၊ နယူးဂျာစီပြည်နယ်ရှိ ဘော်ဂါတာဟိုတယ် (Borgata Hotel)တွင် ပြီးခဲ့သည့် ဩဂုတ်လ(၁၈)ရက်က ကျင်းပပြုလုပ်ခဲ့ရာ ယင်းပြိုင်ပွဲကိုဝင်ရောက်ယှဉ်ပြိုင်ခဲ့သည့် မြန်မာနိုင်ငံမှ ကချင်လူမျိုးဖြစ်သူ အောင်လအန်ဆိုင်းက ပြိုင်ဘက် အမေရိကန်နိုင်ငံသား ရှဒရစ်ဂွတ်ရစ်ဒ် (Shedrick Goodridge) ကို အနိုင်ရရှိခဲ့ကြောင်း သိရသည်။ ယင်းပွဲအပြီးတွင် ကချင်လူမျိုးဖြစ်သူ အောင်လအန်ဆိုင်းက ပြည်တွင်းငြိမ်းချမ်းရေးအတွက် ၎င်း၏ထိုးသတ်ကြေးငွေများကို အမြဲမပြတ် ဆက်တိုက်လှူဒါန်းနေဦးမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

> ကျွန်တော်ဟာ နာမည်ကြီးနိုင်ငံရေးသမားတစ်ယောက်မဟုတ်သလို၊ ချမ်းသာကြွယ်ဝတဲ့သူလည်း မဟုတ်ပါဘူး။ ဒါပေမဲ့ အသိဉာဏ်ကြွယ်ဝဖို့တော့ အမြဲကြိုးစားနေသူတစ်ဦးပါ။ အခုထက်လည်း ပိုပြီးလှူဒါန်းသွားနိုင်ဖို့ ဆန္ဒပြုပါတယ်. . .

"ချောကလက်မိုးကြိုး" (Chocolate Thunder) ဟု နာမည်ပြောင်ဖြင့် MMA လောကတွင် ထင်ပေါ်ကျော်ကြားသည့် ရှဒရစ်ဂွတ်ရစ်ဒ်နှင့် အောင်လအန်ဆိုင်းတို့သည် ဝဲလ်သာဝိတ်တန်းပွဲစဉ်အဖြစ် ယှဉ်ပြိုင်ထိုးသတ်ခဲ့ရာတွင် အောင်လအန်ဆိုင်းက ဒုတိယအချီ(၁)မိနစ်(၄၄)စက္ကန့်၌ ရှဒရစ်ဂွတ်ရစ်ဒ်၏ လည်ပင်းကို အမိအရ ချုပ်ကိုင်ထားနိုင်သောကြောင့် အနိုင်ရရှိခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ အရပ်(၆)ပေ(၂)လက်မရှိသည့် ရှဒရစ်ဂွတ်ရစ်ဒ်သည် အောင်လအန်ဆိုင်းနှင့် ယှဉ်ပြိုင်ထိုးသတ်သည့် ယခုပွဲမှာ သူ၏(၉)ပွဲမြောက်ပြိုင်ပွဲဖြစ်ပြီး(၃)ပွဲနိုင်၊ (၆) ပွဲရှုံးနိမ့်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ အသက်(၂၈)နှစ်အရွယ်ရှိ အောင်လအန်ဆိုင်းသည် ပြီးခဲ့သည့် ဧပြီလအတွင်းက အမေရိကန်နိုင်ငံသားပင်ဖြစ်သည့် ကေလီဘက်ကာ (Kyle Baker) ကို ပထမအချီ၌ အနိုင်ရရှိခဲ့ပြီးနောက် ယခုမှ ပြန်လည်ထိုးသတ်ခြင်းဖြစ်ကြောင်း သိရသည်။ အောင်လအန်ဆိုင်းသည် ရှဒရစ်ဂွတ်ရစ်ဒ်နှင့်ပွဲအပြီးတွင် MMA လောက၌(၂၂)ပွဲကစား၊ (၁၄)ပွဲနိုင်၊ (၈)ပွဲရှုံးနိမ့်ထားကြောင်း သိရသည်။ အောင်လအန်ဆိုင်းက MMA Weekly နှင့်တွေ့ဆုံရာတွင် "သူ့(ရှဒရစ်ဂွတ်ရစ်ဒ်)ရဲ့ခေါင်းကို ကျွန်တော် ခြေတွေနဲ့ ပစ်ကန်ခဲ့ပါတယ်။ သူဟာ ကျွန်တော့်ရဲ့ထိုးနက်ချက်တွေနဲ့ ကန်ချက်တွေကို မကာကွယ်နိုင်ခဲ့ပါဘူး။ ဒါဟာ စိတ်ပျက်စရာပါဘဲ။ ကျွန်တော်က အပြန်အလှန်ထိုးသတ်ရတာကို သဘောကျနှစ်ခြိုက်သူပါ။ ကျွန်တော် ဒီ MMA ပြိုင်ပွဲတွေကနေ ထိုးသတ်လို့ရတဲ့ငွေကြေးတွေနဲ့ ပြည်တွင်းငြိမ်းချမ်းရေးအတွက် အမြဲလှူဒါန်းနေခဲ့ပါတယ်။ ဒါပေမဲ့ အခုအချိန်အထိတော့ တစ်စုံတစ်ရာအပြောင်းအလဲရှိမလာသေးပါဘူး။ ဒါပေမဲ့ကျွန်တော်ကတော့ ရှေ့လျှောက်လည်း ဆက်တိုက်လှူဒါန်းသွားဖို့ ဆန္ဒရှိပါတယ်။ ကျွန်တော်ဟာ နာမည်ကြီးနိုင်ငံရေးသမားတစ်ယောက်မဟုတ်သလို၊ ချမ်းသာကြွယ်ဝတဲ့သူလည်း မဟုတ်ပါဘူး။ ဒါပေမဲ့ အသိဉာဏ်ကြွယ်ဝဖို့တော့ အမြဲကြိုးစားနေသူတစ်ဦးပါ။အခုထက်လည်း ပိုပြီးလှူဒါန်းသွားနိုင်ဖို့ ဆန္ဒပြုပါတယ်"ဟု ပြောကြားခဲ့သည်။

## MNL Cup ပြိုင်ပွဲအတွက် အုပ်စုများခွဲဝေ

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်(MFF)သည် ၂၀၁၃ MNL Cup ပြိုင်ပွဲအတွက် အုပ်စုများခွဲဝေခြင်းအခမ်းအနားကို ပြီးခဲ့သည့်ဩဂုတ်(၁၆)ရက်က MFF ရုံးအစည်းအဝေးခန်းမ၌ ပြုလုပ်ခဲ့ကြောင်းသိရသည်။

အုပ်စု(က၊ YUSC) - နေပြည်တော်၊ ဇွဲကပင်၊ ဟံသာဝတီ၊ Best Utd

အုပ်စု(ခ၊ ပဒုမ္မာ) - ဧယျာဝတီ၊ ရှေ့မြေ၊ ရောဝတီ၊ မနောမြေ၊ မြဝတီ

အုပ်စု(ဂ၊ KBZ) - KBZ၊ မကွေး၊ Southern Myanmar၊ GFA

အုပ်စု(ဃ၊ ဗထူး) - ရတနာပုံ၊ ရန်ကုန်၊ ရခိုင်၊ ချင်း

## လက်ရွေးစင်အသင်း ဩဂုတ်(၂၁)တွင်လေ့ကျင့်မည်

ဟောင်ကောင်လက်ရွေးစင်အသင်းနှင့်ခြေစမ်းပွဲအတွက် မြန်မာ့လက်ရွေးစင်အသင်းသည် လာမည့်ဩဂုတ်(၂၁)ရက်မှစ၍ လေ့ကျင့်မှုများပြုလုပ်မည်ဖြစ်ကြောင်းသိရသည်။ မြန်မာ့လက်ရွေးစင်အသင်းနှင့် ဟောင်ကောင်လက်ရွေးစင်အသင်းတို့သည် လာမည့်စက်တင်ဘာ(၆)ရက်တွင် ရန်ကုန်မြို့ရှိ သုဝဏ္ဏကွင်း၌ ခြေစမ်းကစားကြမည်ဖြစ်သည်။ မြန်မာ့လက်ရွေးစင်အသင်းကို နည်းပြချုပ် - ဦးဆန်းဝင်း၊ လ/ထနည်းပြ - ဦးမင်းဇော်ဦး၊ ဂိုးနည်းပြ - ဦးအောင်ကျော်ကျော်တို့က တာဝန်ယူနေလျက်ရှိသည်။

## မြန်မာတိုက်ကွမ်ဒိုအဖွဲ့ ကိုရီးယား၌ လေ့ကျင့်မည်

၂၀၁၃ ဆီးဂိမ်းစ်ပြိုင်ပွဲအတွက် ရည်ရွယ်၍ မြန်မာတိုက်ကွမ်ဒိုအားကစားအဖွဲ့သည် တောင်ကိုရီးယားနိုင်ငံသို့သွားရောက်၍ (၂)လကြာ နေထိုင်လေ့ကျင့်မည်ဖြစ်ကြောင်းသိရသည်။မြန်မာတိုက်ကွမ်ဒိုအဖွဲ့သည် လာမည့်ဩဂုတ်(၂၄)ရက်တွင် ထွက်ခွာမည်ဖြစ်ပြီး အောက်တိုဘာလကုန်အထိ တောင်ကိုရီးယားနိုင်ငံ၌ နေထိုင်လေ့ကျင့်မည်ဖြစ်ကြောင်းသိရသည်။ မြန်မာတိုက်ကွမ်ဒိုအဖွဲ့တွင် အတိုက်ကစားသမား(၁၆)ဦး၊ ကကွက်ကစားသမား(၆)ဦးလိုက်ပါသွားမည်ဖြစ်ပြီး ဆိုးလ်နှင့်အင်ချွန်းမြို့တို့တွင်နေထိုင်လေ့ကျင့်မည်ဖြစ်သည်။

## ယူ-၂၃အသင်း ကစားသမား(၂)ဦး အပြောင်းအလဲပြုလုပ်

၂၀၁၃ ဆီးဂိမ်းစ်ပြိုင်ပွဲအတွက် ရည်ရွယ်၍ လေ့ကျင့်မှုများပြုလုပ်နေသည့် မြန်မာယူ-၂၃အသင်းသည် ပြီးခဲ့သည့်ဩဂုတ်(၁၈)ရက်က ကစားသမား(၂)ဦးကို အပြောင်းအလဲပြုလုပ်ကာ အစားထိုးလဲလှယ်ခဲ့ကြောင်းသိရသည်။



မြန်မာယူ-၂၃အသင်း၌ရွေးချယ်ခံခဲ့ရသည့် ရန်ကုန်မှ ဇာနည်ထက်

မြန်မာယူ-၂၃အသင်းသည် ပြီးခဲ့သည့်ဩဂုတ်(၁၇)ရက်၊ ညနေပိုင်းကနစ်ဖက်ခွဲ၍ခြေစမ်းကစားခဲ့ပြီး ရခိုင်ယူနိုက်တက်အသင်းမှ ကွင်းလယ်လူ မောင်မောင်သန့်နှင့် နောက်တန်းလူ ကောင်းမြတ်ဦးတို့၏ခြေစွမ်းကို နည်းပြချုပ်ဖြစ်သူပတ်ဆောင်ဟွာက ကျေနပ်အားရခြင်းမရှိသောကြောင့် လဲလှယ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ ၎င်းတို့(၂)ဦးနေရာတွင် ဧယျာရှေ့မြေမှ မျိုးမင်းဇော်နှင့် ရန်ကုန်ယူနိုက်တက်မှ ဇာနည်ထက်တို့ကို အစားထိုးဖြည့်တင်းရွေးချယ်ခဲ့ကြောင်း သိရသည်။

First Eleven Sports Journal Vol:10 No.33 14, April, 2013

ကမ္ဘာ့တံခွန်စိုက်ဘီလိယက်ပြိုင်ပွဲမှာ (၈)ကြိမ်ဖိုလ်စွဲခဲ့ပြီး နောက်ဆုံးကျင်းပခဲ့တဲ့ ၂၀၁၂ ကမ္ဘာ့တံခွန်စိုက်ပြိုင်ပွဲတွင် ဒုတိယရရှိထားသူ အင်္ဂလိပ်လူမျိုးနာမည်ကြီးဘီလိယက်သမား မိုက်ရက်ဆဲလ်ဟာ ဩဂုတ်လ(၁၀)ရက်မှ (၁၉)ရက်အထိ မြန်မာ့လက်ရွေးစင်ဘီလိယက်သမားတွေရဲ့နည်းပြအဖြစ် တာဝန်ယူဆောင်ရွက်ပေးခဲ့ပြီး သူ့ရဲ့ပညာတွေကို မျှဝေပေးခဲ့ပါတယ်။ နေပြည်တော်၊ လယ်ဝေးမှာရှိတဲ့ အားကစားလေ့ကျင့်ရေးစခန်း(၂)မှာ မြန်မာ့လက်ရွေးစင်ဘီလိယက်သမားတွေကို သင်ကြားပြသပေးနေသူ မိုက်ရက်ဆဲလ်ဆီသွားရောက်က တွေ့ဆုံမေးမြန်းခဲ့ရာမှာတော့ . . .

# "မြန်မာဘီလိယက်သမားတွေ ဆီးဂိမ်းစ်မှာရွှေတံဆိပ်မလွဲနိုင်ပါဘူး"

## ကမ္ဘာ့ချန်ပီယံအင်္ဂလိပ်ဘီလိယက်သမား မိုက်ရက်ဆဲလ်နှင့်တွေ့ဆုံခြင်း

ဂိုးညီ



**မေး** - မြန်မာနိုင်ငံကိုလာရောက်ပြီး မြန်မာဘီလိယက်သမားတွေရဲ့နည်းပြအဖြစ် ဆောင်ရွက်ဖို့အဓိကကျတဲ့ အကြောင်းအရင်းကို သိချင်ပါတယ်။

**ဖြေ** - ကျွန်တော့်ကို ဒေါက်တာမင်းနိုင်က မြန်မာနိုင်ငံလာချင်လားလို့မေးပါတယ်။ ကျွန်တော်က လာချင်တယ်။ ဒါပေမဲ့ စာချုပ်ရှိနေတယ်။ ကျွန်တော်နဲ့စာချုပ်ချုပ်ထားတဲ့ မစ္စတာမူဘာရက်(အာရှဘီလိယက်အတွင်းရေးမှူး)ဆီကို ဆက်သွယ်ဖို့ပြောလိုက်တယ်။ ဒေါက်တာမင်းနိုင်နဲ့ မစ္စတာမူဘာရက်တို့ရဲ့ ဆွေးနွေးမှုအဆင်ပြေပြီး ကျွန်တော်လည်း မြန်မာနိုင်ငံကို လာခွင့်ရခဲ့တာပါ။ ကျွန်တော်ကိုယ်တိုင်ကလည်း မြန်မာဘီလိယက်ကစားသမားတွေကို စိတ်ဝင်စားတာလည်းပါပါတယ်။

**မေး** - မြန်မာဘီလိယက်သမားတွေအပေါ် စိတ်ဝင်စားမှုရှိတယ်ဆိုတော့ မြန်မာဘီလိယက်သမားတွေအကြောင်း ကြိုသိထားတာရှိသလား။

**ဖြေ** - ၂၀၁၀ ကမ္ဘာ့တံခွန်စိုက်ပြိုင်ပွဲတုန်းက မြန်မာဘီလိယက်သမား(၂)ယောက်နဲ့ ဆုံတွေ့ယှဉ်ပြိုင်ခဲ့ဖူးတယ်။ မြန်မာဘီလိယက်သမားတွေကို နိုင်ငံတကာပြိုင်ပွဲတွေမှာ မြင်တွေ့ရတော့ သူတို့ရဲ့အရည်အချင်းကို ခန့်မှန်းလို့ရတယ်။ နာမည်ကြီးနည်းပြမရှိဘဲနဲ့တောင် သူတို့တွေ ထူးထူးချွန်ချွန်ကစားနိုင်ကြတယ်။ သူတို့ကိုသာ နည်းပြခွင့်ရမယ်ဆိုရင် အောင်မြင်မှုတွေပိုမိုရရှိလိမ့်မယ်လို့လည်း ယုံကြည်ခဲ့တယ်။

**မေး** - အရှေ့တောင်အာရှဒေသရဲ့ ဘီလိယက်အဆင့်အတန်းကို ဘယ်လိုမြင်ပါသလဲ။

**ဖြေ** - Short Frame (အမှတ် ၁၀၀ပွဲစဉ်) တွေမှာ အရှေ့တောင်အာရှဘီလိယက်သမားတွေက ကမ္ဘာ့အဆင့်လို့ ပြောလို့ရတယ်။ အချိန်နဲ့ယှဉ်ပြိုင်ရတဲ့ Time Format ပွဲစဉ်တွေမှာတော့ သိပ်မထူးချွန်ကြဘူး။

**မေး** - ဘီလိယက်မှာ ၁၀၀၀ ဘရိတ်ရဖို့ ခက်ခဲတယ်လို့သိရပြီး ရအောင်ထိုးနိုင်ဖို့ဘာတွေလိုအပ်သလဲ။

**ဖြေ** - ၁၀၀၀ ဘရိတ်ထိုးနိုင်တဲ့ ဘီလိယက်သမား နည်းနည်းပဲရှိပါတယ်။ အဓိကလိုအပ်ချက်က အာရုံစူးစိုက်မှုကောင်းမွန်ရေးပါ။ အလုံးတိုင်း၊ အလှည့်တိုင်းအပေါ် အာရုံစူးစိုက်ထားရမယ်။ နောက်တစ်လှည့်မှာ ဘာဖြစ်မလဲလို့ တွေးပူနေလို့မရဘူး။ နည်းစနစ်ပိုင်းဆိုင်ရာ ပိုင်နိုင်ဖို့လိုသလို ဆုံးဖြတ်ချက်မှန်ကန်ဖို့လည်းလိုပါတယ်။ ကျွန်တော့်အမြင်တော့ ၁၀၀၀ ဘရိတ်ရဖို့အတွက် ရုပ်ပိုင်းဆိုင်ရာထက် စိတ်ပိုင်းဆိုင်ရာက ပိုပြီးအရေးကြီးတယ်။

**မေး** - ဘီလိယက်သမားကောင်းတစ်ယောက်ဖြစ်ဖို့ အခြေခံလိုအပ်ချက်တွေကို သိချင်ပါတယ်။

**ဖြေ** - ရုပ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာနဲ့ လေ့ကျင့်မှုတို့ ဘက်ပေါင်းစုံလိုအပ်တယ်။ ဘီလိယက်မှမဟုတ်ပါဘူး၊ ဘယ်အားကစားနည်းမှာပဲဖြစ်ဖြစ် ပြင်းပြင်းထန်ထန်ကြိုးစားမှုမပါဘဲ ထိပ်တန်းအဆင့်ကို ရောက်မလာနိုင်ဘူး။ ရုပ်ပိုင်းဆိုင်ရာတွေဆိုတာမှာ ကောင်းမွန်စွာနေထိုင်စားသောက်ခြင်းနဲ့ အိပ်စက်ခြင်းတို့ပါဝင်ပါတယ်။ စိတ်ပိုင်းဆိုင်ရာကတော့ တည်ငြိမ်မှုနဲ့ ယုံကြည်မှုကိုတည်ဆောက်တာပါ။ တစ်နေ့ကို နာရီပေါင်းများစွာ လေ့ကျင့်ဖို့လိုပါတယ်။ နည်းစနစ်ပိုင်းတွေအသားကျအောင် အကြိမ်ကြိမ်လေ့ကျင့်နေရပါမယ်။

**မေး** - မြန်မာဘီလိယက်သမားတွေရဲ့ အနေအထားအပေါ် ဘယ်လိုမြင်ပါသလဲ။

**ဖြေ** - နည်းစနစ်ပိုင်းအရ အားနည်းချက်မရှိသလို ကျွန်တော့်အနေနဲ့ ထပ်ဆင့်သင်ပြပေးရတာမျိုးလည်း နည်းနည်းပဲရှိပါတယ်။ အဓိကလိုအပ်ချက်က ဆုံးဖြတ်ချက်နဲ့ ယုံကြည်မှုပါ။ ပွဲချိန်အတွင်း ဘောလုံးရွေးချယ်မှုကို ဆုံးဖြတ်ချက်မှန်ဖို့ သင်ပြပေးပါတယ်။ ယုံကြည်မှုကတော့ ပွဲအတွေ့အကြုံနဲ့ဆိုင်ပါတယ်။ ကမ္ဘာ့အဆင့်ပြိုင်ဘက်တွေနဲ့ မယှဉ်ပြိုင်ရင် ဘယ်နည်းနဲ့မှ ကမ္ဘာ့ချန်ပီယံဖြစ်လာမှာမဟုတ်ပါဘူး။ ပွဲတွေများများယှဉ်ပြိုင်ဖို့လိုအပ်ပါတယ်။

**မေး** - ဘီလိယက်အားကစားနည်းမှာ Point Format နဲ့ Time Format ကြား ကွာခြားမှုက ဘာများပါလဲ။

**ဖြေ** - Point Format မှာ အချိန်ကန့်သတ်ချက်မထားဘဲ သတ်မှတ်ထားတဲ့ အမှတ်(၁၀၀)သို့မဟုတ် အမှတ်(၅၀၀)ရရင် ပွဲပြီးပါတယ်။ Time Format မှာကတော့ (၂)နာရီ သို့မဟုတ် (၄)နာရီယှဉ်ပြိုင်ရပြီး Point Format ထက် အများအယွင်းပိုခံပါတယ်။

**မေး** - ဘီလိယက်အားကစားနည်းမှာ နဆရီကန်နွှန်(ဘောင်ကူးထိုးခြင်း)ရဲ့ အရေးပါမှုက ဘယ်လောက်အထိရှိလဲ။

**ဖြေ** - ၁၀၀၀ ဘရိတ်လိုမျိုးရချင်ရင် နဆရီကန်နွှန်လိုအပ်ပါတယ်။ ၁၀၀ ဘရိတ်ပွဲစဉ်တွေမှာတော့ ထိုးလေ့မရှိပါဘူး။ လက်ရှိနိုင်ငံတကာပြိုင်ပွဲတွေမှာအသုံးပြုနေတဲ့ ဘီလိယက်ခုံမျက်နှာပြင်အခင်းတွေဟာ ဘောလုံးသွားနှုန်းကို အရမ်းမြန်စေတာကြောင့် နဆရီကန်နွှန်ထိုးဖို့အတွက် ခက်ခဲပါတယ်။ နဆရီကန်နွှန်ကို ထိပ်တန်းအဆင့်ဘီလိယက်သမားတွေတောင်မှ သိပ်မထိုးကြတော့ပါဘူး။

**မေး** - မြန်မာနိုင်ငံက အိမ်ရှင်အဖြစ်ကျင်းပမယ့် ၂၀၁၃ ဆီးဂိမ်းစ်ပြိုင်ပွဲမှာ မြန်မာဘီလိယက်အဖွဲ့အနေနဲ့ ရွှေတံဆိပ်ဘယ်နှစ်ခုလောက်ရနိုင်မလဲ။

**ဖြေ** - လာမယ့်ဆီးဂိမ်းစ်မှာ မြန်မာဘီလိယက်သမားတွေ ရွှေတံဆိပ်ရမှာပါ။ အနည်းဆုံးတစ်ခုတော့ သေချာပါတယ်။ တကယ်လို့ ရွှေတံဆိပ်(၂)ခုရခဲ့မယ်ဆိုရင် ကျွန်တော်ကျေနပ်ပျော်ရွှင်မိလိမ့်မယ်။ ချီးမြှင့်မယ့်ရွှေတံဆိပ်(၄)ခုလုံးကိုလည်းရနိုင်ပြီး အဲဒီလိုဖြစ်ဖို့ကတော့ လက်စွမ်းလက်စအပြင် ကံတရားလည်းလိုအပ်ပါတယ်။ ဘရာဇီးလ်ဘောလုံးအသင်းဆို ကမ္ဘာ့ဖလားပြိုင်ပွဲတွေမှာ အမြဲတမ်းဖိုလ်စွဲဖို့အတွက် ရေပန်းစားခဲ့တယ်။ ဒါပေမဲ့ ရေပန်းစားသလို အမြဲတမ်းဖိုလ်စွဲခဲ့တာမျိုးတော့မဟုတ်ဘူး။ ဘီလိယက်မှာလည်း ဖိုလ်စွဲဖို့ရေပန်းစားတိုင်း၊ ဖိုလ်စွဲနိုင်တဲ့လက်ရည်ရှိတိုင်း ဖိုလ်စွဲတာမဟုတ်ပါဘူး။ ကံတရားအပါအဝင် အဘက်ဘက်က ပြည့်စုံမှသာ အနိုင်ရဖိုလ်စွဲတာဖြစ်ပါတယ်။

## လိင်တူချစ်သူဥပဒေကို ထောက်ခံသဖြင့် အစ်ဆင်ဘာရီးဗားပြန်လည်ရှင်းလင်းနေရ

ကမ္ဘာ့ချန်ပီယံရှစ်ပြိုင်ပွဲတွင် ရွှေတံဆိပ်ဆုပူပူနွေးနွေးရရှိခဲ့သည့် ရုရှားတုတ်ထောက်ခုန်မယ် အစ်ဆင်ဘာရီးဗားသည် လိင်တူချစ်သူများ၏အခွင့်အရေးများကို တားမြစ်ထိန်းချုပ်ထားသည့် ရုရှားဥပဒေကိုထောက်ခံခဲ့မှုဖြင့် ပြန်လည်ရှင်းလင်းနေရလျက်ရှိသည်။ အစ်ဆင်ဘာရီးဗားက သူမ၏အင်္ဂလိပ်စာအားနည်းမှုအတွက် နားလည်မှုလွဲမှားခြင်းသာဖြစ်ကြောင်း ပြောကြားခဲ့သည်။

## ၂၀၁၅ ယူကရိန်းသမ္မတရွေးကောက်ပွဲ ဗစ်တာလီ ဝင်ရောက်ယှဉ်ပြိုင်ဖွယ်ရှိနေ

ကမ္ဘာ့လက်ဝှေ့ကောင်စီ(WBC) ၏ဟဲဗီးဝိတ်ချန်ပီယံဖြစ်သူ ဗစ်တာလီကလစ်ရှ်ကိုသည် လာမည့် ၂၀၁၅ ခုနှစ်တွင်ကျင်းပမည့်ယူကရိန်းသမ္မတရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်သွားဖွယ်ရှိကြောင်း သိရှိရသည်။ သို့သော် ယခုနှစ်ကုန်ပိုင်းတွင် ထိုးသတ်ရန်စီစဉ်ထားသည့် ကနေဒါလက်ဝှေ့သမား စတီဗန်းနှင့် ချန်ပီယံကာကွယ်ပွဲကိုမူ လက်ဒဏ်ရာကြောင့် ဖျက်သိမ်းခဲ့သည်။

## ရော်ဂျာဖက်ဒါရာ ကမ္ဘာ့အဆင့် သတ်မှတ်ချက်(၇)အထိ ကျဆင်း

ဆွစ်ဇာလန်နာမည်ကြီးတင်းနစ်သမား ရော်ဂျာဖက်ဒါရာသည် ပြီးခဲ့သည့်ကမ္ဘာ့အဆင့်သတ်မှတ်ချက်တွင် ကမ္ဘာ့အဆင့်(၇)နေရာအထိ ကျဆင်းသွားခဲ့ရသည်။ ဖက်ဒါရာသည် Cincinnati Masters ပြိုင်ပွဲ ကွာတားအဆင့်တွင်ရှုံးနိမ့်ခဲ့ပြီးနောက် ၂၀၀၂ အောက်တိုဘာလနောက်ပိုင်း အဆိုးရွားဆုံးရပ်တည်မှုနှင့် ရင်ဆိုင်ခဲ့ရသည်။

# ကမ္ဘာ့ချန်ပီယံရှစ်ပြိုင်ပွဲသက်တမ်းတစ်လျှောက်တွင် ရွှေ(၈)ခုဖြင့် အအောင်မြင်ဆုံးစံချိန်ကို အူစိန်ဘော့ အမီလိုက်နိုင်ခဲ့




၂၀၁၃ ကမ္ဘာ့ပြေးခုန်ပစ်ချန်ပီယံရှစ်ပြိုင်ပွဲကို ပြီးခဲ့သည့်တနင်္ဂနွေနေ့က ရုရှားနိုင်ငံ၊ မော်စကိုမြို့တွင် ကျင်းပပြုလုပ်ပြီးစီးသွားခဲ့ပြီး ကမ္ဘာ့တာတိုဘုရင် အူစိန်ဘော့က ပြိုင်ပွဲသက်တမ်းတစ်လျှောက်တွင် ရွှေတံဆိပ်(၈)ခုမြောက်အထိ ရရှိနိုင်ခဲ့ကာ အအောင်မြင်ဆုံးကစားသမားစံချိန်ကို အမီလိုက်နိုင်ခဲ့ကြောင်း AFP သတင်းဌာနက ဖော်ပြခဲ့သည်။

အူစိန်ဘော့သည် ပြိုင်ပွဲနောက်ဆုံးနေ့ မီတာ (၄×၁၀၀)ပွဲစဉ်တွင် ဂျမေကာအသင်းနှင့်အတူ ရွှေတံဆိပ်ရယူပြီးနောက် ယခုပြိုင်ပွဲတွင် မီတာ (၁၀၀)နှင့် (၂၀၀)ပွဲစဉ်များအပါအဝင် ရွှေတံဆိပ် (၃)ခုအထိ ရရှိခဲ့ပြီး ပြီးခဲ့သည့်(၂)ကြိမ်အပါအဝင် ယှဉ်ပြိုင်ခဲ့သည့် ပြိုင်ပွဲ(၃)ကြိမ်တွင် ရွှေတံဆိပ်(၈)ခုအထိ ရရှိခဲ့သည်။ ထို့ကြောင့် အမေရိကန်ဂန္ထဝင်အပြေးသမားများဖြစ်သည့် ကားလ်လူးဝစ်၊ မိုက်ကယ်ဂျွန်ဆင်၊ အမေရိကန်အပြေးမယ် အယ်လီဆန်ဖီးလစ်တို့နှင့်အတူ ကမ္ဘာ့ပြေးခုန်ပစ်ချန်ပီယံရှစ်ပြိုင်ပွဲ၏အအောင်မြင်ဆုံးအားကစားသမားအဖြစ် မှတ်တမ်းတင်နိုင်ခဲ့သည်။

ထို့ပြင် အူစိန်ဘော့သည် ကမ္ဘာ့ချန်ပီယံရှစ်ပြိုင်ပွဲ၏ မီတာ (၂၀၀) နှင့် မီတာ (၄×၁၀၀)ပွဲစဉ်များတွင် ပြိုင်ပွဲ(၃)ကြိမ်ဆက်အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။ ယခု ၂၀၁၃ ပြိုင်ပွဲတွင် ကမ္ဘာ့စံချိန်သစ်တင်ရှိနိုင်ခြင်းမရှိခဲ့ကြောင်းလည်း သိရှိရသည်။

### ပြိုင်ပွဲအပြီးရပ်တည်မှု

| အသင်း | ရွှေ | ငွေ | ကြေး | ပေါင်း | အသင်း | ရွှေ | ငွေ | ကြေး | ပေါင်း |
|---|---|---|---|---|---|---|---|---|---|
| ရုရှား | ၇ | ၄ | ၆ | ၁၇ | ဂျာမနီ | ၄ | ၂ | ၁ | ၇ |
| အမေရိကန် | ၆ | ၁၃ | ၆ | ၂၅ | အီသီယိုပီးယား | ၃ | ၃ | ၄ | ၁၀ |
| ဂျမေကာ | ၆ | ၂ | ၁ | ၉ | ဗြိတိန် | ၃ | ၀ | ၂ | ၅ |
| ကင်ညာ | ၅ | ၄ | ၃ | ၁၂ | ချက် | ၂ | ၀ | ၁ | ၃ |




## ယူအက်စ်အိုးပင်းစီးရီးပြိုင်ပွဲများတွင် ကမ္ဘာ့နံပါတ်(၁)တင်းနစ်မယ် ဆရီနာဝီလျံ ရမှတ်အများဆုံးဖြင့် ထိပ်ဆုံးတွင်ရပ်တည်ခဲ့

အမေရိကန်နာမည်ကြီးတင်းနစ်မယ် ဆရီနာဝီလျံ ယူအက်စ်အိုးပင်းစီးရီးပြိုင်ပွဲများတွင် ယခုနှစ်တင်းနစ်ရာသီအတွက် ရမှတ်အများဆုံးဖြင့်ထိပ်ဆုံးတွင်ရပ်တည်ခဲ့ကြောင်းသိရှိရသည်။ယူအက်စ်အိုးပင်းစီးရီးကို ယူအက်စ်အိုးပင်းအကြိုကျင်းပသည့် ATP နှင့် WTA Tour ပြိုင်ပွဲ(၆)ပွဲတွင်ရရှိသည့်ရပ်တည်မှုအဆင့်အလိုက်ရမှတ်များ သတ်မှတ်ပေးခဲ့ပြီး အဆင့်သတ်မှတ်ချက်အလိုက် Tour 1000 ပြိုင်ပွဲနှင့် Tour 500၊ 250 ပြိုင်ပွဲများအကြား ရမှတ်ကွာခြားမှုများရှိသည်။

ယခုနှစ်တွင် ယူအက်စ်အိုးပင်းစီးရီးပြိုင်ပွဲ(၅)ပွဲသာကျင်းပပြီးစီးသေးသော်လည်း ဆရီနာဝီလျံက Cincinnati Masters ပြိုင်ပွဲ ဆီမီးဖိုင်နယ်တွင် တရုတ်တင်းနစ်မယ်လီနာကိုအနိုင်ယူပြီးနောက် ရမှတ်(၁၇၀)မှတ်ရရှိခဲ့ပြီး ဆရီနာဝီလျံနှင့် အနီးကပ်ဆုံး ပြိုင်ဘက် ရက်ဝန်စကာတို့မှာ ယခုဆုချီးမြှင့်မှုအတွက် အကျုံးဝင်သည့် New Haven Open တွင် ပါဝင်ယှဉ်ပြိုင်ခြင်းမရှိသည့်အတွက် ဆရီနာဝီလျံအနေဖြင့် ဆုဖလားရရှိရန်သေချာခဲ့ခြင်းဖြစ်သည်။ ထိပ်ဆုံးရပ်တည်မှုရ တင်းနစ်မယ်(၃)ဦးမှာ လာမည့်ယူအက်စ်အိုးပင်းတွင်ရရှိသည့် အဆင့်အလိုက် ဆုကြေးငွေများရရှိမည်ဖြစ်သည်။

## IN-BRIEF

❒ ရှုံးပွဲမရှိသေးသည့်နှစ်ဦးတွေ့ဆုံမှုတွင် ရုရှားမှ ကိုဗာလက်ဗ်က လက်ရှိချန်ပီယံဖြစ်သူ ဝေးလ်စ်လက်ဝှေ့သမား နာသန်ကလယ်ဗာလေကို (၄)ချီတွင်အလဲထိုးဖြင့်နိုင်ပြီး WBO လိုက်ဟဲဗီးဝိတ်ချန်ပီယံဘွဲ့ဆွတ်ခူးခဲ့သည်။

❒ အင်္ဂလန်နာမည်ကြီးစနူကာသမား အိုဆူလီဗန်သည် Bluebell Wood Open ရှုံးထွက်(၃၂)ယောက်အဆင့်တွင် တစ်နိုင်ငံတည်းသား ပီတာလိုင်းစ်ကို (၁-၄)ပွဲဖြင့် ရှုံးနိမ့်ခဲ့သည်။

❒ မြောက်အိုင်ယာလန်ဂေါက်သီးသမား မက်အီရွိုင်းသည် ယခုနှစ်ကုန်ပိုင်းတွင်ကျင်းပမည့် ဩစတြေးလျအိုးပင်းနှင့် တိုက်ဂါးဝုဒ်၏ကိုယ်ပိုင်ပြိုင်ပွဲဖြစ်သည့် World Challenge ပြိုင်ပွဲများတွင်ယှဉ်ပြိုင်သွားမည်ဖြစ်သည်။

❒ ယမဟာအသင်းမှ အီတလီဆိုင်ကယ်သမား ဗလန်တီနိုရော့စီက အသင်းဖော် ခရတ်လိုး ပြိုင်ဘက် ဒူကာတီအသင်းသို့ ပြောင်းရွှေ့သွားသဖြင့်များစွာအံ့အားသင့်ရကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။

❒ ရုရှားတင်းနစ်မယ် ရှာရာပိုဗာနှင့် ဩစတြေးလျတင်းနစ်မယ် စတိုဆာတို့သည် ပြီးခဲ့သည့်သီတင်းပတ်အတွင်း နည်းပြဖြစ်သူများနှင့် အသီးသီးလမ်းခွဲခဲ့ကြသည်။

❒ ပြီးခဲ့သည့်ကမ္ဘာ့ကြက်တောင်ရိုက်ချန်ပီယံရှစ်ပြိုင်ပွဲ အမျိုးသားတစ်ဦးချင်းဖိုင်နယ်ပွဲစဉ်အတွင်း ရုံတွင်းအအေးပေးမှုလျော့ကျခဲ့ခြင်းအပေါ် အိမ်ရှင်တရုတ်တာဝန်ရှိသူများမှ ကာကွယ်ပြောကြားခဲ့သည်။

## တစ်ပတ်အတွင်းကြည့်ရှုရမည့်အားကစားပြိုင်ပွဲများ

### တင်းနစ်

ATP နှင့်WTA Tourပွဲစဉ်များဖြစ်သည့် Winston-Salem နှင့် New Haven အိုးပင်းတင်းနစ်ပြိုင်ပွဲများကို ပြီးခဲ့သည့်ဩဂုတ်လ(၁၉) ရက်နေ့မှ (၂၄)ရက်နေ့အထိ အမေရိကန်နိုင်ငံတွင်ကျင်းပသွားမည်ဖြစ်သည်။ (၂ ပေ TSP4, HD ရုပ်သံလိုင်းမှ တိုက်ရိုက်ပြသလျက်ရှိသည်။)

### ဘော်လီဘော

၂၀၁၃ FIVB World Grand Prix အမျိုးသမီးဘော်လီဘောပြိုင်ပွဲ နောက်ဆုံးအဆင့်ကို ဩဂုတ်လ(၂၁)ရက်နေ့မှ စက်တင်ဘာလ (၁) ရက်နေ့အထိ ကျင်းပသွားမည်ဖြစ်သည်။ (၂ ပေ TSP 6, HD ရုပ်သံလိုင်းမှ တိုက်ရိုက်ပြသလျက်ရှိသည်။)

### ဂေါက်သီး

PGA Tour ပွဲစဉ်တစ်ပွဲဖြစ်သည့် The Barclays ဂေါက်သီးရိုက်ပြိုင်ပွဲကို အမေရိကန်ရှိBethpageဂေါက်ကလပ်တွင် ဩဂုတ်လ(၂၂) ရက်နေ့မှ(၂၅)ရက်နေ့အထိ ကျင်းပမည်ဖြစ်သည်။ (၂ ပေ TSP5 ရုပ်သံလိုင်းမှနောက်နေ့နံနက်(၀၀း၃၀)နာရီတွင်တိုက်ရိုက်ပြသမည်ဖြစ်သည်။)

### ဖော်မြူလာဝမ်း

၂၀၁၃ ဖော်မြူလာဝမ်းရာသီ၏ (၁၁)ပွဲမြောက်ပွဲစဉ်ဖြစ်သည့် ဘယ်လ်ဂျီယံဂရင်းပရီပြိုင်ပွဲ ဖိုင်နယ်ပွဲစဉ်ကို လာမည့်ဩဂုတ်လ(၂၅)ရက်နေ့တွင် အမေရိကန်နိုင်ငံ၌ ကျင်းပသွားမည်ဖြစ်သည်။(၂ပေ STAR Sports ရုပ်သံလိုင်းမှ ညနေ(၆း၁၅)နာရီတွင်တိုက်ရိုက်ပြသသွားမည်ဖြစ်သည်။)

First Eleven Sports Journal Vol:14 No.12 22, August, 2013

# ပရီးမီးယားလိဂ်မှာ ဘယ်သူ ဗိုလ်စွဲမှာလဲ|၁|

နန္ဒဝန်ငြိမ်းချမ်း

ရင်ခုန်စရာကောင်းတဲ့ ပရီးမီးယားလိဂ်ရာသီက ပြန်လည်စတင်နေပါပြီ။ လာမယ့်ရာသီ ပရီးမီးယားလိဂ်ပြိုင်ပွဲကို သမိုင်းတစ်လျှောက်စိတ်ဝင်စားစရာအကောင်းဆုံးရာသီအဖြစ် ဗြိတိန်မီဒီယာတွေက ညွှန်းဆိုနေကြပါတယ်။ ရာသီသစ်တစ်ခုမစတင်မီဆိုရင် ဒီလိုအသံတွေက ထွက်နေကျပါပဲ။ ဒါပေမဲ့ ဒီနှစ်တော့ သူတို့မီဒီယာတွေရဲ့ ညွှန်းဆိုမှုက ထောက်ခံချင်စရာကောင်းပါတယ်။ ပရီးမီးယားလိဂ်သမိုင်းကိုပြန်ကြည့်ရင် ထိပ်တန်းအသင်းကြီးတွေတစ်ပြိုင်နက်တည်းလိုလို နည်းပြအပြောင်းအလဲတွေဖြစ်ခဲ့တာ ပထမဆုံးအကြိမ်ပဲ။ အာဆင်နယ်လောက်ပဲ တည်တည်ငြိမ်ငြိမ်ရှိတယ်။ မန်ယူနဲ့ (၂၇)နှစ်ကြာလက်တွဲခဲ့တဲ့ ဖာဂူဆန်အနားယူသွားပြီ။ ချယ်လ်ဆီးနဲ့ မန်စီးတီးတို့က ဘယ်လိုပဲအားရစရာပုံစံကောင်းကို ပြပြအလိုမပြည့်နိုင်ဘူး။ နည်းပြတွေလဲလိုက်ပြန်ပြီ။ အဲဗာတန်ကလည်း မန်ယူနည်းပြ လစ်လပ်သွားခြင်းရဲ့ အကျိုးဆက်အဖြစ် ဒေးဗစ်မိုယက်စ်ကို ဆုံးရှုံးလိုက်ရတယ်။ ဒါတင်ပဲလားဆိုတော့ မဟုတ်ဘူး။ ပြန်စဉ်းစားကြည့်တော့ စပါး၊ လီဗာပူးလ်တို့ဆိုတာလည်း နည်းပြဟောင်းနဲ့ ဆက်ရှိတယ်လို့သာဆိုတာ မနှစ်ကမှစတင်ကိုင်တွယ်သူတွေဖြစ်နေတယ်။ ဒီတော့ ပရီးမီးယားလိဂ်အသင်းကြီး(၇)သင်းမှာ တစ်သင်းသာ ပုံစံမပျက်ခရီးဆက်နေပြီး၊ (၄)သင်းက ဒီနှစ်မှ စကိုင်မယ့်နည်းပြတွေ၊ (၂)သင်းက မနှစ်ကမှ စကိုင်တဲ့နည်းပြတွေဖြစ်နေတယ်။

စိတ်ဝင်စားစရာအကောင်းဆုံးရာသီဆိုတာကိုထောက်ခံပါတယ်။ စဉ်းစားကြည့်တော့ အသစ်၊ အသစ်တွေနဲ့ ယှဉ်ပြိုင်မှုတွေကကို မရှိနိုင်တဲ့ ဆန်းသစ်မှုတွေဖြစ်နေပါတယ်။ ဒီနည်းပြသစ်တွေက ဘယ်လောက်ကြာကြာခံမလဲ။ အသင်းတွေကရော နည်းပြအပြောင်းအလဲတွေလုပ်တာ ထိုက်တန်ရဲ့လား။ ရလဒ်မကောင်းတာနဲ့ သွားတော့ဆိုတဲ့ အနေအထားမှာရလဒ်ကောင်းဆိုတဲ့ အဓိပ္ပာယ်သတ်မှတ်ချက်ကလည်း ပရီးမီးယားလိဂ်နဲ့ ချန်ပီယံလိဂ်ဆိုတဲ့ ဖလား(၂)လုံးကိုသာသတ်မှတ်ထားတယ်။ ပရီးမီးယားလိဂ်မှာ ပြိုင်ဘက်(၅)သင်းလောက်နဲ့ ပြိုင်ရမယ်။ ချန်ပီယံလိဂ်မှာအသင်း(၁၀)သင်းလောက်နဲ့ ပြိုင်ရမယ်။ ဖလားက(၂)လုံး။ ပြိုင်ဘက်က (၁၅)သင်းလောက်ဖြစ်နေတယ်။ နည်းပြတွေဘဝက သနားစရာမကောင်းဘူးလား။ ဒီအခြေအနေမှာ အသက်ဆက်နိုင်အောင် စွမ်းဆောင်ပြမှာက ဘယ်သူလဲ၊ မော်ရင်ဟိုလား၊ မိုယက်စ်လား၊ ဒါမှမဟုတ် ပယ်လီဂရီနီလား၊ မိုယက်စ်ကထားပါ။ မန်ယူက စိတ်ရှည်တတ်တယ်။ ဆိုးဆိုးရွားရွားအရမ်းမလုပ်ရင်ပြီးတာပဲ။ ဘရန်ဒန်ရော်ဂျာနဲ့ ဘိုအက်ရှ်ကရော။ သူတို့အသင်းတွေက ရည်မှန်းချက်သိပ်မကြီးတဲ့အသင်းတွေလို့ မဆိုချင်ရင်တောင် အောင်မြင်မှုကို ငမ်းငမ်းတက်လိုချင်။ အောင်မြင်မှုမရရင် နည်းပြတွေဖယ်ရှားပစ်တဲ့အသင်းမျိုးတွေတော့မဟုတ်ပါဘူး။ အဓိက ဖိအားက မော်ရင်ဟိုနဲ့ ပယ်လီဂရီနီဆီမှာပဲရှိတယ်။ ဒီ(၂)ဦးကလည်း လက်ရှိချန်ပီယံကို စိန်အခေါ်နိုင်ဆုံးအသင်းတွေဖြစ်တယ်။ အောင်မြင်သူတွေ ဖြစ်လာမှာလား။ စိန်ခေါ်နိုင်သူအဖြစ်နဲ့ပဲကျေနပ်လိုက်ရမလား။ ဒါကိုက စိတ်ဝင်စားစရာဖြစ်ပါတယ်။

ဘယ်သူဗိုလ်စွဲမှာလဲ မေးခွန်းကိုခံစားချက်တွေမပါဘဲ အချက်အလက်တွေနဲ့ ဖြေချင်ပါတယ်။ ယေဘုယျသဘောကိုသာ ဖော်ပြတာဖြစ်လို့ Shock ဆိုတဲ့ စကားလုံးများအကောင်အထည်ပေါ်လာခဲ့ရင် ခွင့်လွှတ်ဖို့လည်း တောင်းပန်ချင်ပါတယ်။ ဘယ်အသင်းကိုစရေးမလဲဆိုတာကိုလည်း စဉ်းစားမိပါတယ်။ မနှစ်က အမှတ်ပေးဇယားနဲ့ တန်းစီမလား။ ဒါတော့ မဖြစ်သင့်ဘူးလို့ထင်ပါတယ်။ မနှစ်ကနဲ့ ဒီနှစ် အကျိုးအကြောင်းတွေ၊ အဆိုးအကောင်းတွေက အများကြီးကွာခြားသွားပြီ၊ အကွာရာနဲ့စီမလား။ ဒါလည်း မကောင်းပါဘူး။ အာဆင်နယ်၊ ချယ်လ်ဆီး၊ လီဗာပူးလ်၊ မန်စီးတီး၊ မန်ယူ၊ စပါးပေါ့။ ဒါပေမဲ့ အဲဒါကလည်း အခက်အခဲတွေရှိတယ်။ သောလုံးရာသီက စပြီ။ ဒီအကြောင်းအရာတစ်ခုကို အပိုင်း(၆)ပိုင်းလောက်ခွဲရေးဖို့မဖြစ်နိုင်ဘူး။ (၃၊ ၄) ပတ်လောက်နဲ့အပြီးရေးရမယ်။ ဒီတော့ ပေါင်းရေးသင့်တဲ့အသင်းတွေရေးရမယ်။ နောက်ဆုံးကျတော့ ဒီနှစ်ဗိုလ်အစွဲနိုင်ဆုံးက ဘယ်သူလဲဆိုတာကို အရင်ဆုံးသုံးသပ်။ ဒီ(၆)သင်းကိုပဲ တန်းစီကြည့်ပြီး၊ ဗိုလ်စွဲနိုင်ခြေအရှိဆုံးအသင်းကနေ စရေးဖို့ဆုံးဖြတ်လိုက်တယ်။ ဒီတော့ မန်ယူအသင်းအကြောင်းစရေးဖို့ဖြစ်လာတယ်။ မန်ယူကို ဦးစားပေးခြင်းမဟုတ်သလို၊ ဘယ်အသင်းကိုမှ နှိမ့်ချမစဉ်းစားဘူးဆိုတာ အရင်ပြောချင်ပါတယ်။ ဒီနှစ် ထိပ်ဆုံး(၇)သင်းနေရာကို ကိုယ်တိုင်သတ်မှတ်ထားတဲ့ အားသာချက်အားနည်းချက်တွေနဲ့ စီလိုက်တော့ (၁)မန်ယူ၊ (၂)မန်စီးတီး၊ (၃)ချယ်လ်ဆီး၊ (၄)လီဗာပူးလ်၊ (၅)အာဆင်နယ်၊ (၆)စပါး၊ (၇)အဲဗာတန်ဆိုပြီးသတ်မှတ်လိုက်တယ်။ ချယ်လ်ဆီးကို အဆင့်(၃)နေရာပို့တာ၊ အာဆင်နယ်လို တည်ငြိမ်တဲ့အသင်းတစ်သင်းကို လီဗာပူးလ်ရဲ့ နောက်အဆင့်(၅)နေရာပို့လိုက်တာတွေက ငြင်းစရာတွေဖြစ်လာနိုင်ပါတယ်။ ဒါပေမဲ့ ဘာကြောင့် အဲဒီလိုနေရာတွေကို ပို့ရသလဲဆိုတာကို ဒီအသင်းတွေအကြောင်းရေးတဲ့အခါ ရှင်းပြပါမယ်။ ပုဂ္ဂိုလ်ရေးယုံကြည်မှုနဲ့ အပြောင်းအရွှေ့ရာသီမပိတ်သေးခင်အခြေအနေ လူစာရင်းကိုသာတည်ပြီးစဉ်းစားထားတာပါ။ ဘေးလ်ထွက်သွားရင်၊ ဆွာရက်ဇ်က အာဆင်နယ်ကို ရောက်လာခဲ့ရင်၊ ရွှန်နီမရှိတော့ရင်ဆိုတဲ့ မသေချာသေးတဲ့အချက်တွေကို ထည့်မသုံးသပ်ထားပါဘူး။ တကယ်ဖြစ်လာခဲ့ရင်တော့ ကိုယ်ကိုယ်တိုင်ရဲ့ တစ်ဦးချင်းယုံကြည်မှုတွေလည်း ပြောင်းလာနိုင်တယ်ဆိုတာကို ကြိုတင်ဝန်ခံလိုပါတယ်။ ဒီတစ်ပတ်တော့ မန်ယူနဲ့ စတင်လိုက်ပါပြီ။

## မန်ယူ

မန်ယူရဲ့ လက်ရှိအခြေအနေက ပရိသတ်တွေအတွက် ယုံကြည်ချင်စရာမကောင်းဘူး။ ခြေစွမ်းက သိပ်မနိုင်သေးဘူး။ ဝီဂန်ကိုနိုင်တဲ့ပွဲမှာ ဖလားတစ်လုံးစရတယ်။ ခြေစွမ်းက ဘာမှမဟုတ်ဘူး။ ဒီတော့ အဆိုးဘက်ကစဉ်းစားရင် ဒီခြေစွမ်းနဲ့ ဘယ်လိုစခန်းသွားမလဲ။ ဒါပေမဲ့ မန်ယူရဲ့ ထုံးစံနဲ့ မနှစ်ကပုံစံအတိုင်းထည့်စဉ်းစားရင်တော့ ဝီဂန်ကို ခြေမကောင်းဘဲနိုင်ခဲ့တာကိုက အကောင်းဘက်က စဉ်းစားရမယ့်အချက်ဖြစ်နေပါတယ်။ ခြေစွမ်းမကောင်းဘဲ (၂-၀)နဲ့နိုင်ခဲ့တာက မန်ယူပီသတယ်။ ခံစစ်ကဂိုးမပေးရတာ၊ ဘာမှမဟုတ်ဘူးလို့ထင်ရတဲ့ဂိုးတွေရခဲ့တာ။ နောက်ဆုံး ပုံမှန်ခြေစွမ်းမဟုတ်ဘဲနဲ့တောင် ရည်မှန်းချက်ကို ပြီးမြောက်အောင်ဆောင်ရွက်နိုင်ခဲ့တာတွေက မန်ယူသိပ်ပီသတယ်ဆိုတဲ့ အချက်တွေဖြစ်ပါတယ်။

အရင်ဆုံးမန်ယူနည်းပြ ဒေးဗစ်မိုယက်စ်ရဲ့ ရာဇဝင်ကိုကောက်ကြောင်းလိုက်ကြည့်ပါမယ်။ အထင်ကြီးစရာ မှတ်တမ်းမရှိပေမယ့် သူကိုင်တွယ်တဲ့အသင်းကို ရပ်တည်သင့်တဲ့အဆင့်မှာ ရပ်တည်စေတာက မိုယက်စ်ရဲ့အဓိကအရည်အချင်းဖြစ်နေတယ်။ မိုယက်စ်က ပရက်စတန်ကို စကိုင်တော့ ချန်ပီယံဖြစ်သင့်တဲ့အသင်းကို ချန်ပီယံဖြစ်စေခဲ့တယ်။ အောက်တန်းမှာပဲဆိုဦးတော့ သူ့တန်းနဲ့ သူတော့ ချန်ပီယံဆိုတာအခက်အခဲတွေနဲ့ချည်းပါပဲ။ အဲဗာတန်ကို ပထမဆုံးစကိုင်တဲ့ရာသီက ရာသီတစ်ဝက်တစ်ပျက်နဲ့ဝင်လာပြီး၊ အဆင့်(၁၅)ဖြစ်သွားတယ်။ ထည့်မစဉ်းစားချင်ဘူး။ ဒါပေမယ့် ဒီဘက် (၁၀)စုနှစ်တစ်ခုလောက်မှာတော့ အဲဗာတန်ဆိုးဆိုးရွားရွားရပ်တည်ခဲ့တာ တစ်ရာသီပဲရှိပြီး အမြဲတမ်းအဆင့်(၁၀)အတွင်းဝင်ခဲ့တယ်။ နောက်ပိုင်းနှစ်တွေမှာ အဆင့်(၄၊ ၅၊ ၆)တစ်နေရာကိုအမြဲတမ်းချိန်ရွယ်နိုင်ခဲ့တယ်ဆိုတာတွေက မန်ယူကိုဖာဂူဆန်စွမ်းဆောင်ပေးနေတဲ့ တည်ငြိမ်မှုမျိုး၊ အာဆင်နယ်ကို ဝင်းဂါးစွမ်းဆောင်ပေးနေတဲ့ တည်ငြိမ်မှုမျိုးနဲ့ ယှဉ်လို့ရတယ်။

နောက်တစ်ချက်က မိုယက်စ်ရဲ့ ကစားသမားအကဲဖြတ်စွမ်းရည်။ ဂျာဂယ်လ်ကာလိုကစားသမားမျိုးကို အင်္ဂလန်လက်ရွေးစင်ဖြစ်စေခဲ့တယ်။ ဒစ္စတင်က မန်စီးတီးတစ်ခေတ်မပြောင်းခင်ကသာ ကစားခွင့်ရခဲ့သူ။ သက်ဆင်နဲ့အဲရစ်ဆင်တို့ရဲ့ နိဒါန်းသစ်မှာကတည်းက ဘေးရောက်သွားခဲ့သူဖြစ်ပါတယ်။ ဖယ်လေနီ၊ ဘိန်းစ်၊ မီရဲလက်စ်၊ ပီနာတို့ကို ဘယ်လိုရှာဖွေခေါ်ဆောင်ခဲ့သလဲဆိုတာလည်း ချီးကျူးရမယ့်အချက်ဖြစ်ပါတယ်။ မိုယက်စ်စိတ်ကြိုက်သာကိုင်ခွင့်ရရင် ထိပ်တန်းအသင်းတွေမှာ နေရာမရပေမယ့် ကိုယ့်အသင်းမှာ အံဝင်နိုင်တဲ့သူ၊ သာမန်လိဂ်ပြိုင်ပွဲတွေမှာ ကမ္ဘာကျော်လောက်မယ့် ခြေစွမ်းရှိသူတွေကိုသာ ရွေးခေါ်မယ့် အနေအထားဖြစ်နေတယ်။ ဥပမာ ဖာဘရီဂတ်စ်၊ ဝီလီယံတို့ကို မန်ယူလိုက်နေသလိုပေါ့။ လူငယ်စီမံကိန်းကို အားကိုးသူဆိုတဲ့အချက်ကလည်း၊ ဖာဂူဆန်နောက်တစ်ယောက်ကိုမြင်ရသူလိုဖြစ်နေပါတယ်။ ရွှန်နီ၊ အနီချီဘီ၊ ဩောစ်မန်တို့က အကောင်းဆုံးဥပမာတွေဖြစ်ပါတယ်။

မိုယက်စ်အကြောင်းပြီးတော့ မန်ယူအသင်းနဲ့ သက်ဆိုင်တဲ့ အကြောင်းတွေကို ပြောချင်ပါတယ်။ လက်ရှိမန်ယူအသင်းမှာကမ္ဘာ့အဆင့်ကစား



First Eleven Sports Journal Vol:14 No.9 1, August, 2013

# ၂၀၁၃ – ၁၄ ရာသီစီးရီးအေတန်းတက် (၃) သင်းကောက်ကြောင်း

ဆက်ပိုင်

ဥရောပထိပ်သီးလိဂ်ပြိုင်ပွဲတွေရဲ့ နောက်အကျဆုံးလိဂ်ပြိုင်ပွဲတစ်ခုဖြစ်တဲ့ အီတလီစီးရီးအေကတော့လာမယ့် ဩဂုတ်(၂၄)မှာစတင်မှာဖြစ်ပြီး နောက်နှစ်မေ(၁၈)မှာအဆုံးသတ်မှာဖြစ်ပါတယ်။ အခုနှစ်ပြိုင်ပွဲကစီးရီးအေသမိုင်းရဲ့(၈၂)ကြိမ်မြောက်ပြိုင်ပွဲဖြစ်ပြီး သမိုင်းတစ်လျှောက်မှာ ပထမဦးဆုံးအနေနဲ့ ဒါဘီပွဲ(၅)ပွဲအထိ စုံစုံလင်လင်ပါဝင်လာတဲ့ထူးခြားတဲ့နှစ်တစ်နှစ်လည်းဖြစ်ပါတယ်။ အဲဒီဒါဘီ(၅)ပွဲကတော့ အင်တာ-အေစီ(မီလန်မြို့)၊ ဂျူဗင်တပ်စ်-တိုရီနို(တူရင်မြို့)၊ လာဇီယို-ရိုးမား(ရောမမြို့)၊ ဂျီနိုအာ-ဆမ်ဒိုးရီးယား(ဂျီနိုအာမြို့)၊ ချီယေဗို-ဗီရိုနာ(ဗီရိုနာမြို့)တို့ပဲဖြစ်ပါတယ်။ ပြီးခဲ့တဲ့ရာသီစီးရီးအေက ပါလာမို၊ ဆီနာနဲ့ ပက်စ်ကာရာအသင်းတို့တန်းဆင်းသွားခဲ့ရပြီး စီးရီးဘီကချန်ပီယံ ဆာဆူအိုလို၊ အဆင့်(၂)ဗီရိုနာ Play-offs ချန်ပီယံလီဗော်နိုအသင်းတို့ကတော့ ၂၀၁၃-၁၄ ဘောလုံးရာသီကို စတင်ဖြတ်သန်းတော့မှာဖြစ်ပါတယ်။

## (၁) ဆာဆူအိုလို

ဆာဆူအိုလိုအသင်းရဲ့သမိုင်းမှာ ပထမဆုံးအကြိမ်မှတ်တမ်းသစ်တင်မယ့်ရာသီဖြစ်ပါတယ်။ ဆာဆူအိုလိုဟာ အောင်မြင်မှုမယ်မယ်ရရမရှိတဲ့အသင်းငယ်တစ်သင်းသာဖြစ်ပြီး ၂၀၀၆ ခုနှစ်မှသာ စီးရီးစီကို တက်ရောက်နိုင်ခဲ့တာပါ။ ၂၀၀၇ မှာတော့ စီးရီးဘီကိုဆက်လက်တက်ရောက်နိုင်ခဲ့ပြီး ၂၀၀၉-၁၀ ရာသီနဲ့ ၂၀၁၁-၁၂ ရာသီတို့မှာတော့ စီးရီးအေတန်းတက်ခွင့် Play-offs နှစ်ကြိမ်ကစားခဲ့ရပေမယ့် နှစ်ကြိမ်စလုံးဆီမီးဖိုင်နယ်အဆင့်မှာရှုံးနိမ့်ခဲ့တာကြောင့် တန်းတက်ခွင့်လွဲချော်ခဲ့ရတဲ့အသင်းပါ။

ဖြစ်ပြီး နောက်ဆုံးပွဲစဉ်မှာလည်း လီဗော်နိုအသင်းကိုအနိုင်ရရှိခဲ့လို့သာ ချန်ပီယံအဖြစ် စီးရီးအေကို တက်ရောက်နိုင်ခဲ့တာဖြစ်ပါတယ်။

### ပထမဆုံးရာသီ

ပြီးခဲ့တဲ့ရာသီတစ်လျှောက်လုံးနီးပါး ဆာဆူအိုလိုအသင်းမှာ နည်းပြဖရန်ဆက်စကိုအသုံးပြုခဲ့တဲ့ကစားကွက်က(၄-၃-၃)ပဲဖြစ်ပြီး တခြားအသင်းတွေထက် တိုက်စစ်အသားပေးကစားဟန်ကိုပိုမိုအားပြုကစားခဲ့တဲ့အသင်းဖြစ်ပါတယ်။ ဒါ့ကြောင့်လည်း ပြီးခဲ့တဲ့ရာသီမှာစီးရီးဘီမှာရဂိုး(၇၈)ဂိုး၊ ဂိုးကွာခြားချက်(+၃၈)ဂိုးနဲ့တိုက်စစ်အကောင်းဆုံးအသင်းအဖြစ်လည်း မှတ်တမ်းဝင်ခဲ့ပါတယ်။ ကစားသမားအနေအထားမှာတော့ နာမည်ကြီးကစားသမား မရှိသလောက်နည်းပါးပေမယ့် နည်းပြဖရန်ဆက်စကိုကတော့ ပြီးခဲ့တဲ့မယ့်ရာသီဟာ ဆာဆူအိုလိုအသင်းအတွက်ခက်ခဲကောင်းခက်ခဲနိုင်ပေမယ့် စီးရီးအေအသင်းတွေကိုယ်တိုင်ကလည်း ခြေစွမ်းမတည်ငြိမ်လေ့ရှိတာကြောင့် စီးရီးအေမှာကျန်ရှိနေဖို့မျှော်လင့်ချက်ကတော့ဆာဆူအိုလိုအသင်းအတွက် တောက်ပနေဆဲပါပဲ . . .။

## (၂) ဗီရိုနာ

၁၉၀၃ ခုနှစ်မှာ အထက်တန်းကျောင်းသားတွေနဲ့ စတင်ဖွဲ့စည်းခဲ့တဲ့အသင်းတစ်သင်းဖြစ်ပါတယ်။ ဗီရိုနာအသင်းရဲ့ အောင်မြင်မှုအချိန်ကာလတွေကတော့ ၁၉၈၀ ကျော်ကာလတွေပဲဖြစ်ပြီး အီတလီဘောလုံးလောကမှာ ထိပ်တန်းပါ။ ပြီးခဲ့တဲ့ရာသီ စီးရီးဘီရပ်တည်မှုဇယားမှာလည်း ချန်ပီယံဆာဆူအိုလိုအသင်းနဲ့ (၃)မှတ်သာကွာဟခဲ့ပေမယ့် အသင်းရဲ့တိုက်စစ်မှူးဒန်နီရယ်ကာစီယာကတော့ သွင်းဂိုး(၂၄)ဂိုးနဲ့ စီးရီးဘီဂိုးသွင်းဘုရင်ဆုကို ပိုင်ဆိုင်နိုင်ခဲ့ပါတယ်။

### တစ်ကျော့ပြန်အလားအလာ

ဗီရိုနာအသင်းရဲ့ ရာသီကြိုပြင်ဆင်မှုတွေကတော့ ဝါရင့်တိုက်စစ်မှူးလူကာတိုနီ၊ မာရေရာနိုလက်သစ်လို့တင်စားခံထားရတဲ့ စီရီဂလီယာနိုကို ရေးဗားပလိတ်အသင်းကနေအငှားနဲ့ခေါ်ယူထားတာ၊ ဂျီနိုအာအသင်းကွင်းလယ်တိုက်စစ်မှူး ယန်ကိုဗစ်တို့လိုအတွေ့အကြုံရှိတဲ့ကစားသမားတွေနဲ့ ရှိပြီးသားကစားသမားဟောင်းတွေနဲ့ပဲပွဲထွက်လာမယ့်အနေအထားပါ။ ပြင်ဆင်မှုပိုင်းအရတော့ အားရစရာသိပ်မရှိပေမယ့် ခြေစွမ်းပိုင်း

### ရာသီကြိုပြင်ဆင်မှုနှင့်အလားအလာ

လီဗော်နိုအသင်းဟာ ပြီးခဲ့တဲ့ရာသီစီးရီးဘီမှာ သူတို့ရဲ့ပြီးပြည့်စုံတဲ့တိုက်စစ်ကစားပုံကိုပြသနိုင်ခဲ့တဲ့အသင်းတစ်သင်းဖြစ်ပြီး ချန်ပီယံဆာဆူအိုလိုအသင်းထက် ရဂိုး(၁)ဂိုးသာလျော့နည်းခဲ့တာပါ။ ကစားသမားခေါ်ယူမှုမှာတော့ အီတလီအသင်းရဲ့ကြယ်ပွင့်ဂိုးသမားတစ်ဦးဖြစ်တဲ့ ဖရန်စွကိုဘာဒီကို အင်တာမီလန်အသင်းကနေ အငှားနဲ့ခေါ်ယူထားပြီး ဂရီကို၊ ဒီကာလီ၊ ဘီနာဆီစတဲ့လူငယ်ကစားသမားတချို့ကိုသာ အသင်းမှာပြန်လည်အားဖြည့်တာလောက်ပဲရှိပါတယ်။ ဝယ်ယူထားတဲ့ကစားသမားဆိုလို့ ဂရီကိုတစ်ဦးသာရှိပြီး သူကိုယ်တိုင်ကလည်း ကစားသမားဘဝတစ်လျှောက်မှာ(၁၇)ပွဲပဲကစားခွင့်ရရှိထားတာပါ။ လီဗော်နိုအသင်းသားတွေအနေနဲ့ စီးရီးဘီမှာအကောင်းဆုံးစွမ်းဆောင်နိုင်ခဲ့ပေမယ့် စီးရီးအေအတွေ့အကြုံကတော့ မရှိသလောက်ကို နည်းပါးပါတယ်။ ဒီအနေအထားမျိုးနဲ့ စီးရီးအေမှာရပ်တည်ဖို့ဆိုတာ ရာခိုင်နှုန်းအလွန်နည်းပါးတယ်လို့ စီးရီးအေဘောလုံးဝေဖန်သူတွေကလည်း သုံးသပ်ထားကြပြီး တန်းပြန်ဆင်းသွားရနိုင်တယ်လို့လည်း ခန့်မှန်းထားကြတာပါ။ နည်းပြနီကိုလာနဲ့ လီဗော်နိုအသင်းအနေနဲ့ကတော့ ခက်ခဲလှတဲ့ စီးရီးအေခရောင်းလမ်းကို စတင်လျှောက်လှမ်းရတော့မှာပဲဖြစ်ပါတယ် . . .။






ပြီးခဲ့တဲ့ရာသီမှာတော့ နည်းပြသစ်ဖရန်ဆက်စကိုရဲ့လမ်းညွှန်မှုအောက်မှာ ဆာဆူအိုလိုအသင်းဟာ အကောင်းဆုံးပုံစံရှိနေခဲ့ကာ ဇယားထိပ်ဆုံးမှာရပ်တည်နိုင်ခဲ့ပြီး စီးရီးအေကို ပထမဆုံးအကြိမ် တက်ရောက်လာခဲ့တာဖြစ်ပါတယ်။

### ဖရန်ဆက်စကိုရဲ့ဦးဆောင်မှု

ဆာဆူအိုလိုအသင်းဟာ စီးရီးအေတန်းတက်ခွင့်အိပ်မက်ကို နှစ်ကြိမ်တိုင်ဆုံးရှုံးခဲ့ပြီးနောက်ပိုင်းမှာတော့ အသင်းကိုပြင်ဆင်မှုတွေပြုလုပ်ခဲ့ပြီး လက်ချီအသင်းနည်းပြ ဖရန်ဆက်စကိုကို ပြန်လည်အစားထိုးခန့်အပ်လိုက်ပါတယ်။ သူ့လက်ထက်မှာ ဆာဆူအိုလိုအသင်းဟာ တစ်ရာသီလုံးနီးပါး Rhythm မှန်မှန်နဲ့ အကောင်းဆုံးပုံစံမှာရှိနေခဲ့ပြီး ပွဲ(၂၀)ကစားပြီးချိန်မှာ ရမှတ်(၄၈)အထိရရှိအောင် စွမ်းဆောင်နိုင်ခဲ့တဲ့စံချိန်ဟာ ၂၀၀၆-၀၇ ရာသီတုန်းက ဂျူဗင်တပ်စ်အသင်းရရှိခဲ့တဲ့ရမှတ်ထက် (၁)မှတ်ပိုနေခဲ့ပါသေးတယ်။ ဒါပေမဲ့ အဲဒီအချိန်တုန်းက ဂျူဗင်တပ်စ်အသင်းဟာ လုပ်ပွဲအရှုပ်တော်ပုံကြောင့်(၁၇)မှတ်လျှော့နဲ့ ယှဉ်ပြိုင်ခဲ့ရတာဖြစ်ပါတယ်။ ဒါ့အပြင် ရာသီကုန်ခါနီးအချိန်အထိ ဗီရိုနာနဲ့ လီဗော်နိုတို့ရဲ့ တောက်လျှောက်ဖိအားပေးမှုကိုခံနေခဲ့ရတာ ရာသီအတိုင်းပဲ အသင်းရဲ့ဝါရင့်ကစားသမားတချို့နဲ့ လူငယ်ကစားသမားတချို့ကို ဆက်လက်သုံးစွဲသွားမယ့်အနေအထားပါ။ ကစားသမားခေါ်ယူမှုအပိုင်းမှာလည်း ဇာဇာ၊ အဆာဘီ၊ ရိုစီနီ၊ ကာတစ်၊ ရိုဆာတီ စတဲ့အသက်(၂၂)နှစ်ဝန်းကျင်ကစားသမားတွေကိုသာခေါ်ယူထားတာပါ။ အသင်းပိုင်ရှင်စကွင်ဇီကလည်း လက်ရှိအချိန်မှာအသင်းရဲ့အဓိကရည်မှန်းချက်က စီးရီးအေမှာကျန်ရှိနေဖို့ဖြစ်ကြောင်း၊ အနာဂတ်မှာတော့ အသင်းကိုဒီထက်ပိုကောင်းတဲ့အဆင့်တစ်ခုမှာ ရပ်တည်နိုင်အောင်စွမ်းဆောင်သွားမှာဖြစ်ကြောင်း စသဖြင့်ပြောကြားထားခဲ့ပါတယ်။ လာမယ့်ရာသီ ဆာဆူအိုလိုအသင်းအတွက် စောင့်ကြည့်ရမယ့်ကစားသမားကတော့ အသက်(၁၉)နှစ်အရွယ် တိုက်စစ်မှူး ဒိုမီနီကိုဘာရာဒီပဲဖြစ်ပါတယ်။ သူဟာ ပြီးခဲ့တဲ့ရာသီမှာ အသင်းအတွက်(၁၁)ဂိုးသွင်းယူပေးနိုင်ခဲ့တဲ့အပြင် Free-kick ကန်ရာမှာလည်း ကောင်းမွန်သူဖြစ်ပြီး ဂျူဗင်တပ်စ်၊ မန်ယူ၊ မန်စီးတီး စတဲ့အသင်းတွေကတောင် ပစ်မှတ်ထားနေတဲ့ကစားသမားဖြစ်ပါတယ်။ နည်းပြဖရန်ဆက်စကိုလက်အောက်မှာ တည်ငြိမ်လာတဲ့ကစားကွက်၊ လူငယ်ကစားသမားတွေရဲ့ခြေစွမ်းနဲ့ စိတ်ဓာတ်ပိုင်းတွေပေါင်းစပ်လိုက်မယ်ဆိုရင် လာ

အသင်းတစ်သင်းအဖြစ် ရပ်တည်နိုင်ခဲ့ပါတယ်။ ၁၉၈၄-၈၅ ရာသီအသင်းရဲ့သမိုင်းမှာ ပထမဆုံးအကြိမ်အဖြစ် စကူဒက်တို(အမှတ်ပေးဖလား)ကိုရယူနိုင်ခဲ့တဲ့အပြင် ဥရောပဘောလုံးစာမျက်နှာမှာလည်း အဆင့်အတန်းရှိရှိရပ်တည်နိုင်ခဲ့တဲ့အသင်းဖြစ်ပါတယ်။ ၁၉၉၁ ခုနှစ်နောက်ပိုင်းမှာတော့ ဗီရိုနာအသင်းဟာ စီးရီးအေနဲ့ စီးရီးဘီကိုအိမ်ဦးနဲ့ကြမ်းပြင်ဆိုတဲ့အတိုင်း တန်းတက်၊ တန်းဆင်းအနေအထားမျိုးတွေမှာသာ ရှိနေခဲ့တာပါ။

### (၁၁)နှစ်ကြာပြီးနောက်

၂၀၀၂ ခုနှစ်မှာ တန်းဆင်းပြီးနောက်ပိုင်း (၁၁)နှစ်အကြာမှ စီးရီးအေကိုတစ်ကျော့ပြန်ရောက်လာတဲ့ ဗီရိုနာအသင်းဟာ ပြီးခဲ့တဲ့ရာသီစီးရီးဘီမှာအဆင့်(၂)နေရာနဲ့ တိုက်ရိုက်တန်းတက်လာတဲ့အသင်းဖြစ်ပါတယ်။ ၂၀၁၁ ခုနှစ်မှာ အင်တာမီလန်ကစားသမားဟောင်း အန်ဒရေမန်ဒိုလီနီကိုင်တွယ်ပြီးနောက်ပိုင်းမှာတော့ ဗီရိုနာအသင်းဟာကစားကွက်ပိုင်းအပြင် ကစားသမားတွေရဲ့ကွင်းတွင်း၊ ကွင်းပြင်စည်းကမ်းပိုင်းကောင်းမွန်လာခဲ့ပြီး (၁၁)နှစ်ကြာဝေးကွာနေခဲ့ရတဲ့ စီးရီးအေအိပ်မက်ကို သူ့ရဲ့ဒုတိယမြောက်ရာသီမှာပဲ အကောင်အထည်ဖော်ပေးနိုင်ခဲ့တာမှာတော့ စီးရီးအေအလယ်အလတ်တန်းအသင်းတွေနဲ့ ကောင်းကောင်းယှဉ်နိုင်တဲ့အသင်းဖြစ်ပါတယ်။ ဒါပေမဲ့(၁၁)နှစ်ကြာမှ စီးရီးအေကိုတန်းပြန်တက်လာတာကြောင့် ခက်ခဲတဲ့စိန်ခေါ်မှုတွေကတော့စောင့်ကြိုနေမှာပါ။ တန်းတက်ဗီရိုနာအသင်းအတွက် လာမယ့်ရာသီမှာတန်းမဆင်းရရင်ပဲ အသင်းအတွက်ကြီးမားတဲ့အောင်မြင်မှုတစ်ခုလို့ဆိုရမှာပါ . . .။

## (၃) လီဗော်နို

၁၉၁၅ ခုနှစ်မှာ စတင်တည်ထောင်ခဲ့တဲ့လီဗော်နိုအသင်းဟာ အီတလီဘောလုံးလောကမှာတော့ အောက်အသင်းသာသာပဲရှိတဲ့အသင်းပါ။ ၁၉၄၂-၄၃ ရာသီကတော့ လီဗော်နိုအသင်းရဲ့အအောင်မြင်ဆုံးရာသီတစ်ခုဖြစ်ခဲ့ကာ စီးရီးအေအဆင့်(၂)နေရာမှာ ရပ်တည်နိုင်ခဲ့တာပဲဖြစ်ပါတယ်။ အဆိုးရွားဆုံးကာလတွေကတော့ ၁၉၅၀ ကနေ ၁၉၉၀ အထိဖြစ်ပြီး အသင်းဟာတစ်ကြိမ်တစ်ခါမှ စီးရီးအေကိုတက်ရောက်နိုင်ခဲ့ခြင်းမရှိပါဘူး။ ၂၀၀၆ မှာတော့ အသင်းရဲ့သမိုင်းမှာ ပထမဆုံးအကြိမ်အဖြစ် UEFA ဖလားကိုဝင်ရောက်ယှဉ်ပြိုင်ခွင့်ရရှိခဲ့ပေမယ့် နောက်တစ်ရာသီမှာပဲတန်းဆင်းသွားခဲ့ရတာပါ။

### ဆာဆူအိုလို(Fact File)

| | |
|---|---|
| အမည်အပြည့်အစုံ | U.S ဆာဆူအိုလို |
| စတင်တည်ထောင်သည့်နှစ် | ၁၉၂၂ခုနှစ် |
| ကွင်း | အယ်လ်ဘာတို ဘရက်ဂ်လီယာ |
| ဝင်ဆံ့သည့်ဦးရေ | (၂၁၁၅၁)ဦး |
| ပိုင်ရှင် | ဂျော်ဂျီယိုစကွင်ဇီ |
| လက်ရှိနည်းပြ | အူစီဘီယိုဒီဖရန်ဆက်စကို |

### ဗီရိုနာ(Fact File)

| | |
|---|---|
| အမည်အပြည့်အစုံ | ဟဲလ်လက်စ်ဗီရိုနာ FC |
| အမည်ပြောင် | The Scaligers (The Boys) |
| စတင်တည်ထောင်သည့်နှစ် | ၁၉၀၃ခုနှစ် |
| ကွင်း | မက်အန်တိုနီယိုဘန်တီဂိုဒီ |
| ဝင်ဆံ့သည့်ဦးရေ | (၃၉၂၁၁)ဦး |
| ပိုင်ရှင် | မောရီဇီယိုဆက်တီ |
| လက်ရှိနည်းပြ | အန်ဒရေမန်ဒိုလီနီ |

### လီဗော်နို(Fact File)

| | |
|---|---|
| အမည်အပြည့်အစုံ | AS လီဗော်နို |
| အမည်ပြောင် | The mullets |
| စတင်တည်ထောင်သည့်နှစ် | ၁၉၁၅ခုနှစ် |
| ကွင်း | အာမန်ဒိုပစ်ချီ |
| ဝင်ဆံ့သည့်ဦးရေ | (၁၉၂၃၈)ဦး |
| ပိုင်ရှင် | အယ်လ်ဒိုစပင်နယ်လီ |
| လက်ရှိနည်းပြ | ဒေးဗစ်နီကိုလာ |

# ရွာငယ်လေးဆီမှ ကမ္ဘာကြီးဆီသို့

ဒီးဒီး

ထိုင်းနိုင်ငံမှာ ကြက်တောင်အားကစားနည်းက ဆင်းရဲမွဲတေမှုက လွတ်မြောက်ရာလမ်းမဟုတ်ပါဘူး။ ဒါပေမဲ့(၁၈)နှစ်အရွယ်သာရှိသေးတဲ့ ရက်ချာနော့အင်သာနွန်က ပထမဆုံးလမ်းသစ်ဖောက် ပြီးလျှောက်လှမ်းနိုင်ခဲ့ပါပြီ။ သကြားလုံးစက်ရုံအလုပ်သမားမိဘနှစ်ဦးရဲ့ သမီးငယ်ဖြစ်တဲ့ ရက်ချာနော့က သကြားလုံး စက်ရုံပိုင်ကြက်တောင်ကွင်းလေးကနေ ကမ္ဘာ့ချန်ပီယံတစ်ဦးဘဝကို ရောက်ရှိလာခဲ့ပါပြီ။

ရက်ချာနော့က ဘန်ကောက်မြို့ရဲ့မြောက်ဘက်အစွန်အဖျားဒေသမှာ အခြေချသူတွေပါ။ သူတို့မိသားစုက ကမ္ဘောဒီးယားနယ်စပ်ရွာလေးတစ်ရွာက နေပြောင်းရွှေ့လာတာပါ။ ပြီးတော့ မိဘတွေအလုပ်လုပ်တဲ့ သကြားလုံးစက်ရုံမှာနေပြီး (၅)နှစ်သမီးအရွယ်ကတည်းက ဘက်တံတွေကို စကိုင်ခဲ့ပါတယ်။ ငယ်ငယ်ကတည်းက သကြားလုံးစက်ရုံရဲ့ ရေနွေးကန်ကြီးတွေနဲ့ အပူပြင်းပြင်းတိုက်ထားတဲ့ သကြားတွေကြားထဲမှာ ပြေးလွှားပြီးလေ့ကျင့်ရပါတယ်။ စက်ရုံပိုင်ရှင်က အသက်အန္တရာယ်အတွက်စိုးရိမ်လို့ လေ့ကျင့်ခန်းဆင်းခွင့်ပိတ်ပင်ခံခဲ့ရတဲ့အတွက် ရွှေရောင်ချွေးစက်များဆိုတဲ့ ကြက်တောင်ရိုက်ရုံမှာ သင်တန်းသွားတက်ခဲ့ပါတယ်။ ဆင်းရဲတဲ့မိဘတွေကို စက်ရုံပိုင်ရှင်က ရက်ချာနော့အတွက်ပါ အပိုထောက်ပံ့ကြေးပေးခဲ့လို့ အခုလိုသင်တန်းတက်နိုင်ခဲ့တာဖြစ်ပါတယ်။ သင်တန်းပိုင်ရှင်မှာ ကိုယ်ပိုင်ကြက်တောင်ရိုက်ရုံလေးရှိပါတယ်။ သူ့နာမည်က ကာမာလာဖြစ်တယ်။ သားတစ်ယောက်ရှိတယ်။ သားဖြစ်သူက ကမ္ဘာ့ချန်ပီယံရက်ချာနော့ရဲ့ လက်ရှိနည်းပြဖြစ်လာခဲ့ပါတယ်။

ရက်ချာနော့ရဲ့ ပြိုင်ပွဲဝင်စားရိတ်နဲ့လမ်းခရီးကုန်ကျစရိတ်တွေကို သူတို့ ကြက်တောင်ရိုက်ရုံက ရရှိတဲ့ဝင်ငွေအနည်းငယ်နဲ့ အကုန်အကျခံယှဉ်ပြိုင်စေခဲ့ပါတယ်။ ရေရှည်မှာအကျိုးတော့မယုတ်ခဲ့ပါဘူး။ ရက်ချာနော့က အသက် (၁၄)နှစ်အရွယ်မှာ ကမ္ဘာ့လူငယ် ကြက်တောင်ရိုက်ပြိုင်ပွဲမှာ ချန်ပီယံဖြစ်ခဲ့ပါတယ်။ သမိုင်းတစ်လျှောက်အသက်အငယ်ဆုံးချန် ပီယံဖြစ်ပါတယ်။ ရက်ချာနော့နဲ့အတူ နာမည်ကျော်လာတဲ့ ဒီကြက်တောင်ရိုက်ရုံလေးက အခပေးတက်တဲ့ သင်တန်းသူ(၂၅၀)၊ ကမ္ဘာ့အဆင့် ရိုက်ခဲ့တဲ့ တရုတ်လက်ရွေးစင်ဟောင်း သင်တန်း နည်းပြ(၃)ဦးနဲ့အတူ ဝင်ငွေကောင်းတဲ့ သင်တန်းရုံတစ်ခုဖြစ်နေပါပြီ။ ရက်ချာနော့က ပြီးခဲ့တဲ့ အပတ်တုန်းက တရုတ်နိုင်ငံ၊ ကွမ်ကျိုးမြို့မှာ ကျင်းပခဲ့တဲ့ ကမ္ဘာ့ချန်ပီယံရှစ်ပြိုင်ပွဲမှာ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပါတယ်။

ကြေးစားတင်းနစ်လောကရဲ့ ဂုဏ်သိက္ခာအကြီးဆုံးပြိုင်ပွဲဖြစ်ပြီး အိုလံပစ်ချန်ပီယံတရုတ်ကြက်တောင်မယ် လီရွှယ်ရဝေက ဗိုလ်စွဲဖို့ရေပန်းစားခဲ့ပါတယ်။ ဒါပေမဲ့ လီရွှယ်ရဝေကိုလည်း ရက်ချာနော့က သူ့ကွင်း သူ့ပရိသတ် ရှေ့မှာအနိုင်ကစားခဲ့ပြီးတဲ့နောက် သမိုင်းမှတ်တိုင်တစ်ခုကိုစိုက်ထူနိုင်ခဲ့ပါတယ်။ ဒီလိုဆွမ်းဆောင်ရည်မျိုးကို ထိုင်းလူမျိုးဘယ်သူတစ်ဦးတစ်ယောက်ကမှ မစွမ်းဆောင်ခဲ့ဖူးပါဘူး။ ဒီအောင်မြင်မှုအတွက် ထိုင်းနိုင်ငံဝန်ကြီးချုပ် ယင်းလက်ခ်ရှင်နာဝပ်ထရာက ဂုဏ်ပြုဆုငွေဘတ်(၂)သန်း(ဒေါ်လာ၆၄၀၀၀)ကိုချီးမြှင့်ခဲ့ပါတယ်။ ရက်ချာနော့နဲ့ ထိုင်းနိုင်ငံရဲ့ ရုပ်သံတွေခုံမှုက ထိုင်းနိုင်ငံရဲ့ ရုပ်သံကြည့်ရှုမှုမှတ်တမ်းမှာ စံချိန်ချိုးခဲ့ပါတယ်။ သွားလေရာမှာ လူဝိုင်းနေပါတယ်။သူ့ရဲ့အောင်မြင်မှုကို ဂုဏ်ပြုကြသူတွေထဲမှာ နိုင်ငံရေး၊ စီးပွားရေး၊ ရုပ်ရှင်၊ ဂီတနယ်ပယ်က ထင်ရှားသူတွေလည်းပါဝင်ခဲ့ပါတယ်။

ဘန်ကောက်မြို့ရဲ့ ရဲမင်းကြီးက ရေဒီယိုအစီအစဉ်တစ်ခုကနေ ရက်ချာနော့ကို တစ်ဦးချင်းရိုက်ဖို့စိန်ခေါ်လိုက်ပြီး၊ သူ့ကိုနိုင်ရင် ဘတ်(၅၀၀၀၀)ပေးမယ်လို့ စိန်ခေါ်လိုက်တာကို၊ ရက်ချာနော့က ပြန်လည်လက်ခံလိုက်ပါတယ်။ ဒီပွဲမှာအနိုင်ရပြီး နောက်ထပ်ငွေတွေတစ်ပွေ့တစ်ပိုက်ရရှိခဲ့ပါတယ်။ ရဲမင်းကြီး ကမ်ရွန်ဝတ်က "ရက်ချာနော့ကိုနိုင်ချင်တာမဟုတ်ပါဘူး။ သူနဲ့ တစ်ပွဲလောက်ပဲရိုက်ရပါစေဆိုတဲ့ရည်ရွယ်ချက်နဲ့စိန်ခေါ် ခဲ့တာပါ"လို့ ဖွင့်ဟခဲ့ပါတယ်။ ရက်ချာနော့က မထင်မရှားကြက်တောင်မယ်ဘဝကနေ တရုတ်၊ အင်ဒိုနီးရှား၊ ကိုရီးယားတို့ လွှမ်းမိုးထားတဲ့ ကြက်တောင်ကမ္ဘာမှာ ကမ္ဘာ့အဆင့်(၂)နေရာကို တက်လှမ်းလာနိုင်ပါပြီ။ "ကျွန်မ ကမ္ဘာ့အဆင့်(၁)ဖြစ်ချင်ပါတယ်။ ပြီးတော့ ရီယိုဒီဂျနေးရိုးအိုလံပစ်မှာ ထိုင်းနိုင်ငံအတွက် ရွှေတံဆိပ်တစ်ခုဆွတ်ခူးပေးချင်ပါတယ်"လို့ သူကဖွင့်ဟခဲ့ပါတယ်။

ထိုင်းမီဒီယာတွေကတော့ ရက်ချာနော့ဟာ အောင်မြင်သူသာမဟုတ်ဘူး။ လမ်းသစ်ဖောက်သူတစ်ဦးအဖြစ်ပါဂုဏ်ပြုဖော်ပြနေကြပါတယ်။ သကြားလုံးစက်ရုံက အလုပ်သမားမိဘတွေဟာ အခုအချိန်မှာ ကိုယ်ပိုင်စားသောက်ဆိုင်လေးဖွင့်ဖို့ စီစဉ်နေပါပြီ။ သူတို့က ရက်ချာနော့ဟာ သူရသုဆုကြေးနဲ့ဝင်ငွေတွေကို မိဘတွေကို အကုန်ပြန်အပ်ခဲ့တယ်လို့ ဆိုခဲ့ပါတယ်။ မွေးရာကျိုးနပ်တဲ့သမီးလေးအတွက်ဂုဏ်ယူစကားဆိုခဲ့ပါတယ်။

"ရက်ချာနော့ကို နိုင်ချင်တာ မဟုတ်ပါဘူး။ သူနဲ့ တစ်ပွဲ လောက်ပဲရိုက်ရ ပါစေဆိုတဲ့ ရည်ရွယ်ချက်နဲ့ စိန်ခေါ် ခဲ့တာပါ...

ရဲမင်းကြီးကမ်ရွန်ဝတ်





ထိုင်းဝန်ကြီးချုပ် ယင်းလက်ခ်ရှင်နာဝပ်နှင့်အတူတွေ့ရသည့် ရက်ချာနော့

First Eleven Sports Journal Vol:14 No.12 22, August, 2013

UEFA EUROPA LEAGUE

**PLAY-OFF 1st LEG**

*ယူရိုပါလိဂ် Play-off အဆင့်က (၁၁)ပွဲကစားရမှာဖြစ်ပေမယ့် PAOK က မက်တဲလစ်အစား ချန်ပီယံလိဂ်ယှဉ်ပြိုင်ခွင့်ရှိနေလို့ PAOKနဲ့တွေ့မယ့် မက္ကာဘီတဲလ်အဗစ်အသင်းဟာ အုပ်စုအဆင့်ကို အလိုအလျောက်တက်ရောက်ခွင့်ရခဲ့ပါတယ်◦◦◦*

# ဆီဗီလာ၊ ဆွမ်ဆီးတို့ အခြေအနေကောင်းနိုင်တဲ့


Photo : AFP

စပါးနည်းပြ ဘိုအက်ရှ်နှင့် အသင်းသားများအား လေ့ကျင့်ရေးကွင်းတွင်တွေ့ရစဉ်

## ဒိုင်နမိုတီဘီလီဆီ နှင့် စပါး

| ဒိုင်နမို | နောက်ဆုံး(၅)ပွဲ | စပါး | |
|---|---|---|---|
| စထရေမာ | W(A)(3-1) | MKဒွန်းစ် | L(A)(0-1) |
| စတူအာ | L(H)(0-2) | မိုနာကို | L(A)(2-5) |
| စတူအာ | D(A)(1-1) | ကမ်းဘရစ်ချ် | W(A)(5-0) |
| ဇက်စတာဖိုနီ | W(H)(2-1) | အက်စ်ပန်ညို | D(H)(1-1) |
| ဒီလာဂိုရီ | D(A)(1-1) | ပဲလေ့စ် | -(A)(-) |

ရာသီကြိုခြေစမ်းပွဲတွေ ကစားသွားတဲ့ စပါးခြေစွမ်းကတော့ အားရစရာမရှိပါဘူး။ ဒါပေမဲ့ ပေါလင်ဟို၊ ချက်ဒ်လီ၊ ကာပိုး၊ ဆိုလ်ဒါဒိုတို့ရောက်လာတဲ့ ကွင်းလယ်နဲ့ တိုက်စစ်ပိုင်းကအင်အားတောင့်လာတဲ့အပြင် ဘေးလ်ကိုသာ ဆက်ထိန်းထားနိုင်ခဲ့ရင် စပါးရဲ့ကစားသမားစုဖွဲ့မှုက ယမန်နှစ်ရာသီထက်များစွာသာလွန်သွားမှာပါ။ ဂျော်ဂျီယာကလပ် ဒိုင်နမိုတီဘီလီဆီကတော့ အိမ်ကွင်းဖြစ်တာကလွဲလို့ စပါးကိုယှဉ်နိုင်ဖို့မရှိပါဘူး။ စပါးအနိမ့်ဆုံးသရေနဲ့အနိုင်ပါပဲ။

## ဆီဗီလာ နှင့် ဆလက်ဝရိုကလော

| ဆီဗီလာ | နောက်ဆုံး(၅)ပွဲ | ဆလက် | |
|---|---|---|---|
| ဘာစီလိုနာSC | W(A)(3-1) | ကလပ်ဘရုဂေး | W(H)(1-0) |
| အမ်လာဒွေ့စ် | W(H)(3-0) | ဝစ်ဆလာ | D(H)(0-0) |
| အမ်လာဒွေ့စ် | W(A)(6-1) | ကလပ်ဘရုဂေး | D(A)(3-3) |
| မန်ယူ | W(A)(3-1) | ပိုဂွန် | D(A)(2-2) |
| အက်သလက်တီကို | -(H)(-) | စတာလိုဝ် | W(A)(3-1) |

နာဗတ်စ်၊ နီဂရိုဒို၊ မီဒယ်လ်၊ ကမ်ပါနာတို့ ထွက်သွားတဲ့နေရာမှာ ဆီဗီလာ အစားထိုးဖို့မလွယ်ပါဘူး။ ဒါပေမဲ့ မာရင်၊ ဂါမဲရိုးတို့လို ကစားသမားတွေက ပိုလန်ကလပ် ဆလက်ဝရိုကလောလိုအသင်းမျိုးနဲ့ပွဲမှာတော့ အလုပ်ဖြစ်လောက်ပါတယ်။ ဆီဗီလာဂိုးပြတ်နိုင်ဖို့များတဲ့ပွဲပါ။

## ဂရက်စ်ဟော့ပါး နှင့် ဖီအိုရင်တီးနား

| ဂရက်စ်ဟော့ပါး | နောက်ဆုံး(၅)ပွဲ | ဖီအိုရင်တီးနား | |
|---|---|---|---|
| လိုင်ယွန် | L(A)(0-1) | ပါလာမို | W(H)(1-0) |
| လော်ဆန်း | D(A)(0-0) | ပက်စ်ကာရာ | W(A)(5-1) |
| လိုင်ယွန် | L(H)(0-1) | ခရီမိုနီဆီ | W(H)(7-1) |
| ဆီယွန် | D(H)(0-0) | အပိုလွန် | W(H)(7-0) |
| ခရီယန်စ် | W(A)(1-0) | စပို့တင်းလစ္စဘွန်း | L(A)(0-3) |

ဂရက်စ်ဟော့ပါးတို့ ချန်ပီယံလိဂ်ခြေစစ်ပွဲမှာ လိုင်ယွန်ကို နှစ်ကျော့စလုံးရှုံးနိမ့်ခဲ့ပေမယ့် အပြန်အလှန်ကစားနိုင်ခဲ့ပါတယ်။ ဖီအိုရင်တီးနားမှာ ဂိုးမက်ဇ်၊ ယော်ကွင်း၊ အီလီချစ်တို့အထိုင်ကျဖို့ မလွယ်သေးတဲ့အပြင် ဆွစ်ကလပ်တွေအိမ်ကွင်းမာလို့ ဂရက်စ်ဟော့ပါးဘက်ကပဲရပ်တည်သင့်ပါတယ်။

## အခြားပွဲစဉ်များ

FC အက်တိုဘီ(ကာဇက်စတန်) - ဒိုင်နမိုကိပ်(ယူကရိန်း)
ကာရာဘတ်(အဇာဘိုင်ဂျန်) - ဖရန့်ဖတ်(ဂျာမနီ)
ကူဘန်ခရက်နိုဒါ(ရုရှား) - ဗီယင်န(ဟော်လန်)
အက်ထရိုမီတော့စ်(ဂရိ) - အယ်လ်ခမာ(ဟော်လန်)
ယာဘလိုနက်(ချက်) - ဘက်တစ်(စပိန်)
မက္ကာဘီဟိုင်ဖာ(အစ္စရေး) - အစ္စထရာ(ရိုမေးနီးယား)
FC မင့်ခ်(ဘီလာရုစ်) - စတန်းဒတ်လိဂ်(ဘယ်လ်ဂျီယံ)
အက်ဘ်ဂျက်(ဒိန်းမတ်) - စိန့်အက်တီယန်(ပြင်သစ်)
မိုလ်ဒီ(နော်ဝေ) - ရှူဘင်ကာဇန်(ရုရှား)
နမ်မီကယ်ယူ(အက်စ်တိုးနီးယား) - ဒီနီပရို(ယူကရိန်း)
စိန့်ဂါလန်(ဆွစ်ဇာလန်) - စပါးတပ်မော်စကို(ရုရှား)
ဆာလ်ဇ်ဘာ့ဂ်(ဩစတြီးယား) - ဇယ်လ်ဂီရစ်(လစ်သူယေးနီးယား)
ကူကက်ဆီ(အယ်လ်ဘေးနီးယား) - ထရတ်ဇွန်စပေါ်(တူရကီ)
အပိုလွန်လီမာဆိုးလ်(ဆိုက်ပရပ်စ်) - နိုက်စ်(ပြင်သစ်)
အဲလ်ဖ်ဘာ့ဂ်(ဆွီဒင်) - နော့စ်ဂျေးလန်း(ဒိန်းမတ်)
ဟတ်နာယော်ဒါ(အိုက်စလန်) - KRCဂျန့်(ဘယ်လ်ဂျီယံ)
ပန်ဒူရီ(ရိုမေးနီးယား) - စပို့တင်းဘရာဂါ(ပေါ်တူဂီ)
ထရွန်ဆို(နော်ဝေ) - ဘက်ဆစ်တက်(တူရကီ)
ချာနိုမိုရတ်စ်(ယူကရိန်း) - စကန်ဒါဗျူ(အယ်လ်ဘေးနီးယား)
ပါတီဇန်ဘဲလ်ဂရိတ်(ဆားဘီးယား) - FCသွန်း(ဆွစ်ဇာလန်)
ရီဂျီကာ(ခရိုအေးရှား) - စတုဂတ်(ဂျာမနီ)
ဗိုဗိုဒီနာ(ဆားဘီးယား) - ရာရစ်ဖ်(မော်လ်ဒိုဗာ)
ဇူလ်ဝါရီဂမ်(ဘယ်လ်ဂျီယံ) - အပိုးလ်နီကိုးရှား(ဆိုက်ပရပ်စ်)
ရက်ပစ်ဗီအန်(ဩစတြီးယား) - ဒီလာဂိုရီ(ဂျော်ဂျီယာ)
အက်စတိုရယ်လ်(ပေါ်တူဂီ) - FCပတ်စ်ချင်း(ဩစတြီးယား)
အူဒီးနီးစ်(အီတလီ) - ဆလိုဗန်လီဘရက်(ချက်)

## ဆွမ်ဆီး နှင့် ပတ်ထရိုလူ

| ဆွမ်ဆီး | နောက်ဆုံး(၅)ပွဲ | ပတ်ထရိုလူ | |
|---|---|---|---|
| ယိုဗီးလ် | W(A)(5-0) | ဗွီတက်ဆီ | D(A)(1-1) |
| ရက်ဒင်း | W(A)(3-0) | ဘရာဆော့ဗ် | D(H)(0-0) |
| မာလ်မို | W(H)(4-0) | ဗွီတက်ဆီ | W(A)(2-1) |
| မာလ်မို | D(A)(0-0) | ဂါလာတီ | W(A)(2-1) |
| မန်ယူ | L(H)(1-4) | စီအာလော | D(H)(1-1) |

ပရီးမီးယားလိဂ်အဖွင့်ပွဲမှာ မန်ယူကို ဂိုးပြတ်ရှုံးခဲ့ရပေမယ့် ဆွမ်ဆီးခြေစွမ်းပိုင်းမဆိုးပါဘူး။ မီချူး၊ ဘိုနီတို့နှစ်ဦးစလုံး ဂိုးသွင်းခြေထက်မြက်မှုရှိပုံမျိုးနဲ့ ပတ်ထရိုလူနောက်တန်းထိန်းချုပ်ဖို့ခက်ပါလိမ့်မယ်။ ရိုမေးနီးယားကလပ်ဖြစ်တဲ့ ပတ်ထရိုလူ အဝေးကွင်းမှာ သရေခံကန်ဖို့ပဲအားထုတ်မှာဖြစ်ပေမယ့် နိုင်ငံတွင်း စတူအာဘူခါရက်၊ ကလုချ်အသင်းတွေလောက်တောင် အင်အားမတောင့်ပါဘူး။ ဆွမ်ဆီး ဂိုးပြတ်၊ မပြတ်ပဲကြည့်ရမှာပါ။

## ချယ်လ်ဆီး နှင့် အက်စတွန်ဗီလာ

### နောက်ဆုံး(၅)ပွဲ အခြေအနေ

| ချယ်လ်ဆီး | | | အက်စတွန်ဗီလာ | | |
|---|---|---|---|---|---|
| အင်တာမီလန် | W(-) | (2-0) | ခရူဗီ | W(A) | (5-1) |
| အေစီမီလန် | W(-) | (2-0) | ဝါဆောလ် | W(A) | (5-0) |
| ရီးယဲယ် | L(-) | (1-3) | ရှမ်ရော့ခ်ရိုဗာ | W(A) | (2-0) |
| ရိုးမား | W(-) | (2-1) | မာလာဂါ | W(H) | (3-2) |
| ဟားလ်စီးတီး | -(H) | (-) | အာဆင်နယ် | W(A) | (3-1) |




| ဗီလာအိမ်ကွင်း နောက်ဆုံး(၄)ပွဲဆုံတွေ့ခဲ့မှု | | | |
|---|---|---|---|
| ၂၀၀၉-၁၀ | ချယ်လ်ဆီး | ၇-၁ | အက်စတွန်ဗီလာ |
| ၂၀၁၀-၁၁ | ချယ်လ်ဆီး | ၃-၃ | အက်စတွန်ဗီလာ |
| ၂၀၁၁-၁၂ | ချယ်လ်ဆီး | ၁-၃ | အက်စတွန်ဗီလာ |
| ၂၀၁၂-၁၃ | ချယ်လ်ဆီး | ၈-၀ | အက်စတွန်ဗီလာ |

* ချယ်လ်ဆီးအသင်းသည် နောက်ဆုံးကစားထားသည့် ပရီးမီးယားလိဂ်အိမ်ကွင်းနောက်ဆုံး (၈)ပွဲ (ဟားလ်စီးတီးနှင့်ပွဲမပါ)တွင် (၇)ပွဲအထိ အနိုင်ရရှိထားသည်။
* နောက်ဆုံးကစားခဲ့သည့် ပရီးမီးယားလိဂ်အဝေးကွင်း(၁၂)ပွဲတွင် ဗီလာ၏ တစ်ပွဲပျမ်းမျှဂိုးသွင်းနှုန်းမှာ (၂.၅)ဂိုးကျော် ရှိသည်။

ဘေယန်နဲ့ဥရောပစူပါဖလားပွဲယှဉ်ပြိုင်ကစားရမှာဖြစ်လို့ ချယ်လ်ဆီးတို့ ပရီးမီးယားလိဂ်ပွဲစဉ်(၃)ကိုကြိုကစားတာဖြစ်ပါတယ်။ ချယ်လ်ဆီးအိမ်ကွင်းမှာ ဒုက္ခပေးတတ်တဲ့အသင်းစာရင်းထဲ ဗီလာပါပေမယ့် ယမန်နှစ်ရာသီမှာတော့ ဂိုးပြတ်ရှုံးနိမ့်ခဲ့ပါတယ်။ ပြီးခဲ့တဲ့ရာသီအဆုံးသတ်ပိုင်းနဲ့ ရာသီကြိုခြေစမ်းပွဲတွေမှာ ဂိုးသွင်းခြေစွမ်းပြနေတဲ့ ဗီလာ ပရီးမီးယားလိဂ်အဖွင့်ပွဲစဉ်အထိ ပုံစံကောင်းကိုဆက်ထိန်းထားနိုင်ဆဲပါပဲ။ ဒါပေမဲ့ အာဆင်နယ်နဲ့ချယ်လ်ဆီးနောက်တန်းအနေအထားချင်းမတူတာကြောင့် ဘန်တီကီကိုသာတည်ကစားနေရတဲ့ ဗီလာတိုက်စစ်ပိုင်းအခွင့်အရေးရဖို့မလွယ်ပါဘူး။ (၁-၀)ပေါ်လစီနဲ့ နာမည်ကြီးခဲ့တဲ့ မော်ရင်ဟိုအဖို့ လက်ရှိချယ်လ်ဆီးကစားသမားပိုင်းက ရီးယဲယ်အခင်းအကျင်းနဲ့သိပ်မကွာလို့ နှစ်သင်းစလုံးအပြန်အလှန်တိုက်စစ်ဖွင့်ကစားရင်း သွင်းဂိုးတွေများသွားဖို့ရှိပါတယ်။ ချယ်လ်ဆီးပွဲထွက်စာရင်းတည်ငြိမ်မှုမရှိတာကလွဲရင် စတမ်းဖို့ဒ်ဘရစ်ချ်မှာ ဂိုးပြတ်၊မပြတ်ပဲကြည့်ရပါလိမ့်မယ်။

*စပိန်စူပါဖလားပြိုင်ပွဲကတော့ နှစ်ကျော့ယှဉ်ပြိုင်ကစားမှာဖြစ်ပြီး လာလီဂါချန်ပီယံ ဘာစီလိုနာနဲ့ ဘုရင့်ဖလားချန်ပီယံ အက်သလက်တီကိုတို့ဟာ အက်သလက်တီကိုကွင်းမှာပထမအကျော့ယှဉ်ပြိုင်ကစားမှာဖြစ်ပါတယ်◦◦◦*

RFEF SUPERCOPA DE ESPAÑA

**1st LEG**

# မက်ဆီ-နေမာ တိုက်စစ်အတွဲရဲ့ ပထမဆုံးပွဲကျပ်


Photo : AFP

အက်သလက်တီကိုအိမ်ကွင်းတွင် ယမန်နှစ်ရာသီ လာလီဂါပွဲစဉ် ဆုံတွေ့ခဲ့မှု

## အက်သလက်တီကို နှင့် ဘာစီလိုနာ

### နောက်ဆုံး(၅)ပွဲ အခြေအနေ

| အက်သလက်တီကို | | | ဘာစီလိုနာ | | |
|---|---|---|---|---|---|
| ဆီဗီလာ | -(A) | (-) | လက်ဂျာဂန့် | D(A) | (2-2) |
| နေစီယွန်နယ် | W(A) | (2-0) | ဆန်းတို့စ် | W(H) | (8-0) |
| ခရုစ္စတယ် | W(A) | (1-0) | ထိုင်း | W(A) | (7-1) |
| အက်စတူဒီယန်တီ | L(A) | (0-1) | မလေးရှား | W(A) | (3-1) |
| ဇာရာဂိုဇာ | W(A) | (3-1) | လီဗန်တေး | -(H) | (-) |




| အက်သလက်တီကိုအိမ်ကွင်း နောက်ဆုံး(၄)ပွဲဆုံတွေ့ခဲ့မှု | | | |
|---|---|---|---|
| ၂၀၀၉-၁၀ | အက်သလက်တီကို | ၂-၁ | ဘာစီလိုနာ |
| ၂၀၁၀-၁၁ | အက်သလက်တီကို | ၁-၂ | ဘာစီလိုနာ |
| ၂၀၁၁-၁၂ | အက်သလက်တီကို | ၁-၂ | ဘာစီလိုနာ |
| ၂၀၁၂-၁၃ | အက်သလက်တီကို | ၁-၂ | ဘာစီလိုနာ |

* ဘာစီလိုနာအသင်းသည် အက်သလက်တီကိုနှင့်ထိပ်တိုက်တွေ့ဆုံမှုများတွင် နောက်ဆုံး(၃)ရာသီဆက် အိမ်ကွင်း၊ အဝေးကွင်း(၆)ပွဲစလုံးအနိုင်ရရှိထားခဲ့သည်။
* ယင်းနှစ်သင်း ရင်ဆိုင်ယှဉ်ပြိုင်ရသည့်အကြိမ်တိုင်းတွင် အရှုံးအနိုင်အဖြေပေါ်သည့် ပွဲများခဲ့ပြီး နောက်ဆုံးကစားခဲ့သည့်(၁၉)ပွဲတွင် (၁)ပွဲသာသရေကျခဲ့သည်။

ပြီးခဲ့တဲ့ရာသီအဆုံးသတ်ပိုင်းမှာ ဘာစီလိုနာအဝေးကွင်းတွေမှာ ရလဒ်မကောင်းတဲ့ပွဲတွေများခဲ့ပေမယ့် လာလီဂါချန်ပီယံအတွက် အဖြေကထွက်လုနီးပါးဖြစ်နေခဲ့တာကို သတိပြုသင့်ပါတယ်။ ပရိသတ်စိတ်ဝင်စားမှုအများဆုံး မက်ဆီ-နေမာ တိုက်စစ်အတွဲအဖို့လည်း ပထမဆုံးရင်ဆိုင်ရမယ့် ပွဲကျပ်တစ်ပွဲဖြစ်လာပါလိမ့်မယ်။ ဖယ်လ်ကာအိုထွက်သွားလို့ အက်သလက်တီကို အားနည်းသွားတာမှန်ပေမယ့် တိုက်စစ်မှာ ဘက်တစ္စတာအိုနဲ့ ဒေးဗစ်ဗီလာ၊ နောက်တန်းမှာ ဒီမစ်ချယ်လစ်၊ ဟိုဆေးဂျီမီနက်ဇ်တို့ ရောက်လာလို့ ကစားသမားအင်အားက ယမန်နှစ်ရာသီကထက်တောင့်တင်းမှုပိုရှိပါတယ်။ ဖယ်လ်ကာအိုနေရာ ဒေးဗစ်ဗီလာကို အထောင်ကစားခိုင်းဖို့ရှိပြီး ကျန်တဲ့နေရာတွေမှာတော့ကစားကွက်အခင်းအကျင်းက ယမန်နှစ်အတိုင်း ကွာခြားမှုမရှိနိုင်ပါဘူး။ နောက်ဆုံး(၃)နှစ်ဆက် အိမ်ကွင်းမှာ ဘာစီလိုနာကို အရေးနိမ့်ခဲ့ပေမယ့် ဖလားပွဲတွေဆို အက်သလက်တီကို ကံကြမ္မာကောင်းရတတ်ပါတယ်။ ထိပ်တိုက်တွေ့ဆုံမှုနဲ့ခြေစွမ်းပိုင်းသာပေမယ့် ဘာစီလိုနာအလွန်ဆုံးကပ်နိုင်ပါပဲ။

CHAMPIONS LEAGUE

PLAY-OFF
1st LEG

ချန်ပီယံလိဂ် *Play-off* အဆင့်ခြေစစ်ပွဲ ပထမအကျော့ပွဲစဉ်တွေကို လာမယ့် အင်္ဂါ၊ ဗုဒ္ဓဟူးနေ့တွေမှာ ယှဉ်ပြိုင်ကစားသွားမှာဖြစ်ပါတယ်။ ဥရောပထိပ်တန်းအဆင့်ကနေ တဖြည်းဖြည်း လျော့ကျလာတဲ့ အေစီမီလန်၊ အာဆင်နယ်အသင်းတွေအဖို့ PSV၊ ဖီနာဘာချီတို့လိုအသင်းတွေနဲ့ အဝေးကွင်းကစားရမှာဖြစ်လို့ သိပ်တော့မလွယ်ပါဘူး။ အခုရက်သတ္တပတ် ပထမအကျော့ပွဲစဉ်တွေမှာတော့ အိမ်ရှင်အသင်းအများစု ရလဒ်ကောင်းဖို့ရှိနေပါတယ်...

# အေစီမီလန်၊ အာဆင်နယ်တို့ ရုန်းကန်ရမယ့်

**Play-off ပွဲစဉ်များ (ပကျော့)**

| | | |
|---|---|---|
| ဒိုင်နမိုဇာဂရက် | - | ဩစတြီးယားဗီအန် |
| လူဒိုဂိုရက်စ် | - | ဘေဆယ် |
| ပစ်တိုးရီးယားပါလ်ဇန် | - | မာရီဘော |
| ရှက်တာကာရာဂန်ဒီ | - | ဆဲလ်တစ် |
| စတူအာဘူခါရက် | - | လီဂီယာဝါဆော |
| လိုင်ယွန် | - | ဆိုစီဒက် |
| ရှော်လ်ကာ | - | PAOK |
| ပါကို့စ်ဖာရဲရား | - | ဇင်းနစ် |
| PSV | - | အေစီမီလန် |
| ဖီနာဘာချီ | - | အာဆင်နယ် |




Photo : AFP

Photo : AFP

အာရှခြေစမ်းခရီးထွက်ခဲ့စဉ်က လေ့ကျင့်ရေးကွင်းတွင် တွေ့ရသည့် အာဆင်နယ်အသင်းသားများ

## PSV နှင့် အေစီမီလန်

| PSV | နောက်ဆုံး(၅)ပွဲ | | အေစီမီလန် | | |
|---|---|---|---|---|---|
| ဇွုလ်ဝါရီဂမ် | W(H) | (2-0) | မန်စီးတီး | L(-) | (3-5) |
| ဒန်းဟတ် | W(A) | (3-2) | ဆော်ပေါလို | W(-) | (1-0) |
| ဇွုလ်ဝါရီဂမ် | W(A) | (3-0) | ချယ်လ်ဆီး | L(-) | (0-2) |
| NECနီမီဂျန် | W(H) | (5-0) | LAဂလက်ဆီ | W(-) | (2-0) |
| ဂိုးလ်အဟတ် | W(H) | (3-0) | ဒါသိုနာ | W(-) | (11-0) |

နောက်ဆုံး(၃)ပွဲ ဆုံတွေ့ခဲ့သမျှ

| | | | | |
|---|---|---|---|---|
| ၄-၅-၂၀၀၅ | PSV | ၃-၁ | အေစီမီလန် |
| ၂၀-၁၀-၂၀၀၅ | အေစီမီလန် | ၀-၀ | PSV |
| ၂-၁၁-၂၀၀၅ | PSV | ၁-၀ | အေစီမီလန် |

အဒမ်မာဟာ၊ စတင်ရှား၊ ပက်ဂျီဆန်တို့ရောက်လာတဲ့ PSV ကွင်းလယ် ပိုတောင့်တင်းသွားတာတော့အမှန်ပါပဲ။ လက်ရှိဟော်လန်လိဂ်မှာလည်း PSV နိုင်ပွဲဆက်နေတဲ့အပြင် ခံစစ်ပိုင်းမှာလည်း ပေးဂိုးမရှိသေးပါဘူး။ အခုပွဲ အေစီမီလန်တိုက်စစ်မှာ ဘာလိုတယ်လီ ပြန်ပါလာဖွယ်ရှိနေပြီး ဘာလိုတယ်လီ-အယ်လ်ရှာရာဝီအတွဲက ပုံစံကောင်းရနေတဲ့အိမ်ရှင်အသင်းနောက်တန်းအတွက် အစမ်းသပ်ခံတစ်ခုလိုဖြစ်နေပါတယ်။ PSV အနေနဲ့ လွန်ခဲ့တဲ့ဆယ်စုနှစ်ဝန်းကျင်တစ်ခုလောက်က ဥရောပမှာဖျက်မြင်းအဆင့်ရပ်တည်ခဲ့တဲ့ကစားသမားစုဖွဲ့မှုမျိုးမရှိတော့ပေမယ့် နည်းပြကိုကူးလက်ထက်မှာ ပြန်အရှိန်ယူစပြုနေတဲ့အသင်းပါ။ အေစီမီလန်အဖို့တိုက်စစ်ပိုင်းရဲ့တစ်ဦးချင်းရှန်းအားကိုပဲ အားကိုးကစားရဖို့ရှိပြီး လက်ရှိအနေအထားအရ PSV ကစားကွက်ပိုသာနိုင်ပါတယ်။ အိမ်ရှင်လည်းဖြစ်လို့ PSVကိုပဲ ရွေးချယ်သင့်ပါတယ်။

ပရီးမီးယားလိဂ်အဖွင့် အိမ်ကွင်းပွဲမှာတောင် အရေးနိမ့်ခဲ့တဲ့ အာဆင်နယ်အဖို့ ဖိအားများတဲ့တူရကီမြေမှာ မျှော်လင့်ချက်ပိုနည်းသွားစေပါတယ်။ ဖီနာဘာချီကတော့ ယိုဘို၊ မေရဲလက်စ်၊ ကရာဆစ်၊ ဝီဘို၊ မူဆာဆိုး၊ ကူရစ်တို့ ရှိပြီးသားလူစာရင်းမှာ ဘရူနိုအဲလ်ဗတ်စ်၊ ကက်ဒ်လက်၊ အမီနီကီတို့နွေရာသီမှာ ထပ်ရောက်လာလို့ ပြီးခဲ့တဲ့ရာသီကထက်ကစားသမားစုဖွဲ့မှုကောင်းနေပါတယ်။ အာဆင်နယ်အနေနဲ့ ချန်ပီယံလိဂ်(၁၆)ကြိမ်ဆက်ဝင်ခွင့်ရဖို့ ရုန်းကန်မှာဖြစ်တဲ့အပြင် ခြေစစ်ပွဲတွေမှာလည်း ရာနှုန်းပြည့်အောင်မြင်မှုရရှိထားတဲ့အသင်းပါ။ ဒါပေမဲ့ နဂိုကတည်းက အသင်းမှာ ဒဏ်ရာပြဿနာတွေရှိတဲ့ကြားထဲ ဗီလာနဲ့ပွဲမှာ ဆက်ဂ်နာ၊ ဂစ်ဘ်တို့ ဒဏ်ရာထပ်ရသွားလို့ အာဆင်နယ်မလွယ်ပါဘူး။ တူရကီမြေလည်းဖြစ်လို့ တည်ငြိမ်မှုမရှိတဲ့ အာဆင်နယ် အမြင့်ဆုံးသရေပဲမျှော်လင့်သင့်ပါတယ်။

## ဖီနာဘာချီ နှင့် အာဆင်နယ်

| ဖီနာဘာချီ | နောက်ဆုံး(၅)ပွဲ | | အာဆင်နယ် | | |
|---|---|---|---|---|---|
| PSV | L(H) | (0-2) | အူရာဝရတ် | W(A) | (2-1) |
| ဆာလ်ဇ်ဘာ့ဂ် | D(A) | (1-1) | နာပိုလီ | D(H) | (2-2) |
| ဆာလ်ဇ်ဘာ့ဂ် | W(H) | (3-1) | ဂါလာတာစာရေး | L(H) | (1-2) |
| ဂါလာတာစာရေး | L(A) | (0-1) | မန်စီးတီး | W(-) | (3-1) |
| ကွန်ယာစပေါ် | L(A) | (2-3) | ဗီလာ | L(H) | (1-3) |

နှစ်သင်းဆုံတွေ့ခဲ့သမျှ

| | | | | |
|---|---|---|---|---|
| ၂၂-၁၀-၂၀၀၈ | ဖီနာဘာချီ | ၂-၅ | အာဆင်နယ် |
| ၆-၁၁-၂၀၀၈ | အာဆင်နယ် | ၀-၀ | ဖီနာဘာချီ |

## ရှက်တာကာရာဂန်ဒီ နှင့် ဆဲလ်တစ်

| ကာရာဂန်ဒီ | နောက်ဆုံး(၅)ပွဲ | | ဆဲလ်တစ် | | |
|---|---|---|---|---|---|
| ဟော့စတော့ | D(A) | (0-0) | အဲလ်ဖ်ဘာ့ဂ် | W(H) | (1-0) |
| စကန်ဒါဗျူ | W(H) | (3-0) | ရိုစ့်ကောင်တီ | W(H) | (2-1) |
| အက်ဇာယစ် | W(H) | (4-0) | အဲလ်ဖ်ဘာ့ဂ် | D(A) | (0-0) |
| စကန်ဒါဗျူ | L(A) | (2-3) | လီဗာပူးလ် | L(A) | (0-1) |
| အက်စ်တာနာ | W(A) | (2-1) | အဘာဒင်း | W(A) | (2-0) |

ကာဇက်စတန်ချန်ပီယံ ကာရာဂန်ဒီနဲ့ ဆဲလ်တစ်အသင်း အစဉ်အလာချင်းကွာပါတယ်။ ဒါပေမဲ့ အဝေးကွင်းဖြစ်နေတာနဲ့ ဝမ်ယာမမရှိတော့တဲ့ ဆဲလ်တစ်အားနည်းသွားနိုင်လို့ အိမ်ရှင်သရေမျှော်လင့်နိုင်ပါတယ်။

## ပါကို့စ်ဖာရဲရား နှင့် ဇင်းနစ်

| ပါကို့စ်ဖာရဲရား | နောက်ဆုံး(၅)ပွဲ | | ဇင်းနစ် | | |
|---|---|---|---|---|---|
| ပေါ်တို | L(H) | (0-2) | ခရက်နိုဒါ | D(H) | (1-1) |
| ဘီရာမာ | D(H) | (0-0) | နော့စ်ဂျေးလန်း | W(A) | (1-0) |
| နယူးကာဆယ် | D(H) | (1-1) | ဗော်ဂါ | W(H) | (3-1) |
| ပစ်တိုးရီးယား | L(A) | (0-2) | နော့စ်ဂျေးလန်း | W(H) | (5-0) |
| စပို့တင်းဘရာဂါ | L(H) | (0-2) | အန်ဇီ | W(H) | (3-0) |

စပို့တင်းဘရာဂါ၊ စပို့တင်းလစ္စဘွန်းတို့ခြေပျက်သွားလို့ ပါကို့စ်ဖာရဲရား ပေါ်တူဂီလိဂ်မှာ တတိယနေရာရခဲ့တာပါ။ ဇင်းနစ်ကလည်း အာရှာဗင်၊ တီမိုချုခ်တို့နဲ့ပဲ ကျားကန်ထားရလို့ သရေနဲ့ပဲ ပွဲပြီးဖို့များပါတယ်။

## ပစ်တိုးရီးယားပါလ်ဇန် နှင့် မာရီဘော

| ပါလ်ဇန် | နောက်ဆုံး(၅)ပွဲ | | မာရီဘော | | |
|---|---|---|---|---|---|
| နမ်မီကယ်ယူ | W(A) | (4-0) | ကိုပါ | W(H) | (6-1) |
| ဘန်းနစ် | W(H) | (4-0) | အပိုးလ်နီကိုးရှား | D(A) | (1-1) |
| နမ်မီကယ်ယူ | W(H) | (6-2) | အပိုးလ်နီကိုးရှား | D(H) | (0-0) |
| ဇနိုမို | W(A) | (1-0) | ကာခါ | W(H) | (3-0) |
| စပါတာပရပ်ဂ် | D(H) | (0-0) | ဆယ်ဂျီ | W(H) | (5-1) |

ချက်ကလပ် ဗစ်တိုးရီးယားပါလ်ဇန်ခြေစွမ်းပိုင်းမာကျောတဲ့အပြင် အိမ်ကွင်းလည်းဖြစ်လို့ ဆလိုဗေးနီးယားကလပ် မာရီဘောယှဉ်နိုင်ဖို့ မလွယ်ပါဘူး။ ဗစ်တိုးရီးယားပါလ်ဇန် ဂိုးပြတ်၊မပြတ်ပဲကြည့်ရမှာပါ။

## လိုင်ယွန် နှင့် ဆိုစီဒက်

| လိုင်ယွန် | နောက်ဆုံး(၅)ပွဲ | | ဆိုစီဒက် | | |
|---|---|---|---|---|---|
| ရီးယဲယ် | D(H) | (2-2) | ရီးယဲယ်ယူနီယံ | W(A) | (7-1) |
| ဂရက်စ်ဟော့ပါး | W(H) | (1-0) | စပို့တင်းလစ္စဘွန်း | L(A) | (0-2) |
| ဂရက်စ်ဟော့ပါး | W(A) | (1-0) | အိုက်ဘာ | W(H) | (2-0) |
| နိုက်စ် | W(H) | (4-0) | ဆောက်သမ်တန် | L(A) | (3-4) |
| ဆိုးချော့စ် | W(A) | (3-1) | ဂီတာဖေး | W(H) | (2-0) |

ဆိုစီဒက်တို့ ချန်ပီယံလိဂ်ဝါရင့် လိုင်ယွန်နဲ့ဆုံတွေ့နေလို့ကံဆိုးသွားစေခဲ့ပါတယ်။ လိုင်ယွန်တိုက်စစ်မှာ လီဆန်ဒရိုမရှိတော့ပေမယ့် လာကာဇက်တေ၊ ဂေါကပ်ဖ်တို့က ပုံမှန်ဂိုးသွင်းခြေရနေပါတယ်။ လိုင်ယွန်ပဲအနိုင်ရဖို့များပါတယ်။

## ဒိုင်နမိုဇာဂရက် နှင့် ဩစတြီးယားဗီအန်

| ဒိုင်နမိုဇာဂရက် | နောက်ဆုံး(၅)ပွဲ | | ဗီအန် | | |
|---|---|---|---|---|---|
| ရှာရစ်ဖ် | W(H) | (1-0) | ဟတ်နာဃော်ဒါ | W(H) | (1-0) |
| ဟတ်ဒတ်စပလစ် | W(H) | (1-0) | ရိုဒ် | D(H) | (3-3) |
| ရှာရစ်ဖ် | W(A) | (3-0) | ဟတ်နာဃော်ဒါ | D(A) | (0-0) |
| ဟာဗက်စကီး | D(A) | (1-1) | ရက်ပစ်ဗီအန် | D(A) | (0-0) |
| လိုကိုမိုတီဗာ | W(H) | (2-1) | ဗီနာ | W(H) | (5-0) |

ချန်ပီယံလိဂ်သမိုင်းမှာတော့ ဩစတြီးယားဗီအန်တို့ ဒိုင်နမိုဇာဂရက်ကို မယှဉ်နိုင်ပါဘူး။ ခရိုအေးရှားမြေဖြစ်တဲ့အပြင် ကစားအားပိုကောင်းတဲ့ ဒိုင်နမိုဇာဂရက် အနိမ့်ဆုံးသရေနဲ့အ နိုင်ပါပဲ။

## လိုဒိုဂိုရက်စ် နှင့် ဘေဆယ်

| လူဒိုဂိုရက်စ် | နောက်ဆုံး(၅)ပွဲ | | ဘေဆယ် | | |
|---|---|---|---|---|---|
| ပါတီဇန် | W(H) | (2-1) | M.တဲလ်အဗစ် | W(H) | (1-0) |
| ဆလားဗီးယား | W(A) | (3-0) | စိန့်ဂါလန် | D(A) | (1-1) |
| ပါတီဇန် | W(A) | (1-0) | M.တဲလ်အဗစ် | D(A) | (3-3) |
| CSKAဆိုဖီယာ | W(H) | (3-0) | FCဇူးရစ် | L(H) | (1-2) |
| ပလော့ဒစ်ဗ် | W(A) | (1-0) | အိုးဘ့်ုင်းစ် | W(A) | (1-0) |

ဘူလ်ဂေးရီးယားချန်ပီယံ လူဒိုဂိုရက်စ် အိမ်ကွင်းကစားအားကောင်းလို့ ဘေဆယ်မလွယ်ပါဘူး။ ဘေဆယ် အရင်ကလောက် ကစားသမားအင်အားတောင့်တင်းမှုမရှိတော့လို့လည်း အိမ်ရှင်ဘက်ကပဲ ရပ်တည်သင့်ပါတယ်။

## စတူအာဘူခါရက် နှင့် လီဂီယာဝါဆော

| စတူအာ | နောက်ဆုံး(၅)ပွဲ | | လီဂီယာဝါဆော | | |
|---|---|---|---|---|---|
| စီအာလော | W(H) | (2-1) | မိုလ်ဒီ | D(A) | (1-1) |
| ဗာဒါ | W(A) | (2-1) | ပေါ်ဘက်ကစ်ဇီ | W(H) | (4-0) |
| ဒိုင်နမိုတီဘီလီဆီ | W(A) | (2-0) | မိုလ်ဒီ | D(H) | (0-0) |
| ဒိုင်နမိုတီဘီလီဆီ | D(H) | (1-1) | ရုပ်ရှိချာဇော | L(A) | (1-2) |
| ဒိုင်နမိုဘူခါရက် | W(A) | (2-1) | ကာတိုဝစ် | W(A) | (3-0) |

ယမန်နှစ် ယူရိုပါလိဂ်မှာ ချယ်လ်ဆီးကို အနိုင်ကစားခဲ့တဲ့ စတူအာဘူခါရက်အသင်းရဲ့ အိမ်ကွင်းခြေစွမ်းကို သတိပြုသင့်ပါတယ်။ လီဂီယာဝါဆော တိုက်စစ်ညံ့လို့ စတူအာဘူခါရက် အနိုင်သေချာပါတယ်။

## ရှော်လ်ကာ နှင့် PAOK

| ရှော်လ်ကာ | နောက်ဆုံး(၅)ပွဲ | | PAOK | | |
|---|---|---|---|---|---|
| အယ်လ်ဆတ်ဒ် | W(A) | (9-0) | အပိုးလ်နီကိုးရှား | W(H) | (1-0) |
| လိုက်ပ်ဇစ် | W(A) | (2-1) | အပိုလွန် | W(A) | (2-1) |
| နော့တင်ဂျန် | W(A) | (2-0) | မက်တဲလစ် | L(H) | (0-2) |
| ဟမ်းဘတ် | D(H) | (3-3) | မက်တဲလစ် | D(A) | (1-1) |
| ဝုလ်ဖ်ဘတ် | L(A) | (0-4) | ဇန်သီ | W(H) | (3-0) |

ဘွန်ဒစ်လီဂါရာသီအဖွင့်မှာ ရှော်လ်ကာ ရလဒ်ပိုင်းဆိုးရွားနေတဲ့အပြင် နောက်တန်းကလည်း ပေးဂိုးများလှပါတယ်။ ရှော်လ်ကာတို့ ပရိသတ်ကျေနပ်မှုရဖို့ အနိုင်ကစားမှာဖြစ်ပြီး ဂိုးပြတ်၊မပြတ်ပဲကြည့်ရပါလိမ့်မယ်။

ရာသီအဖွင့်ပွဲမှာ မထင်မှတ်တဲ့ရလဒ်တချို့နဲ့ ပရိသတ်ကို ဖမ်းစားခဲ့တဲ့ ပရီးမီးယားလိဂ်ပြိုင်ပွဲက လာမယ့်တစ်ပတ်ပွဲစဉ်(၂)မှာလည်း ရင်ခုန်စရာအကောင်းဆုံးဖြစ်လာမယ့် ပွဲတစ်ပွဲက စောင့်ကြိုနေပါတယ်။ ဒီပွဲကတော့ မန်ယူနဲ့ ချယ်လ်ဆီးတို့ရင်ဆိုင်ရမယ့်ပွဲဖြစ်ပြီး ဖာဂူဆန်ခေတ်လွန် နည်းပြမိုယက်စ်ရဲ့ မန်ယူအသင်း တစ်ကျော့ပြန်ချယ်လ်ဆီးနည်းပြ မော်ရင်ဟိုကို အနိုင်ယူနိုင်မလား၊ ဒါမှမဟုတ် နည်းပြဟောင်း ဖာဂူဆန်တုန်းကလို မော်ရင်ဟိုနဲ့ ဆုံတွေ့တိုင်း ရလဒ်ဆိုးတတ်တဲ့အစဉ်အလာအတိုင်း ဖြစ်လာမလား စိတ်ဝင်စားစရာပါ။ ဒီ့အပြင် မန်စီးတီး၊ အာဆင်နယ်၊ လီဗာပူးလ်စတဲ့အသင်းတွေလည်း မာကျောတဲ့ပြိုင်ဘက်တွေရဲ့ကွင်းမှာကစားရမှာဖြစ်လို့ မထင်မှတ်တဲ့ရလဒ်တွေ ထွက်ပေါ်လာဦးမလားဆိုတာကိုလည်း စောင့်ကြည့်ရပါမယ်…

# ဖာဂူဆန်ခေတ်လွန်မန်ယူနဲ့ရင်ဆိုင်ရမယ့် ချယ်လ်ဆီး အဝေးကွင်းမှာ အာဆင်နယ်နိုင်ပွဲရဖို့ မလွယ်တဲ့

## ပ ရီး မီး ယား လိဂ် ပွဲ စဉ် (၂) ပွဲ ကြို သုံး သပ် ချက်

**ပရီးမီးယားလိဂ်ပွဲစဉ် (၃)**

၃၁/၁-၇/၉-၁၃

| | | |
|---|---|---|
| မန်စီးတီး | - | ဟားလ်စီးတီး |
| ကာဒစ်ဖ် | - | အဲဗာတန် |
| နယူးကာဆယ် | - | ဖူလ်ဟမ် |
| နော့ဝစ်ချ် | - | ဆောက်သမ်တန် |
| ဝက်စ်ဟမ်း | - | စတုတ်စီးတီး |
| ခရစ္စတယ်ပဲလေ့စ် | - | ဆန်းဒါးလန်း |
| လီဗာပူးလ် | - | မန်ယူ |
| ဝက်စ်ဘရွန်း | - | ဆွမ်ဆီး |
| အာဆင်နယ် | - | စပါး |
| ချယ်လ်ဆီး | - | ဗီလာ |

(ဥရောပစူပါဖလားပွဲကစားရန်ရှိသဖြင့် လာမည့်ဗုဒ္ဓဟူးနေ့တွင် ချယ်လ်ဆီးပွဲအား ကြိုကစားသွားမည်ဖြစ်သည်)


PHOTO:AFP

ယမန်နှစ် မန်ယူနှင့် ချယ်လ်ဆီးတို့ ဆုံတွေ့စဉ် မန်ယူအသင်းဘက်သို့ ရာမီရက်စ် ခေါင်းတိုက်ဂိုးသွင်းယူနေစဉ်

### ဗီလာ နှင့် လီဗာပူးလ်

| ဗီလာနိုင် | သရေ | လီဗာပူးလ်နိုင် |
|---|---|---|
| ၃၅ | ၃၉ | ၉၀ |

အာဆင်နယ်နဲ့ပွဲမှာ ဘန်တီကီဂိုးတွေသွင်းခဲ့ပေမယ့် တကယ်ခြေစွမ်းပြသွားတာက အဘွန်လဟော်ပါ။ ဒဏ်ရာပြဿနာတွေ ကုန်လွန်သွားပြီးတဲ့နောက် အဘွန်လဟော်က အရင်လိုအဆင့်အတန်းမျိုးပြန်ပြနိုင်ခဲ့ပါတယ်။ လီဗာပူးလ်ခံစစ်ကတော့ တိုရေးကိုရလိုက်တာအရမ်းကောင်းသွားတယ်။ ခံစစ်မှာ မြန်ပြီး၊ မာတဲ့ကစားသမားတစ်ဦးကို ရလိုက်တာဖြစ်တယ်။ အဘွန်လဟော်နဲ့ ဘန်တီကီအတွဲကိုသာ လီဗာပူးလ်ခံစစ် ထိန်းချုပ်နိုင်ရင် လီဗာပူးလ်နိုင်ပြီဆိုတဲ့ပွဲပါ။

### ဖူလ်ဟမ် နှင့် အာဆင်နယ်

| ဖူလ်ဟမ်နိုင် | သရေ | အာဆင်နယ်နိုင် |
|---|---|---|
| ၈ | ၁၀ | ၃၅ |

အာဆင်နယ်အတွက်နောက်ထပ်ပွဲကျပ်တစ်ပွဲပဲ။ ရာသီကြိုပြင်ဆင်မှုတွေမှာ အားနည်းချက်တွေရှိခဲ့တယ်ဆိုပေမယ့် တကယ်တမ်းရာသီပြန်စချိန်မှာ ဖူလ်ဟမ်ရဲ့ ခြေစွမ်းကအားရစရာပုံစံမှာရှိနေခဲ့တယ်။ အာဆင်နယ်ကတော့ တိုက်စစ်ပိုင်းမှာ ပြဿနာတွေရှိတယ်။ ဂျီရော့နေရာမှာ တခြားအားကိုးရမယ့်သူမရှိဘူး။ ဂျီရော့အတွက် ဟန်ချက်ညီတဲ့အတွဲအဖက်မရှိဘူး။ သူကိုယ်တိုင်ကလည်း အဆင့်သိပ်မရှိဘူး။ ဖူလ်ဟမ်က အိမ်ကွင်းဆိုကောင်းပြီးသား။ အိမ်ရှင်သရေနဲ့အနိုင်ပဲ။

### အဲဗာတန် နှင့် ဝက်စ်ဘရွန်း

| အဲဗာတန်နိုင် | သရေ | ဝက်စ်ဘရွန်းနိုင် |
|---|---|---|
| ၆၅ | ၃၄ | ၅၈ |

ဝက်စ်ဘရွန်းကစားပုံက စိတ်ပျက်စရာကောင်းပါတယ်။ မနှစ်က လူကာကူကဂိုးတွေဒိုင်ခံသွင်းပေးခဲ့ပေမယ့် ဒီနှစ်တိုက်စစ်ပိုင်းက အားရစရာမရှိဘူး။ ပြောင်းလာတဲ့အနယ်လ်ကာဆီကလည်း အများကြီးမျှော်လင့်စရာမရှိဘူး။ နော့ဝစ်ချ်နဲ့ပွဲမှာကစားသွားတဲ့ အဲဗာတန်ရဲ့ ခြေစွမ်းက အရင်လိုအနေအထားမျိုးမှာရှိတယ်ဆိုတာတွေ့ရတယ်။ ဒီပွဲက အဲဗာတန်အိမ်ကွင်းလည်းဖြစ်နေတယ်။ အဲဗာတန်အနိုင်သေချာပြီး၊ (၃-၁) လောက်ဖြစ်သွားနိုင်တယ်။

### ဟားလ်စီးတီး နှင့် နော့ဝစ်ချ်

| ဟားလ်စီးတီးနိုင် | သရေ | နော့ဝစ်ချ်နိုင် |
|---|---|---|
| ၁၃ | ၈ | ၁၂ |

နော့ဝစ်ချ်ကစားပုံကောင်းပါတယ်။ ဝုလ်ဖ်ဝင်ကယ်ရဲ့ ကစားပုံက ဟော့တ်ကိုလွမ်းနေစရာ မလိုပါဘူး။ အရပ်အမောင်းကောင်းတယ်။ အမြင့်ဘောနိုင်တယ်။ မြန်တယ်။ ဟားလ်စီးတီးကတော့ ပထမပွဲက ခြေကို အမှန်တွက်လို့မရသေးတဲ့အနေအထားဖြစ်တယ်။ ဒါပေမဲ့ ကွင်းလယ်ကိုတည်ဆောက်ထားပုံက သဘောကျစရာကောင်းတယ်။ အိမ်ကွင်းမှာလည်း ကြိုးစားကစားတတ်တဲ့အသင်းပါ။ သရေကျဖို့များပြီး အနိုင်ဆိုရင်တော့ နော့ဝစ်ချ်ကိုကြိုက်ပါတယ်။

### နယူးကာဆယ် နှင့် ဝက်စ်ဟမ်း

| နယူးကာဆယ်နိုင် | သရေ | ဝက်စ်ဟမ်းနိုင် |
|---|---|---|
| ၄၉ | ၃၆ | ၃၈ |

ဆမ်အလာဒိုက်စ်အတွက်ရော၊ အန်ဒီကာရိုးလ်အတွက်ပါ အမှတ်တရပွဲလို့ဆိုရမယ်။ တစ်ဖက်မှာလည်း အလန်ပါဂျူးက ဝက်စ်ဟမ်းအသင်းနည်းပြဟောင်း။ နည်းပြ(၂)ယောက်ရဲ့ အရည်အသွေးက ကွာပါတယ်။ နယူးကာဆယ်က ဝက်စ်ဟမ်းထက်ပိုတော့်တင်းတဲ့လူစာရင်းရှိတယ်ဆိုရင်တောင် ဝက်စ်ဟမ်းလိုတည်ငြိမ်မှုမျိုးမရှိတဲ့ တစ်နေ့ရွှေ၊ တစ်နေ့ငွေအသင်းပါ။ ဒီပွဲကအိမ်ကွင်းမှာကစားရမှာဖြစ်လို့ နယူးကာဆယ် အနိုင်မျှော်လင့်လိမ့်မယ်။ ဒါပေမဲ့သရေအမြင့်ဆုံးပဲ။

### ဆောက်သမ်တန် နှင့် ဆန်းဒါးလန်း

| ဆောက်သမ်တန်နိုင် | သရေ | ဆန်းဒါးလန်းနိုင် |
|---|---|---|
| ၂၃ | ၁၃ | ၂၀ |

အများကြီးမျှော်လင့်ထားတဲ့ဆန်းဒါးလန်းက ပထမပွဲမှာတော့ စိတ်ပျက်စရာစွမ်းဆောင်ရည်ကိုပြလိုက်ပါတယ်။ ဒါပေမဲ့ ဒီတစ်ပွဲတည်းနဲ့ ဆန်းဒါးလန်းကို အကဲဖြတ်လို့မရသေးဘူး။ သူက ချန်ပီယံမျှော်နေတဲ့အသင်းမဟုတ်ဘူး။ ဇယားအလယ်လောက်ဆို ကျေနပ်မယ့်အသင်း။ ဒီအသင်းက ဒီအဆင့်နဲ့ထိုက်တန်တဲ့ကစားပုံရှိတယ်။ ဆောက်သမ်တန်ကလည်း မနှစ်ကလိုပဲမာတုန်း၊ ကောင်းတုန်းပါ။ တကယ်ကြည့်ကောင်းမယ့်ပွဲဖြစ်ပြီး ညှိသည်ကိုကြိုက်ပါတယ်။

### စတုတ်စီးတီး နှင့် ပဲလေ့စ်

| စတုတ်စီးတီးနိုင် | သရေ | ပဲလေ့စ်နိုင် |
|---|---|---|
| ၁၇ | ၁၂ | ၂၀ |

စတုတ်စီးတီးက လီဗာပူးလ်ကိုရှုံးခဲ့တယ်ဆိုပေမယ့် ခြေစွမ်းက ကောင်းပါတယ်။ အဝေးကွင်းမှာ မနှစ်ကလို ပုံစံကစားနိုင်ရင် အိမ်ကွင်းမှာလည်း မနှစ်ကလိုပဲ ကစားနိုင်လိမ့်မယ်လို့ ယူဆရတယ်။ ဒါပေမဲ့ မာ့ခ်ဟူချ်က စတုတ်စီးတီးနဲ့အံဝင်တဲ့ကစားကွက်ကိုမကစားဘဲ အနီးပေးပုံစံနဲ့ သွားနေတယ်။ လီဗာပူးလ်ကိုလည်း အဲဒါကြောင့် မယှဉ်နိုင်ခဲ့တာ။ နောက်ပိုင်းပုံမှန်အတိုင်း ပြန်ကစားမှ ခြေမှန်သွားတာပါ။ ဒီပွဲလည်း နည်းပြအဆန်းမထွင်ရင် စတုတ်အနိုင်သေချာပါတယ်။

### ကာဒစ်ဖ်စီးတီး နှင့် မန်စီးတီး

| ကာဒစ်ဖ်စီးတီးနိုင် | သရေ | မန်စီးတီးနိုင် |
|---|---|---|
| ၈ | ၂၀ | ၁၉ |

ကာဒစ်ဖ်စီးတီးရဲ့ခြေစွမ်းကပရီးမီးယားလိဂ်မှာဆက်ရှိဖို့တောင်ခက်တဲ့အနေအထားဖြစ်ပါတယ်။ ကြိုးစားအားထုတ်မှုကမဆိုးပေမယ့် တိုက်စစ်အရမ်းညံ့ပြီးဂိုးသမားကလည်းစိတ်မချရပါဘူး။ မန်စီးတီးရဲ့ပေါင်သန်းရာချီတန်လူစာရင်းနဲ့ယှဉ်ရင်လည်းအရမ်းကွာပါတယ်။ အိမ်ကွင်းဖြစ်နေတာတစ်ခုတည်းနဲ့ပရီးမီးယားလိဂ်ထိပ်တန်းအသင်းတစ်သင်းဆီကအမှတ်ခွဲယူဖို့မဖြစ်နိုင်ပါဘူး။ မန်စီးတီးသေချာပေါက်နိုင်ပွဲရမှာဖြစ်ပြီး(၀-၂) ဂိုးလောက်ဖြစ်နိုင်ပါတယ်။

### စပါး နှင့် ဆွမ်ဆီး

| စပါးနိုင် | သရေ | ဆွမ်ဆီးနိုင် |
|---|---|---|
| ၂၀ | ၇ | ၈ |

နှစ်သင်းစလုံးက ကစားကွက်ကောင်းတဲ့အသင်းတွေဖြစ်ပြီးပြင်းထန်တဲ့ ကွင်းလယ်အားပြိုင်မှုတွေကိုမြင်တွေ့ရမှာပါ။ မန်ယူကိုဂိုးပြတ်ရှုံးခဲ့ပေမယ့်ဆွမ်ဆီးရဲ့ခြေစွမ်းကလျှော့တွက်လို့မရတဲ့အနေအထားဖြစ်ပါတယ်။ ပထမပွဲတုန်းကရှုံးထားတဲ့အတွက်လည်း ဒီပွဲမရှုံးအောင်အစွမ်းကုန်ရုန်းကန်ပါလိမ့်မယ်။ ဒါပေမဲ့စပါးကဆွမ်ဆီးထက် တစ်ဦးချင်းကောင်းတဲ့သူပိုများပြီး ပွဲအဖြေပြောင်းလဲနိုင်တဲ့ကစားသမားတွေပိုများပါတယ်။ စပါးကပ်နိုင်သွားမယ့်ပွဲပါ။

### မန်ယူ နှင့် ချယ်လ်ဆီး

| မန်ယူနိုင် | သရေ | ချယ်လ်ဆီးနိုင် |
|---|---|---|
| ၇၂ | ၅၉ | ၅၇ |

ပွဲကျပ်ကာလကို ဖြတ်သန်းရမယ့်အသင်းနှစ်သင်းပါ။ မန်ယူကပရီးမီးယားလိဂ်ပွဲကျပ်တွေကိုဆက်တိုက်ရင်ဆိုင်နေရပြီး၊ ချယ်လ်ဆီးကလည်းအက်စတွန်ဗီလာ၊ မန်ယူ၊ ဘေယန်မြူးနစ်၊ အဲဗာတန်တို့နဲ့ဆက်တိုက်ကစားရမှာ ဖြစ်ပါတယ်။ ချယ်လ်ဆီးကမန်ယူအကောင်းဆုံးအချိန်မှာတောင်အမြဲဒုက္ခပေးနိုင်တဲ့အသင်းဖြစ်ပြီး မော်ရင်ဟိုကလည်း မန်ယူနဲ့တွေ့ဆုံမှုတွေမှာအသာစီးယူထားပါတယ်။ မန်ယူနိုင်ဖို့မလွယ်ပါဘူး။ ဂိုးများမယ့်ပွဲပါ။

First Eleven Sports Journal Vol:14 No.12 22, August, 2013

# သတိ အန္တရာယ်ရှိသည်

ကျော်ရင်




ပြီးခဲ့တဲ့ (၁၀)စုနှစ်တစ်ခုအတွင်း ဘောလုံးလောကထဲကို ဘီလျံနာသူကြွယ်တွေလှိမ့်ဝင်လာတာကို သတိထားမိကြမှာပါ။ ဘောလုံးနဲ့ပတ်သက်လာရင် သူတို့ရဲ့ငွေတွေက အထွက်သက်သက်လောက်သာဖြစ်တတ်တယ်။ ဘောလုံးက ငွေကြေးအကျိုးအမြတ်ပြန်ရတယ်ဆိုတာ ဘီလျံနာတွေထဲမှာ အလွန်ရှားပါတယ်။ ဘီလျံနာတွေ ဘောလုံးလောကထဲဝင်လာပြီဆိုရင် ဘယ်သူကမှ ROI(Return on Investment) ကိုတွက်ချက်နေတာမျိုးမရှိပါဘူး။ ဒါကြောင့် ဘီလျံနာတွေပိုင်ဆိုင်ထားတဲ့အသင်းတွေဟာ အလွန်အားကျစရာကောင်းတတ်ပါတယ်။ ဒီနေ့မှာပဲကြည့်ပါဦး။ ငွေအများဆုံးအသုံးပြုထားတဲ့အသင်းတွေက မိုနာကို(ပေါင် ၁၃၀ သန်း)၊ မန်စီးတီး(ပေါင် ၉၈ သန်း)၊ PSG (ပေါင် ၉၈ သန်း)၊ အားလုံးက ဘီလျံနာတွေပိုင်ဆိုင်ထားတဲ့အသင်းတွေချည်းပါပဲ။ မန်စီးတီး၊ PSGတို့က ဘီလျံနာသူဌေးတစ်ဦးချင်းပိုင်တာမဟုတ်ပေမယ့် မန်စီးတီးကိုပိုင်တဲ့ အဘူဒါဘီအုပ်စု၊ PSG ကိုပိုင်ဆိုင်တဲ့ QIA (Qatar Investment Authority)တွေက အင်အားကြီးစီးပွားရေးလုပ်ငန်းကြီးတွေဖြစ်တာကြောင့် အသင်းရဲ့အောင်မြင်မှုကိုငွေလမ်းခင်းပြီးရှာနိုင်တာမဆန်းပါဘူး။ ဘောလုံးလောကနဲ့ပတ်သက်နေတဲ့ ဘီလျံနာသူဌေးတွေကို Forbes မဂ္ဂဇင်းကထုတ်ပြန်ခဲ့တဲ့စာရင်းမှာပြန်ကြည့်ကြည့်တော့ ချယ်လ်ဆီးသူဌေး အေဘရာဟီမိုဗစ်ချ်တောင် အဆင့်(၁၀)ပဲရှိတ်ပါတယ်။ ဘောလုံးနဲ့ပတ်သက်နေတဲ့သူဌေးတွေထဲမှာ ကမ္ဘာ့အချမ်းသာဆုံးသူဌေးကာလို့စ်စလင်းပါတယ်။ တတိယအချမ်းသာဆုံးသူဌေးအော်တေဂါပါတယ်။ နာမည်ကျော်သူဌေး ဘီလ်ဂိတ်ရဲ့ပါတနာ ပေါလ်အလန် တို့လိုသူတွေလည်းပါပါတယ်။ တချို့သူဌေးတွေက ဘောလုံးမှာတက်ကြွရင်းနှီးမြှုပ်နှံသူတွေဖြစ်ကြပေမယ့် တချို့ကတော့ မဟုတ်ကြပါဘူး။ တက်ကြွရင်းနှီးမြှုပ်နှံသူ ဘီလျံနာများရဲ့လက်အောက်မှာရောက်နေတဲ့အသင်းတွေက အချိန်တိုအတွင်း လူကောင်းတွေကိုဝယ်ယူနိုင်ပြီး အသင်းကြီးတွေဖြစ်လာကြပါတယ်။ ဒါက ကောင်းကွက်လို့ဆိုနိုင်ပေမယ့် အသင်းရဲ့အခြေအနေက၊ ကံကြမ္မာက ဒီသူဌေးရဲ့ချမ်းသာကြွယ်ဝမှုအပေါ်တိုက်ရိုက်သွားမှီခိုတာက ပြဿနာဖြစ်လာပါတယ်။ ဒါပေမဲ့ ဘယ်သူကမှ ဒါကိုကြီးမားတဲ့ ပြဿနာတစ်ခုလို့မယူဆကြပါဘူး။ တိတိကျကျပြောရမယ်ဆိုရင် ၂၀၁၃ ဩဂုတ်လ (၇)ရက်နေ့မရောက်ခင်အထိ ပြဿနာမဟုတ်ခဲ့ပါဘူး။ ဩဂုတ်(၇)ရက်နောက်ပိုင်းမှာတော့ အသင်းရဲ့အနာဂတ်ဟာ သူဌေးရဲ့ချမ်းသာကြွယ်ဝမှုနဲ့တိုက်ရိုက်ပတ်သက်နေတာ ပြဿနာတစ်ခုလို့ မီးမောင်းထိုးပြမယ့် ဖြစ်ရပ်ကြီးတစ်ခုဖြစ်ပေါ်ခဲ့ပါတယ်။ ရုရှားကလပ် အန်ဇီအသင်းနဲ့ ရုရှားသူဌေး ဆူလေမန်ကီရီမော့ဗ်တို့က ဒီပြဿနာရဲ့အဓိကဇာတ်ကောင်တွေပါပဲ။

## စတေးလိုက်ရတဲ့ အန်ဇီအနာဂတ်

ပြီးခဲ့တဲ့ ဩဂုတ်လ(၇)ရက်နေ့မှာ အန်ဇီအသင်းသူဌေး ကီရီမော့ဗ်ဟာ အသင်းရဲ့တစ်ရာသီဘတ်ဂျက်ကို ဒေါ်လာသန်း(၅၀-၇၀) ကြားသာချပေးတော့မယ်လို့ဆုံးဖြတ်ကြောင်းကြေညာခဲ့ပါတယ်။ ပြီးခဲ့တဲ့နှစ်က ဒေါ်လာသန်း(၁၈၀)အသုံးပြုခဲ့တဲ့အန်ဇီ၊ ရုက်တာဒိုးနက်ကွင်းလယ်လူ ဝီလီယံကို ဥရောပအသင်းကြီးတွေထက်လက်ဦးပြီး ကလပ်စံချိန်တင်ပြောင်းရွှေ့ကြေးနဲ့ခေါ်ယူခဲ့တဲ့ အန်ဇီ၊ ကင်မရွန်းတိုက်စစ်မှူးအီတူးကို ဘောလုံးသမားတွေထဲမှာ ကမ္ဘာ့စံချိန်တင်လစာပေးထားတဲ့အန်ဇီ ဘယ်လိုဖြစ်သွားတာလဲ။ အခုတော့ ချပေးတဲ့ဘတ်ဂျက်နဲ့ရပ်တည်နိုင်အောင် အသင်းကနာမည်ကျော်တွေကိုရောင်းထုတ်ဖို့ဖြစ်လာပါပြီ။ ဒန်နီဆော့ဗ်၊ ဇာကော့ဗ်တို့ကိုရောင်းထုတ်ခဲ့ပြီး အီတူး၊ ဝီလျံ၊ ဆမ်ဘာ၊ ထရာအိုရီတို့လည်းအသင်းသစ်ရှာနေကြပါတယ်။ အန်ဇီအသင်းကတော့ ဒါဟာ UEFA ရဲ့ဘဏ္ဍာရေးစည်းမျဉ်းအတွက်ပြင်ဆင်တာဖြစ်ပြီး အသင်းရဲ့ရာသီ ဆောက်မှုတစ်ခုလုံးကို ထိခိုက်မှာမဟုတ်ဘူးလို့ ဖာဖာထေးထေးပြောနေပေမယ့် အဖြစ်မှန်ကို ဖုံးကွယ်ထားလို့မရပါဘူး။ အန်ဇီသူဌေးကီရီမော့ဗ်ရဲ့ ပင်မစီးပွားရေးဖြစ်တဲ့ ကမ္ဘာ့အကြီးဆုံးပိုတက်ရှ်ဓာတ်မြေဩဇာထုတ်လုပ်ရေးကုမ္ပဏီ Uralkali ဟာ ပြီးခဲ့တဲ့ဇွန်လအတွင်း ကမ္ဘာ့ဈေးကွက်တင်ပို့မှု (၄၀)ရာခိုင်နှုန်းထိန်းချုပ်ခဲ့ရပါတယ်။ ချက်ချင်းဆိုသလိုပဲ Uralkali ရဲ့ ရှယ်ယာဟာ လန်ဒန်စတော့ဈေးကွက်မှာ (၃၁)ရာခိုင်နှုန်းအထိကျဆင်းသွားခဲ့ပြီး ဒေါ်လာ(၆)ဘီလီယံလောက်ဆုံးရှုံးသွားခဲ့တာပါ။ Uralkali ရဲ့အဓိကရှယ်ယာရှင်ဖြစ်တဲ့ ကီရီမော့ဗ်ကတော့ အထိအနာဆုံးဖြစ်ခဲ့ပြီး ယခင်ကြွယ်ဝမှု ဒေါ်လာ(၇-၁)ဘီလီယံကနေ ဒေါ်လာ(၃-၇)ဘီလီယံအထိကျဆင်းသွားခဲ့တယ်လို့ နယူးယောက်အခြေစိုက် စီးပွားရေးနဲ့ငွေကြေးဆိုင်ရာသတင်းဌာန Bloomberg ကဖော်ပြခဲ့ပါတယ်။ ဘီလျံနာတစ်ယောက်ရဲ့ ငွေကြေးဆုံးရှုံးမှုက ဆင်ပိန်ပြီး ကျွဲလောက်ဖြစ်သွားတဲ့ အနေအထားသာဖြစ်ပေမယ့် ပင်မစီးပွားရေးကိုအားဖြည့်ဖို့ အခြားငွေကုန်ပေါက်တွေကို လိုက်ပိတ်ဖို့ဖြစ်လာခဲ့ပါတယ်။ ဒီအတွက် အန်ဇီအသင်းရဲ့အနာဂတ်ကတော့ စတေးခံရတော့မှာပါ။

## သင်ခန်းစာယူစရာ

ဒါက အန်ဇီအသင်းမှာဖြစ်ပျက်ခဲ့တဲ့ အန်ဇီနဲ့သာသက်ဆိုင်တဲ့ဖြစ်ရပ်လို့မယူဆစေချင်ပါဘူး။ သူဌေး သူကြွယ်တွေရဲ့ချမ်းသာမှုအပေါ်မှာတည်ထားတဲ့ ကမ္ဘာပေါ်က ဘောလုံးအသင်းတိုင်းရဲ့အနာဂတ်အတွက်သင်ခန်းစာယူသင့်တဲ့ဖြစ်ရပ်လို့မြင်ပါတယ်။ ဘီလျံနာတစ်ယောက်ဟာ အမြဲတမ်း ဘီလျံနာတစ်ယောက်ဖြစ်နေမယ်လို့ ဘယ်သူကအာမခံနိုင်မှာလဲ။ ဖြစ်သင့်တာက ဘောလုံးအသင်းတစ်သင်းရဲ့အနာဂတ်ဟာ အသင်းကိုအားပေးနေတဲ့ ပရိသတ်တွေရဲ့လက်ထဲမှာပဲရှိသင့်တာပါ။ ရုရှားမြေက အန်ဇီနဲ့ ကီရီမော့ဗ်တို့ရဲ့ဖြစ်ရပ်က ဘီလျံနာပိုင်ရှင်နဲ့ ကလပ်အသင်းတွေအတွက် အချက်ပေးခေါင်းလောင်းသံဖြစ်တယ်လို့ဆိုလိုက်ပါရစေ . . .

## နာမည်ကျော် Forbes မဂ္ဂဇင်းမှ ၂၀၁၃ အတွက်ထုတ်ပြန်ထားသည့် ဘောလုံးနှင့်ပတ်သက်သည့်အချမ်းသာဆုံးပုဂ္ဂိုလ်များ



### (၁) ကားလို့စ်စလင်းဟီလူ (မက္ကဆီကို)

**ကြွယ်ဝမှု** - ဒေါ်လာ(၇၃)ဘီလီယံ

**ရှယ်ယာဝင်(သို့)ပိုင်ဆိုင်သည့်အသင်း** - ပါချူကာ၊ လီယွန် (မက္ကဆီကို)၊ အိုဗီဒို(စပိန်)

**ဝင်ရောက်လာပုံ** - ကမ္ဘာ့အချမ်းသာဆုံးပုဂ္ဂိုလ်အဖြစ်(၄)နှစ်ဆက်တိုက်ရပ်တည်နေသည့် ကားလို့စ်စလင်းသည် လက်ညှိုးထိုးမလွဲပိုင်ဆိုင်မှုအင်ပါယာကိုတည်ဆောက်နိုင်ရန် ၂၀၁၂ စက်တင်ဘာလက ပါချူကာနှင့်လီယွန်တို့၏ရှယ်ယာများကိုဝယ်ယူကာ ဘောလုံးလောကသို့ဝင်ရောက်လာ။



### (၂) အေမန်စီယိုအော်တေဂါ (စပိန်)

**ကြွယ်ဝမှု** - ဒေါ်လာ(၅၇)ဘီလီယံ

**ရှယ်ယာဝင်(သို့)ပိုင်ဆိုင်သည့်အသင်း** - ဒီပိုတီဗို(စပိန်)

**ဝင်ရောက်လာပုံ** - ဒီပိုတီဗို၏ရှယ်ယာများကို အော်တေဂါဝယ်ယူခဲ့သည့်အချိန်၊ ပမာဏကို တိတိကျကျမပြောနိုင်ကြပေ။သို့သော် ဒီပိုတီဗို၏ပွဲစဉ်တစ်ပွဲကိုကြည့်ရှုရန် ဒေါ်လာသန်းချီအကုန်အကျခံထားသည့် သမီးဖြစ်သူ၏ မင်္ဂလာဆောင်ကို မိနစ် (၉၀)နောက်ဆုတ်စေခဲ့သဖြင့် နာမည်ကြီးခဲ့သည်။



### (၃) ဂျော့ချ်ဆိုးရော့စ် (အမေရိကန်)

**ကြွယ်ဝမှု** - ဒေါ်လာ(၁၉ . ၂)ဘီလီယံ

**ရှယ်ယာဝင်(သို့)ပိုင်ဆိုင်သည့်အသင်း** - မန်ယူ(အင်္ဂလန်)

**ဝင်ရောက်လာပုံ** - ရင်းနှီးမြှုပ်နှံမှုများ ပြုလုပ်ရာတွင် နာမည်ကြီးခဲ့သည့်အမေရိကန်သူဌေးဂျော့ချ်ဆိုးရော့စ်သည် ၂၀၁၂ ဩဂုတ်လက မန်ယူအသင်း၏ ရှယ်ယာ(၇. ၈၅) ရာခိုင်နှုန်းကိုဝယ်ယူခဲ့သည်။ ၎င်းဝယ်ယူခဲ့ပြီး နောက် (၆)လအတွင်း မန်ယူရှယ်ယာများ (၃၃) ရာခိုင်နှုန်းအထိ မြင့်တက်သွားခဲ့သည်။



### (၄) အူစမန်နော့ဗ် (ရုရှား)

**ကြွယ်ဝမှု** - ဒေါ်လာ(၁၇ . ၆)ဘီလီယံ

**ရှယ်ယာဝင်(သို့)ပိုင်ဆိုင်သည့်အသင်း** - အာဆင်နယ် (အင်္ဂလန်)

**ဝင်ရောက်လာပုံ** - ရုရှားနိုင်ငံ၏အချမ်းသာဆုံးပုဂ္ဂိုလ် အူစမန်နော့ဗ်သည် ၂၀၀၇ ဩဂုတ်လတွင် အာဆင်နယ်အသင်း၏ရှယ်ယာ (၁၄. ၅၈)ရာခိုင်နှုန်းကိုဝယ်ယူခဲ့သည်။ ၂၀၁၁ ဇွန်လတွင် ရှယ်ယာများကိုတိုးမြှင့်ဝယ်ယူခဲ့ရာ (၂၉)ရာခိုင်နှုန်းထက်မနည်းပိုင်ဆိုင်ထားသည်ဟုခန့်မှန်းရသည်။



### (၅) လက်ရှ်မီးမစ်တယ်လ် (အိန္ဒိယ)

**ကြွယ်ဝမှု** - ဒေါ်လာ(၁၆ . ၅)ဘီလီယံ

**ရှယ်ယာဝင်(သို့)ပိုင်ဆိုင်သည့်အသင်း** - QPR(အင်္ဂလန်)

**ဝင်ရောက်လာပုံ** - အိန္ဒိယတွင်မွေးဖွားပြီး လန်ဒန်မြို့၌အခြေချနေထိုင်သည်မှာကြာမြင့်ပြီဖြစ်သည့် လက်ရှ်မီးသည် ၂၀၀၇ ဒီဇင်ဘာက QPR အသင်း၏ရှယ်ယာ (၂၀)ရာခိုင်နှုန်းကိုဝယ်ယူခဲ့သည်။ လက်ရှိအချိန်တွင် QPR ၌လက်ရှ်မီးမစ်တယ်လ်၏ ရှယ်ယာမှာ (၃၃)ရာခိုင်နှုန်းရှိမည်ဟု ခန့်မှန်းသည်။



### (၆) ရီနတ်အက်မီတော့ဗ် (ယူကရိန်း)

**ကြွယ်ဝမှု** - ဒေါ်လာ(၁၅ . ၄)ဘီလီယံ

**ရှယ်ယာဝင်(သို့)ပိုင်ဆိုင်သည့်အသင်း** - ရှက်တာဒိုးနက် (ယူကရိန်း)

**ဝင်ရောက်လာပုံ** - ဘောလုံးအသင်းပိုင်ဆိုင်မှုသည် ယူကရိန်းဘီလျံနာများကြားတွင်ပေါ်ပြူလာဖြစ်နေပြီး ယင်းထဲတွင်အက်မီတော့ဗ်လည်းပါဝင်လာခဲ့သည်။ ၁၉၉၆ အောက်တိုဘာတွင် ရှက်တာဒိုးနက်အသင်း၏ဥက္ကဋ္ဌဖြစ်လာခဲ့ပြီးအသင်းအောင်မြင်မှုအတွက်ရင်းနှီးမြှုပ်နှံမှုများစွာပြုလုပ်ခဲ့သည်။



### (၇) ဖရန်ကိုအစ်ပီနော့ (ပြင်သစ်)

**ကြွယ်ဝမှု** - ဒေါ်လာ(၁၅)ဘီလီယံ

**ရှယ်ယာဝင်(သို့)ပိုင်ဆိုင်သည့်အသင်း** - ရိန်းစ်(ပြင်သစ်)

**ဝင်ရောက်လာပုံ** - နာမည်ကြီး အမှတ်တံဆိပ်ဖြစ်သည့် Gucci အပါအဝင် ပြင်သစ်ဇိမ်ခံပစ္စည်းများစွာကိုထုတ်လုပ်သူ ဖရန်ကိုအစ်ပီနော့သည် ၎င်း၏ဇာတိမြို့ခံ(ဘရစ်တနီ)ကလပ် ရိန်းစ်အသင်းကို ၁၉၉၈ ခုနှစ်ကတည်းကပိုင်ဆိုင်လာသူဖြစ်သည်။သို့သော် အသင်းတွင်ရင်းနှီးမြှုပ်နှံမှုများကို မတွေ့ရပေ။



### (၈) ပေါလ်အလန် (အမေရိကန်)

**ကြွယ်ဝမှု** - ဒေါ်လာ(၁၅)ဘီလီယံ

**ရှယ်ယာဝင်(သို့)ပိုင်ဆိုင်သည့်အသင်း** - ဆီယက်တဲလ် (အမေရိကန်)

**ဝင်ရောက်လာပုံ** - မိုက်ခရိုဆော့ဖ် ပူးတွဲတည်ထောင်သူ ပေါလ်အလန်သည် အားကစားနှင့်သိပ္ပံပညာကိုပူးပေါင်းရန်စိတ်အားထက်သန်သူဖြစ်သည်။ ၂၀၀၇တွင်တည်ထောင်ခဲ့သည့် ဆီယက်တဲလ် ရှယ်ယာများကိုပိုင်ဆိုင်ထားပြီး အခြားအားကစားကလပ်များကိုလည်းပိုင်ဆိုင်ထားသည်။



### (၉) ဂျွန်ဖရက်ဒရစ်ဆင် (ဆိုက်ပရပ်စ်)

**ကြွယ်ဝမှု** - ဒေါ်လာ(၁၁ . ၅)ဘီလီယံ

**ပိုင်ဆိုင်သည့်အသင်း၊** - ဗယ်လာရန်ဂါ (နော်ဝေ)

**ဝင်ရောက်လာပုံ** - အခွန်အမြောက်အများပေးဆောင်ရမှုကိုရှောင်လွှဲနိုင်ရန် ရေနံတင်သင်္ဘောလုပ်ငန်းတွင်ဩဇာတိက္ကမကြီးမားသည့် ဖရက်ဒရစ်ဆင်သည် ၂၀၀၆ခုနှစ်၌နော်ဝေမှဆိုက်ပရပ်စ်နိုင်ငံသားအဖြစ်ခံယူခဲ့သည်။ သူသည် ပရီးမီးယားလိဂ်ကလပ်တစ်သင်းကိုလည်းပိုင်ဆိုင်လိုနေသည်။



### (၁၀) ရိုမန်အေဘရာမိုဗစ်ချ် (ရုရှား)

**ကြွယ်ဝမှု** - ဒေါ်လာ(၁၀ . ၂)ဘီလီယံ

**ရှယ်ယာဝင်(သို့)ပိုင်ဆိုင်သည့်အသင်း** - ချယ်လ်ဆီး (အင်္ဂလန်)

**ဝင်ရောက်လာပုံ** - ၂၀၀၃ခုနှစ်တွင် ချယ်လ်ဆီးအသင်းအား ဒေါ်လာ(၂၃၃)သန်းဖြင့်ဝယ်ယူခဲ့သည့် အေဘရာမိုဗစ်ချ်သည် အသင်းအတွက် ဒေါ်လာ(၂. ၉၇)ဘီလီယံ အသားတင်သုံးစွဲခဲ့သည်။ ၎င်း၏ပိုင်ဆိုင်မှုဒေါ်လာ(၂)ဘီလီယံခန့်ကျ ဆင်းလာသော်လည်း ငွေသုံးစွဲမှုကျဆင်းမသွားခဲ့ပေ။

# ဖီနာဘာချီနှင့်ပွဲအမီ ကစားသမားသစ်များခေါ်ယူနိုင်ရန်အာဆင်နယ် ကြိုးပမ်းနေသော်လည်း ကာဘာယီအတွက်ကမ်းလှမ်းမှုပယ်ချခံရပြန်

ပရီးမီးယားလိဂ်အဖွင့်ပွဲစဉ်တွင် အိမ်ကွင်း၌ အက်စတွန်ဗီလာအသင်းကို ဂိုးပြတ်ရှုံးနိမ့်ခဲ့ပြီး အမာခံပရိသတ်များ၏ ပြစ်တင်ဝေဖန်မှုများနှင့်ရင်ဆိုင်နေရသော အာဆင်နယ်အသင်းသည် ဖီနာဘာချီနှင့်ကစားရမည့် ချန်ပီယံလိဂ်ခြေစစ်ပွဲအမီ ကစားသမားသစ်များခေါ်ယူအားဖြည့်နိုင်ရန် ကြိုးပမ်းနေကြောင်း သိရှိရသည်။

အာဆင်နယ်အသင်းပရိသတ်များသည် ရာသီအဖွင့်ပွဲတွင် အရှက်တကွဲရှုံးနိမ့်ခဲ့ရခြင်းအတွက် နည်းပြအာစင်ဝင်းဂါး၏ အပြောင်းအရွှေ့မူဝါဒကို အဓိကပြစ်တင်ဝေဖန်ခဲ့ကြပြီး အင်္ဂလန်မှ အာဆင်နယ်အသင်း၏အမာခံပရိသတ်အဖွဲ့အစည်းတစ်ခုသည် အမှုဆောင်ချုပ်ဂါဇီဒစ်ထံ အိတ်ဖွင့်စာပေးပို့၍ ငွေကြေးမသုံးစွဲသည့် လက်ရှိအနေအထားအပေါ်ကန့်ကွက်ခြင်း၊ အာစင်ဝင်းဂါးကို သက်တမ်းမတိုးရန် တောင်းဆိုခြင်းများ ပြုလုပ်ခဲ့ကြောင်းလည်း သိရှိရသည်။ ယင်းအခြေအနေတွင် အာဆင်နယ်အသင်းမှာ ဒဏ်ရာရကစားသမားများနှင့် ပြည့်နှက်နေပြီး ဖီနာဘာချီနှင့်ပွဲအတွက် ပထမကစားသမား(၈)ဦးသာ အသင့်အနေအထားရှိနေသည့်အတွက် ကစားသမားသစ်များခေါ်ယူရန် တက်သုတ်ရိုက်ကြိုးပမ်းလာခြင်းလည်း ဖြစ်သည်။



Photo : DailyMail

အာဆင်နယ်အသင်းသည် တနင်္လာနေ့က နယူးကာဆယ်မှ ပြင်သစ်ကွင်းလယ်ကစားသမားကာဘာယီ၊ ရှော်လ်ကာမှ ဂျပန်နောက်ခံလူအူချီဒါနှင့် ဆီဗီလာမှ ပြင်သစ်ကွင်းလယ်ခံစစ်သမား ကွန်ဒေါ့ဘီယာတို့ကို ကမ်းလှမ်းမှုအသီးသီးပြုလုပ်ခဲ့ကြောင်း သိရှိရသည်။ သို့သော် အာဆင်နယ်အသင်း၏ ကာဘာယီအတွက် ပေါင်(၁၀)သန်းဖြင့် ကမ်းလှမ်းမှုကို နယူးကာဆယ်အသင်းကချက်ချင်းပယ်ချခဲ့ပြီး ၎င်းတို့၏ကစားသမားမှာ ပေါင်သန်း(၂၀)တန်သည်ဟု တုံ့ပြန်ခဲ့ကြောင်း သိရှိရသည်။ အူချီဒါနှင့် ကွန်ဒေါ့ဘီယာတို့အတွက် ကမ်းလှမ်းမှုကိုမူ သက်ဆိုင်ရာအသင်းများ၏ တုံ့ပြန်မှုအားစောင့်ကြည့်ရဦးမည်ဖြစ်သည်။ ထို့ပြင် အာဆင်နယ်အသင်းသည် ဆွမ်ဆီးမှ မီချူးနှင့် ဝီလီယမ်စ်၊ လိုင်ယွန်မှ ဂေါမက်ဇ်၊ အက်သလက်တီကိုမှ အာဒါတူရန်၊ မန်စီးတီးမှ မီကာရစ်ချတ်တို့ကိုလည်း ချိန်ရွယ်လျက်ရှိပြီး ယခုရက်ပိုင်းအတွင်း ကမ်းလှမ်းမှုများ ဆက်တိုက်ပြုလုပ်သွားရန် စီစဉ်နေကြောင်း သိရှိရသည်။

## အင်္ဂါနေ့နံနက်ပိုင်းသတင်းများ

❒ မန်စီးတီးအသင်းမှ အာဂျင်တီးနားနောက်ခံလူဇာဘာလက်တာ(၂၈ နှစ်)သည် အသင်းနှင့် (၄)နှစ်သက်တမ်းတိုးစာချုပ်တစ်ရပ်ချုပ်ဆိုခဲ့ကြောင်းသိရသည်။

❒ ဆွမ်ဆီးတိုက်စစ်မှူး မီချူးက မန်ယူတိုက်စစ်မှူးဗန်ပါစီမှာ ကမ္ဘာ့အကောင်းဆုံးတိုက်စစ်မှူးတစ်ဦးဖြစ်ပြီး ယခုရာသီတွင်လည်း ရွှေဖိနပ်ဆုထပ်မံဆွတ်ခူးနိုင်ဦးမည်ဟု ချီးကျူးပြောကြားခဲ့သည်။

❒ ဂျူဗင်တပ်စ်ကွင်းလယ်လူ မာခီစီယိုသည် အီတလီစူပါဖလားပွဲတွင် ညာဘက်ဒူးဒဏ်ရာရရှိခဲ့ရာ (၁)လကျော်ခန့်အနားယူရတော့မည်ဖြစ်ကြောင်းသိရသည်။

❒ အာဆင်နယ်တိုက်စစ်မှူးဂျီရော့က အသင်းကိုကစားသမားများစွာဖြင့်အားဖြည့်ရန်လိုအပ်ကြောင်း၊ အထူးသဖြင့်တိုက်စစ်မှူးတစ်ဦးခေါ်ယူရန်လိုအပ်ကြောင်း ပြင်သစ်မီဒီယာများထံသို့ပြောကြားခဲ့သည်။

❒ ဘာစီလိုနာနောက်ခံလူ ဒန်နီအဲလ်ဗတ်စ်သည် တနင်္ဂနွေနေ့ လီဗန်တေးနှင့်ပွဲတွင် ဘယ်ဘက်ဒူးဒဏ်ရာရရှိခဲ့ပြီး အက်သလက်တီကိုနှင့် စပိန်စူပါဖလားပွဲတွင်ပါဝင်နိုင်ရန်မသေချာကြောင်းသိရသည်။

❒ ရှော်လ်ကာအသင်း၏တိုက်စစ်မှူး ဟန်တယ်လာသည် ဝုလ်ဖ်ဘတ်နှင့်ပွဲစဉ်တွင် ညာဘက်ဒူးဒဏ်ရာရရှိခဲ့ရာ (၄)ပတ်ခန့်အနားယူရမည်ဖြစ်ကြောင်းသိရသည်။

## လာလီဂါပွဲစဉ်(၁)ပွဲကျန်ရလဒ်

ဗယ်လက်ကာနို ၃-၀ အယ်လ်ချီ

## မန်ယူ၏ ပေါင်(၂၈)သန်းတန်ကမ်းလှမ်းမှုအား အဲဗာတန်ပယ်ချ

မန်ယူအသင်းနည်းပြဒေးဗစ်မိုယက်စ်သည် အသင်းဟောင်းမှကစားသမားများဖြစ်သည့် ကွင်းလယ်လူဖယ်လေနီနှင့် ဘယ်အစွန်လူဘိန်းစ်တို့အား နှစ်ဦးပေါင်းပေါင်(၂၈)သန်းဖြင့်ကမ်းလှမ်းခဲ့ရာ အဲဗာတန်အသင်းက ဒေါသတကြီးပယ်ချခဲ့ကြောင်းသိရှိရသည်။ မန်ယူအသင်းသည် ဖယ်လေနီအား ပေါင်(၁၆)သန်း၊ ဘိန်းစ်အား ပေါင်(၁၂)သန်းသတ်မှတ်ကာကမ်းလှမ်းခဲ့ခြင်းဖြစ်ပြီး အဲဗာတန်အသင်းက မန်ယူအသင်း၏မဖြစ်စလောက်ကြေးဖြင့် စော်ကားကမ်းလှမ်းမှုအားပယ်ချခဲ့ကြောင်း ယမန်(တနင်္လာ)နေ့ကအတည်ပြုခဲ့သည်။ မန်ယူ၏ကမ်းလှမ်းမှုမှာ အဲဗာတန်မျှော်လင့်ထားသည့်ဈေးနှုန်းနှင့် (၁၀)သန်းထက်မနည်းကွာဟနေကြောင်း သိရှိရသည်။

## အင်္ဂလန်ကွင်းလယ်လူပါကား ဖူလ်ဟမ်အသင်းသို့ပြောင်းရွှေ့

စပါးအသင်းမှ အင်္ဂလန်ကွင်းလယ်လူစကော့ပါကား(၃၂နှစ်)သည် ယမန်(တနင်္လာ)နေ့က ဖူလ်ဟမ်အသင်းသို့အပြီးသတ်ပြောင်းရွှေ့သွားခဲ့ကြောင်းသိရသည်။ ပါကားသည် ဖူလ်ဟမ်အသင်းနှင့် (၃)နှစ်စာချုပ်ချုပ်ရန်သဘောတူညီမှုရခဲ့ပြီး ပြောင်းရွှေ့ကြေးကိုမူမထုတ်ပြန်ခဲ့ပေ။ ဖူလ်ဟမ်အသင်းသို့ပြောင်းရွှေ့မှုကြောင့်ပါကားသည် လန်ဒန်ကလပ်(၅)သင်းတွင်ကစားဖူးသည့်မှတ်တမ်းတစ်ရပ်တင်ရှိနိုင်တော့မည်ဖြစ်ပြီး ဖူလ်ဟမ်မတိုင်မီက အခြားလန်ဒန်ကလပ်များဖြစ်သည့် ချာလ်တန်၊ ချယ်လ်ဆီး၊ ဝက်စ်ဟမ်း၊ စပါးအသင်းတို့တွင်ကစားခဲ့ခြင်းဖြစ်သည်။

## ကွန်ထရာအိုထွက်ခွာခွင့်တောင်းဟု အန်ဆယ်လော့တီအတည်ပြု

ရီးယဲလ်အသင်းနည်းပြ အန်ဆယ်လော့တီက ပေါ်တူဂီနောက်ခံလူကွန်ထရာအိုသည်အသင်းမှထွက်ခွာခွင့်တောင်းခံခဲ့ကြောင်းအတည်ပြုခဲ့သည်။ ရီးယဲလ်အသင်းသည် ပြီးခဲ့သည့်ရက်သတ္တပတ်အနည်းငယ်က စပါးတောင်ပံကစားသမားဘေးလ်အားကမ်းလှမ်းရာတွင် ကွန်ထရာအိုအားအလိုက်ပေးခဲ့ပြီး ကွန်ထရာအို၏တန်ဖိုးကို စပါးအသင်းနှင့်ညှိနှိုင်းရာတွင် အဆင်မပြေခဲ့ကြောင်းသိရသည်။ ယခုအခါ ကွန်ထရာအိုက ရီးယဲလ်မှထွက်ခွာခွင့်ပေးရန်တောင်းဆိုလာခြင်းဖြစ်ပြီး အန်ဆယ်လော့တီက အသင်းအတွင်းပြဿနာထွေထွေထူးထူးမရှိကြောင်း၊ အခြားကစားသမားများမှာ ပျော်ရွှင်လျက်ရှိကြောင်းဖြေရှင်းခဲ့ပြီး ကွန်ထရာအိုဆုံးဖြတ်ချက်ပြင်ဆင်ပါကလည်း လက်ခံသွားမည်ဟုပြောကြားခဲ့သည်။

# အမှတ်ပေးဇယားကိုဦးဆောင်တဲ့မန်စီးတီး

## ပရီးမီးယားလိဂ်ပွဲစဉ်(၁) ပွဲကျန်သုံးသပ်ချက်

### မန်စီးတီး ၄-၀ နယူးကာဆယ်



Photo : AFP

မန်စီးတီးအသင်းက ကစားသမားသစ်နာဗတ်စ်နဲ့ ဖာနန်ဒင်ဟိုတို့ကို ပွဲထွက်လူစာရင်းမှာထည့်သွင်းအသုံးပြုခဲ့ပြီး ချန်ပီယံဆုအတွက် ရေပန်းစားမှုနဲ့ ထိုက်တန်တဲ့ခြေစွမ်းကို ပြသသွားခဲ့ပါတယ်။ ပြင်သစ်ကစားသမားအများစုနဲ့ နယူးကာဆယ်အသင်းက (၇)ပွဲဆက်တိုက်အရှုံးပေးထားရတဲ့မှတ်တမ်းကို ချေဖျက်နိုင်ဖို့ လူစုံထုတ်ကြိုးစားခဲ့ပေမယ့် မယှဉ်နိုင်ခဲ့ပါဘူး။ ယာယာတိုရေး၊ ဖာနန်ဒင်ဟို၊ နာဗတ်စ်၊ ဒေးဗစ်ဆေးလ်ဗားတို့နဲ့ မန်စီးတီးကွင်းလယ်က ဘင်အာဖာ၊ တီအိုတီ၊ ဆစ်ဆိုကို၊ ဂူတီယာရက်ဇ်တို့နဲ့ နယူးကာဆယ်ကွင်းလယ်ကိုအသာစီးယူနိုင်ခဲ့သလို၊ ပွဲအစ(၆)မိနစ်မှာပဲ ဦးဆောင်ဂိုးသွင်းယူနိုင်ခဲ့ပါတယ်။ ဇီကိုရဲ့ကန်ချက်လူထိထွက်လာတာကို ဒေးဗစ်ဆေးလ်ဗားကပြေးဝင်ခေါင်းတိုက်ကာ သွင်းယူခဲ့တာဖြစ်ပြီး နောက်ပိုင်းမှာလည်း မန်စီးတီးပဲ တောက်လျှောက်ဖိကစားနိုင်ခဲ့ပါတယ်။ (၂၂)မိနစ်မှာတော့ မန်စီးတီးဒုတိယဂိုးရရှိခဲ့ပြီး ဇီကိုရဲ့ ဖန်တီးမှုကတစ်ဆင့် အဂူရိုက ဂိုးသမားတင်မ်ကရူးရဲ့ညာဘက်ထောင့်ထဲ ကန်သွင်းယူခဲ့တာပါ။ ပထမပိုင်းပြီးခါနီးမှာ အဂူရိုကို လက်နဲ့ရိုက်ခဲ့တာကြောင့် နယူးကာဆယ်နောက်ခံလူစတီဗင်တေလာ အထုတ်ခံခဲ့ရပြီး မန်စီးတီးအတွက် နောက်ထပ်ဂိုးတွေကိုတော့ မိနစ်(၅၀)မှာ ယာယာတိုရေးက ဖရီးကစ်တိုက်ရိုက်ကန်ချက်နဲ့(၇၄)မိနစ်မှာ နာဆရီတို့က သွင်းယူခဲ့ပါတယ်။ ဒီရလဒ်ကြောင့် မန်စီးတီးအသင်းဟာ မြို့ခံပြိုင်ဘက်မန်ယူကို ကျော်ပြီး ပရီးမီးယားလိဂ်အမှတ်ပေးဇယားကို ဦးဆောင်နိုင်ခဲ့ပါတယ်။

# အာဆင်နယ်အသင်း၏ ကွင်းလယ်လူ ချမ်ဘာလိန် ဒဏ်ရာပြဿနာကြောင့် (၆)လခန့်အနားယူရဖွယ်ရှိနေ




အက်စတွန်ဗီလာနှင့်ပွဲစဉ်တွင် ဒဏ်ရာပြင်းထန်စွာရရှိခဲ့သည့် ချမ်ဘာလိန်

ဒဏ်ရာပြဿနာများနှင့် ရင်ဆိုင်နေရသည့် အာဆင်နယ်အသင်းအတွက် နောက်ထပ်ထိုးနက်ချက်တစ်ခုအဖြစ် ကွင်းလယ်လူချမ်ဘာလိန်ကိုလည်း လက်လွှတ်ရဦးမည်ဖြစ်ကြောင်း သိရှိရသည်။

ချမ်ဘာလိန်သည် အက်စတွန်ဗီလာအသင်းကို ရှုံးနိမ့်ခဲ့သည့်ပွဲတွင် ဒဏ်ရာရရှိခဲ့ပြီး၊ ယင်းဒဏ်ရာမှာ ပြင်းထန်သဖြင့် (၆)လခန့်အနားယူရမည်ဖြစ်ကြောင်း မီဒီယာများကဖော်ပြခဲ့ကြသည်။ ချမ်ဘာလိန်သည် ဘယ်ဘက်ဒူးတွင်ဒဏ်ရာရရှိခဲ့ပြီး၊ အသင်း၏ဆေးအဖွဲ့ခေါင်းဆောင်က ဒဏ်ရာမှာပြင်းထန်ကြောင်း အတည်ပြုကြေညာခဲ့သည်။

အာဆင်နယ်အသင်းနည်းပြ အာစင်ဝင်းဂါးကလည်း "အသင်းရဲ့ ပွဲတွေနဲ့ သူလွဲချော်တော့မှာပါ။ ဖီနာဘာချီနဲ့ပွဲကိုလည်း မကစားနိုင်တော့ပါဘူး။ သူက ဒူးမှာဒဏ်ရာရရှိခဲ့တာပါ။ ဒဏ်ရာက ပြင်းထန်ပါတယ်"ဟု ပြောကြားခဲ့သည်။ လက်ရှိအချိန်တွင် ချမ်ဘာလိန်၏ ဒဏ်ရာမှာ ကနဦးစစ်ဆေးမှုသာရှိသေးပြီး၊ ဒဏ်ရာပြင်းထန်ကြောင်းကိုအတည်ပြုနိုင်ပြီဖြစ်သည်။ ဒုတိယအကြိမ်စစ်ဆေးမှုအပြီးတွင် အနားယူရမည့်ကာလအတိအကျကို သိရှိနိုင်မည်ဖြစ်ပြီး၊ (၆)လမှ (၉)လခန့်အထိအနားယူရဖွယ်ရှိနေသည်။

အာဆင်နယ်အသင်းသည် လာမည့် ဗုဒ္ဓဟူးနေ့တွင်ကစားမည့် ဖီနာဘာချီနှင့်ပွဲအတွက် အသင်းကြီးမှာ ကြံ့ခိုင်မှုအပြည့်အဝရှိသူ (၈)ဦးသာကျန်ရှိတော့ပြီး၊ လူငယ်အသင်းမှ ကစားသမားများနှင့် တွဲကစားရမည့်အခြေအနေဖြစ်နေသည်။

**အာဆင်နယ်အသင်း၏ ဒဏ်ရာရကစားသမားများ**

| | |
|---|---|
| ရမ်ဆေး | ခြေကျင်းဝတ် |
| ရိုဆစ်စကီး | တံကောက်ကြော |
| ဆက်ဂ်နာ | ဦးခေါင်း |
| ကီရန်ဂစ်ဘ် | ဦးခေါင်း |
| ချမ်ဘာလိန် | ဒူး |
| အာတီတာ | ပေါင် |
| မွန်ရီယယ် | နောက်ကျော |
| ဗာမယ်လန်း | နောက်ကျော |
| ဒီယာဘီ | ဒူး |

## ရွန်နီအား မိုက်ကယ်ကာရစ် ချီးကျူးပြောဆိုမှုများပြုလုပ်

မန်ယူအသင်းကွင်းလယ်လူ မိုက်ကယ်ကာရစ်က အသင်းဖော်ရွန်နီနှင့်ပတ်သက်ပြီးချီးကျူးပြောဆိုမှုများပြုလုပ်ခဲ့ကြောင်းသိရသည်။ မိုက်ကယ်ကာရစ်က "ဝိန်း(ရွန်နီ)ဟာ ကျွန်တော်တို့အသင်းနဲ့ တစ်သားတည်းရှိနေပါတယ်။ ကျွန်တော်အပါအဝင် အသင်းပရိသတ်တွေအားလုံးကလည်း သူ့ကိုအမြဲတမ်းထောက်ခံနေခဲ့တာပါ" ဟု ပြောကြားခဲ့သည်။

## ပရိသတ်များကိုနားလည်ပေးနိုင်သည်ဟု ဝဲလ်ရှိုင်းယားဆို

အာဆင်နယ်အသင်းကွင်းလယ်လူဝဲလ်ရှိုင်းယားက ဗီလာအသင်းအား အိမ်ကွင်း၌ဂိုးပြတ်ရှုံးနိမ့်ခဲ့သည့်ပွဲတွင် အသင်းပရိသတ်များ၏လှောင်ပြောင်အော်ဟစ်မှုများကို နားလည်ပေးနိုင်ကြောင်း ဖွင့်ဟခဲ့သည်။ ထို့အပြင် ၎င်းက အဖွင့်ပွဲစဉ်တွင်ရလဒ်ဆိုးရွားခဲ့သည့်အတွက် မိမိတို့ကိုယ်တိုင်စိတ်ပျက်မိကြောင်း အသင်းပိုင်ဝက်ဘ်ဆိုက်မှတစ်ဆင့် ပြောကြားခဲ့သည်။

## ကွန်တီနှင့် ဗာဂူဆန် တူကြောင်း တီဗက်ဇ်သုံးသပ်

ဂျူဗင်တပ်စ်အသင်းတိုက်စစ်မှူး တီဗက်ဇ်က နည်းပြကွန်တီနှင့်နည်းပြဟောင်းဖာဂူဆန်တို့သည် စရိုက်ချင်းတူညီသည့်သူများဖြစ်ကြောင်းပြောကြားခဲ့သည်။ "သူတို့နှစ်ယောက်စလုံးဟာအောင်မြင်မှုကိုယ်စီသိမ်းပိုက်နိုင်ခဲ့တဲ့သူတွေပါ၊ ပြီးတော့သူတို့ဟာရရှိတဲ့အခွင့်အရေးကိုအပိုင်အသုံးချတတ်လေ့ရှိသူတွေပါ"ဟုလာဇီယိုနှင့်ပွဲအပြီးတွင်သုံးသပ်ပြောကြားခဲ့သည်။

## BRIEF

❒ အက်သလက်တီကိုမက်ဒရစ်အသင်း၏ တောင်ပံကစားသမားတစ်ဦးဖြစ်သည့် အာဒါတူရန်၏အေးဂျင့်ဖြစ်သူက ချယ်လ်ဆီးအသင်းနှင့် လီဗာပူးလ်အသင်းတို့သည် မိမိကစားသမားအားခေါ်ယူရန် ကမ်းလှမ်းမှုများရှိနေကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။

❒ ယခုနှစ်ရာသီတွင်ပြင်ဆင်မှုများစွာပြုလုပ်ထားသည့် ရိုးမားအသင်းသည် ရိုမေးနီးယားကလပ်စတူအာဘူခါရက်အသင်းနောက်ခံလူ ဗလာချီရီချက်စ်အားခေါ်ယူရန်စိတ်ဝင်စားနေကြောင်းသိရသည်။

❒ PSG အသင်းနည်းပြ လောရင့်ဘလန့်က ပြီးခဲ့သည့်အေယက်စီယိုနှင့်ပွဲတွင်သရေရလဒ်သာရရှိခဲ့ခြင်းအပေါ် မိမိအနေဖြင့် နားမလည်နိုင်ဖြစ်မိကြောင်း၊ မိမိတို့အသင်းမှာ လက်ရှိအချိန်အထိ အဆင့်သင့်မဖြစ်သေးကြောင်း၊ ရမှတ်(၂)မှတ်ဆုံးရှုံးခဲ့ရခြင်းကိုအလွန်စိတ်ပျက်မိကြောင်း စသဖြင့်ဖွင့်ဟပြောကြားခဲ့သည်။

❒ စပါးအသင်းနည်းပြဘိုအက်ရှ်က မိမိတို့အသင်းတိုက်စစ်မှူးသစ်ဆိုလ်ဒါဒိုသည် ယခုနှစ်ရာသီတွင်ပရီးမီးယားလိဂ်သွင်းဂိုး(၂၀)နှင့်အထက် သွင်းယူပေးနိုင်လိမ့်မည်ဟုယုံကြည်ကြောင်းပြောကြားခဲ့ပြီး ကစားသမားသစ်များဖြစ်သည့် ပေါ်လင်ဟိုနှင့် ချက်ဒ်လီတို့၏ပွဲဦးထွက်ခြေစွမ်းကိုလည်း အားရကျေနပ်မိကြောင်း ပြောကြားခဲ့သည်။

❒ ပရီးမီးယားလိဂ်ထိပ်တန်းကလပ်အသင်းများဖြစ်သော မန်စီးတီး၊ ချယ်လ်ဆီး၊ အာဆင်နယ်အသင်းတို့သည် PSVအသင်းမှ အသက်(၁၇)နှစ်အရွယ်ဘယ်လ်ဂျီယံကြယ်ပွင့်တောင်ပံကစားသမား ဇာကာရီယာဘက်ကာလီအား အပြိုင်စိတ်ဝင်စားနေကြောင်း Sunday Express သတင်းစာမှဖော်ပြခဲ့သည်။

❒ ရီးယဲယ်မက်ဒရစ်အသင်းကွင်းလယ်ကစားသမား အစ္စကိုက ၎င်း၏လာလီဂါအဖွင့်ပွဲစဉ်တွင်အသင်းအတွက်အနိုင်ဂိုးသွင်းယူပေးနိုင်ခဲ့သည့်အတွက်ဝမ်းသာမိကြောင်း၊ ရီးယဲယ်အသင်းသည် မိမိ၏အရည်အချင်းများကိုပိုမိုတောက်ပလာအောင်ပြုလုပ်ပေးနိုင်လိမ့်မည်ဟုယုံကြည်ကြောင်း ပြောဆိုခဲ့သည်။

❒ လာဇီယိုအသင်းနည်းပြ ပတ်ကိုဗစ်သည် အီတလီစူပါဖလားပွဲစဉ်တွင် ဂျူဗင်တပ်စ်အသင်းအား ဂိုးပြတ်ရှုံးနိမ့်ခဲ့ရခြင်းအတွက် အသင်းပရိသတ်များကိုတောင်းပန်စကားပြောကြားခဲ့ပြီး စီးရီးအေရာသီသစ်တွင် ရလဒ်ကောင်းများရရှိအောင်ကြိုးစားသွားမည်ဟု ကတိပေးခဲ့သည်။

# ရွန်နီကိုပွဲထွက်အဖြစ်မသုံးခြင်းမှာ အသင်းနှင့်အတူလုံလောက်သည့် လေ့ကျင့်ခန်းအစီအစဉ်များမလုပ်ရသေးခြင်းကြောင့်ဟု မိုယက်စ်ဆို




ဆွမ်ဆီးအသင်းကို အနိုင်ရရှိခဲ့သည့်ပွဲအပြီးတွင် လက်ဆွဲနှုတ်ဆက်နေသည့် နည်းပြမိုယက်စ်နှင့် ရွန်နီ




ဆွမ်ဆီးအသင်းနှင့်ပွဲစဉ်တွင် ခြေစွမ်းပြခဲ့သည့်ရွန်နီ

မန်ယူအသင်း၏ နည်းပြဖြစ်သူ ဒေးဗစ်မိုယက်စ်က ဆွမ်ဆီးအသင်းကို (၁-၄)ဂိုးဖြင့် အနိုင်ရရှိခဲ့သည့်ပွဲတွင် ရွန်နီကို ပွဲထွက်ကစားသမားအဖြစ် အသုံးမပြုခြင်းမှာ အသင်းနှင့်အတူ လုံလောက်သည့် လေ့ကျင့်ခန်းအစီအစဉ်များ မပြုလုပ်ရသေးခြင်းကြောင့်သာဖြစ်ကြောင်း ရှင်းလင်းပြောကြားခဲ့သည်။

ရွန်နီကိုယ်တိုင်က ရာနှုန်းပြည့်ကြံ့ခိုင်မှုရှိနေသည်ဟု ဆိုခဲ့သော်လည်း ယင်းပွဲတွင်အသုံးမပြုခဲ့ခြင်းအပေါ် မီဒီယာများကမေးမြန်းခဲ့ရာ မိုယက်စ်က "ရွန်နီက ကြံ့ခိုင်မှုအပြည့်ရှိပါတယ်။ အဓိကပြဿနာက သူဟာကျွန်တော့်ရဲ့ လေ့ကျင့်ခန်းအစီအစဉ်တွေကို လွဲချော်ထားတာပါပဲ။ အဲဒါကြောင့် သူ့ကိုပွဲထွက်အဖြစ်အသုံးမပြုခဲ့တာပါ" ဟုပြောကြားခဲ့သည်။ ရွန်နီသည် ယင်းပွဲတွင် တက်ကြွသည့်ပုံစံမျိုးဖြင့်မကစားခဲ့ဘဲ အသင်းဖော်များဂိုးသွင်းယူချိန်တွင်လည်း ဝင်ရောက်အောင်ပွဲခံခဲ့ခြင်းမရှိချေ။ ယင်းကဲ့သို့ အခြေအနေများရှိနေသော်လည်း ခြေစွမ်းပြကစားနိုင်ခဲ့ပြီး၊ အသင်းအတွက်ဂိုး(၂)ဂိုးကို ဖန်တီးပေးခဲ့ခြင်းကို ဒေးဗစ်မိုယက်စ်က ချီးကျူးပြောဆိုမှုများပြုလုပ်ခဲ့သည်။ မိုယက်စ်က "သူကစားတာ အရမ်းကောင်းပြီး အသင်းအတွက် ဂိုး(၂)ဂိုးကို ပံ့ပိုးပေးနိုင်ခဲ့ပါတယ်။ သူက လုပ်အားနှုန်းအရမ်းကောင်းပြီး ပထမဂိုးမှာ ထက်မြက်တဲ့လမ်းကြောင်းဖွင့်ပေးမှုနဲ့ ဒုတိယဂိုးမှာ အရမ်းကောင်းတဲ့ ဖန်တီးမှုတွေကို ပြုလုပ်ပေးခဲ့ပါတယ်။ အသင်းပရိသတ်တွေက ထိပ်တန်းကစားသမားတွေကို အမြဲတမ်းကြိုဆိုကြပြီး၊ ရွန်နီကွင်းထဲဝင်လာချိန်မှာလည်း ပရိသတ်တွေ ကြိုဆိုခဲ့ကြပါတယ်။ ရွန်နီအသင်းအတွက် နောက်ထပ်ပွဲတွေအများကြီးကစားပြီး၊ အကျိုးပြုနိုင်လိမ့်မယ်လို့ကျွန်တော်မျှော်လင့်ပါတယ်"ဟု ပြောကြားခဲ့သည်။

ရွန်နီနှင့်ပတ်သက်၍ အပြောင်းအရွှေ့သတင်းများမှာ ဆက်လက်ဖြစ်ပေါ်နေပြီး ချယ်လ်ဆီးအသင်းနည်းပြ မော်ရင်ဟိုကလည်း ရွန်နီဟုအမည်မတပ်သော်လည်း ၎င်းကိုရည်ညွှန်းပြီးခေါ်ယူရန်ကြိုးပမ်းသွားမည်ဟု ဟားလ်စီးတီးနှင့်ပွဲအပြီးတွင် ပြောကြားခဲ့သည်။ မော်ရင်ဟိုက "ကျွန်တော်တို့အသင်းလိုချင်နေတဲ့တိုက်စစ်မှူးကို အပြောင်းအရွှေ့နောက်ဆုံးရက်အထိ ကြိုးပမ်းသွားမှာပါ။ ဒါပေမဲ့ ကျွန်တော်တို့စည်းကမ်းတကျပဲလုပ်မှာပါ။ ကစားသမားကို တိုက်ရိုက်ဆက်သွယ်ပြီး လှွမ်းမိုးဖို့ကြိုးစားမှာမဟုတ်ပါဘူး။ အသင်းကတစ်ဆင့်ပဲကမ်းလှမ်းမှာပါ" ဟု ပြောကြားခဲ့သည်။

အသင်းအတွက် အနိုင်ဂိုး(၂)ဂိုးသွင်းယူပေးခဲ့သည့် ဗန်ပါစီနှင့်ပတ်သက်၍လည်း "ကျွန်တော်အကျေနပ်ဆုံးအချက်က ဗန်ပါစီပုံစံကောင်းကို ဆက်ပြနေတာပါပဲ။ သူ့ရဲ့ ဂိုးတွေကို မြင်ရတာဟာကျွန်တော့်ကိုအပျော်ရွှင်ဆုံးဖြစ်စေပါတယ်။ သူသွင်းယူခဲ့တဲ့(၂)ဂိုးက အရမ်းကောင်းပြီး၊ ပထမဂိုးက ကြံ့ရည်ဖန်ရည်နဲ့ ဒုတိယဂိုးက ပါဝါကိုပြသနိုင်ခဲ့တယ်လို့ ကျွန်တော်ထင်ပါတယ်" ဟု မိုယက်စ်ပြောကြားခဲ့သည်။ ဆွမ်ဆီးအသင်းနည်းပြမိုက်ကယ်လောဒရပ်ကလည်း ဗန်ပါစီက ပွဲအဖြေကိုပြောင်းလဲပေးခဲ့သည်ဟုပြောကြားခဲ့ပြီး၊ ၎င်းသည် ယခုပွဲစဉ်တွင်မိမိတို့(၂)သင်းအကြားခြားနားချက်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

### ပဲလေ့စ်နှင့် စပါးပွဲစဉ်ကို မိုယက်စ်သွားရောက်ကြည့်ရှုခဲ့သော်လည်း ဘေးလ်မကစားခဲ့

မန်ယူအသင်း၏နည်းပြဖြစ်သူ ဒေးဗစ်မိုယက်စ်သည် စနေနေ့က ဆွမ်ဆီးကိုအနိုင်ကစားခဲ့ပြီးနောက် ပြီးခဲ့သည့် တနင်္ဂနွေနေ့ပွဲစဉ်များအနက် ခရစ္စတယ်ပဲလေ့စ်နှင့် စပါးအသင်းတို့၏ပွဲစဉ်ကို သွားရောက်ကြည့်ရှုခဲ့ကြောင်းသိရှိရသည်။ မိုယက်စ်သည် စပါးအသင်း၏တောင်ပံကစားသမား ဂါရတ်ဘေးလ်ကိုသွားရောက်အကဲခတ်ခြင်းဖြစ်နိုင်သော်လည်း ယင်းပွဲတွင် ဂါရတ်ဘေးလ်မှာဝင်ရောက်ကစားခဲ့ခြင်းမရှိကြောင်းသိရှိရသည်။ လက်ရှိအချိန်တွင်မန်ယူအသင်းသည် ဘေးလ်အားရီးယဲယ်မက်ဒရစ်နှင့်အပြိုင်ကြိုးပမ်းမည်ဟု သတင်းများထွက်ပေါ်နေပြီး၊ ချန်လုပ်ထားသည့် ကျောနံပါတ်(၇)မှာလည်း၎င်းအတွက် ရည်ရွယ်ထားခြင်းဖြစ်နိုင်ကြောင်း မီဒီယာများကဆိုသည်။

## ရိုးမားတိုက်စစ်မှူးအော့စ်ဗယ်လ်ဒိုကိုဆောက်သမ်တန်ပေါင်(၁၅)သန်းဖြင့်ခေါ်ယူ




ပရီးမီးယားလိဂ်ကလပ်ဆောက်သမ်တန်အသင်းသည် ရိုးမားအသင်း၏ အီတလီလက်ရွေးစင်တိုက်စစ်မှူး အော့စ်ဗယ်လ်ဒိုအား အသင်းစံချိန်တင်ပြောင်းရွှေ့ကြေးပေါင်(၁၅)သန်းဖြင့်ခေါ်ယူလိုက်ပြီဖြစ်ကြောင်း သိရှိရသည်။

ဆောက်သမ်တန်အသင်းသည် ယခုနှစ်အပြောင်းအရွှေ့ကာလအစောပိုင်းက ဆဲလ်တစ်ကွင်းလယ်လူ ဝမ်ယာမာကိုကလပ်စံချိန်တင်ပြောင်းရွှေ့ကြေးပေါင်(၁၂.၅)သန်းဖြင့် ခေါ်ယူထားပြီး ယခုအချိန်တွင် ထပ်မံစံချိန်ချိုးဖျက်ခဲ့ခြင်းဖြစ်သည်။ဆောက်သမ်တန်အသင်းနည်းပြ ပိုချက်တီနိုသည် အက်စ်ပန်ညိုအသင်းကိုကိုင်တွယ်ခဲ့စဉ်က အော့စ်ဗယ်လ်ဒိုနှင့် လက်တွဲခဲ့ဖူးပြီး ရိုးမားအသင်းထံ၎င်းမပြောင်းရွှေ့မီအထိ လာလီဂါ၏အကောင်းဆုံးစာရင်းဝင်တိုက်စစ်မှူးတစ်ဦးအဖြစ် ခြေစွမ်းပြနိုင်ခဲ့သူဖြစ်သည်။ ၎င်းအား အင်တာမီလန်၊ ဘင်ဖီကာနှင့် ဖူလ်ဟမ်အသင်းတို့ကကမ်းလှမ်းခဲ့ကြသော်လည်း ပိုချက်တီနိုရှိရာ ဆောက်သမ်တန်အသင်းကိုသာရွေးချယ်ခဲ့ခြင်းဖြစ်သည်။

အော့စ်ဗယ်လ်ဒိုသည်တစ်ပတ်လုပ်ခပေါင်(၅၅၀၀၀)ရရှိမည်ဖြစ်ပြီး ဆောက်သမ်တန်အသင်းနှင့် (၄)နှစ်စာချုပ်ခဲ့ကြောင်း သိရှိရသည်။

## ဖယ်လ်ကာအိုကိုခေါ်ယူနိုင်မည့်အခွင့်အရေးကိုရီးယဲယ်ငြင်းဆန်ခဲ့

ရီးယဲယ်မက်ဒရစ်အသင်းသည် မိုနာကိုအသင်း၏ကိုလံဘီယာတိုက်စစ်မှူးဖြစ်သူဖယ်လ်ကာအိုအား ခေါ်ယူနိုင်မည့်အခွင့်အရေးရရှိခဲ့သော်လည်း ငြင်းဆန်ခဲ့ကြောင်း Marca သတင်းစာက ဖော်ပြခဲ့သည်။ ယင်းဖော်ပြချက်အရ ဖယ်လ်ကာအိုသည် အက်သလက်တီကိုမှ မိုနာကိုသို့ မပြောင်းရွှေ့မီ ရီးယဲယ်အသင်းထံ ပြောင်းရွှေ့ချင်ကြောင်း ကမ်းလှမ်းမှုပြုလုပ်ခဲ့သေးသော်လည်း ရီးယဲယ်အသင်းဥက္ကဋ္ဌပီရက်ဇ်က ဂါရတ်ဘေးလ်ကိုသာအလိုရှိ၍ ဖယ်လ်ကာအိုကို ငြင်းဆန်ခဲ့ခြင်းဖြစ်ကြောင်း သိရှိရသည်။

## ဝင်းဂါးကိုစာချုပ်သစ်မချုပ်ရန်အာဆင်နယ်ပရိသတ်များတောင်းဆို

အက်စတွန်ဗီလာအသင်းကို အိမ်ကွင်း၌ ဂိုးပြတ်ရှုံးနိမ့်ပြီးနောက် စိတ်ဆိုးဒေါသထွက်နေကြသော အာဆင်နယ်ပရိသတ်များသည် ကစားသမားသစ်ခေါ်ယူရန် နှောင့်နှေးနေသည့် နည်းပြအာစင်ဝင်းဂါးကို စာချုပ်သစ်မချုပ်ဆိုရန် ဘုတ်အဖွဲ့ဝင်များထံ စာရေးသားတောင်းဆိုခဲ့ကြကြောင်း သိရှိရသည်။ ယခုကဲ့သို့ စာရေးသားတောင်းဆိုမှုကို အာဆင်နယ်အသင်းအားပေးသူများအဖွဲ့မှ ဦးဆောင်ပြုလုပ်ခဲ့ခြင်းဖြစ်ပြီး ၂၀၁၄ ဇွန်လတွင် စာချုပ်ကုန်ဆုံးတော့မည့် အာစင်ဝင်းဂါးအတွက် စိတ်ပျက်စရာဖြစ်ခဲ့ရသည်။

# ချန်ပီယံလိဂ် Play-off ပွဲစဉ်များမှ ထူးခြားချက်များ

### ရှက်တာကာရာဂန်ဒီ နှင့် ဆဲလ်တစ်

ဒိုင်လူကြီး - ကရာလိုဗက်(ချက်)

■ ရှက်တာကာရာဂန်ဒီအသင်းသည် ချန်ပီယံလိဂ်အိမ်ကွင်းနောက်ဆုံး(၃)ပွဲတွင် ရှုံးပွဲမရှိခဲ့ချေ။ ဆဲလ်တစ်အသင်းသည် ချန်ပီယံလိဂ်အဝေးကွင်းနောက်ဆုံး(၁၀)ပွဲတွင် (၆)ပွဲအထိ နိုင်ပွဲပျောက်ဆုံးနေသည်။ ဆဲလ်တစ်အသင်း၏ ချန်ပီယံလိဂ်အဝေးကွင်းနောက်ဆုံး(၁၀)ပွဲအနက် (၆)ပွဲတွင် တစ်ပွဲလျှင်အနည်းဆုံး(၂)ဂိုးပေးထားရသည်။

### ဗစ်တိုးရီးယားပါလ်ဇန် နှင့် မာရီဘော

ဒိုင်လူကြီး - ဘန်ကွာရန်ကာ(ပေါ်တူဂီ)

■ ဗစ်တိုးရီးယားပါလ်ဇန်အသင်းသည် ချန်ပီယံလိဂ်အိမ်ကွင်းနောက်ဆုံး(၈)ပွဲတွင် (၇)ပွဲအထိ မရှုံးနိမ့်အောင် ကစားထားသည်။ မာရီဘောအသင်း၏ ချန်ပီယံလိဂ်အဝေးကွင်းနောက်ဆုံး(၁၀)ပွဲအနက် (၆)ပွဲတွင် နှစ်သင်းပေါင်းသွင်းဂိုးသည် (၂.၅)အထက်တွင်ရှိသည်။

### လိုင်ယွန် နှင့် ဆိုစီဒက်

ဒိုင်လူကြီး - မီလိုရက်ဒ်မာဇစ်(ဆားဘီးယား)

■ လိုင်ယွန်အသင်းသည် ချန်ပီယံလိဂ်အိမ်ကွင်းနောက်ဆုံး(၁၀)ပွဲတွင် (၉)ပွဲအထိ မရှုံးနိမ့်ခဲ့ချေ။ လိုင်ယွန်အသင်းသည် ချန်ပီယံလိဂ်အိမ်ကွင်းနောက်ဆုံး(၃)ပွဲဆက် Clean Sheet ရရှိထားသည်။ ဆိုစီဒက်အသင်းသည် ချန်ပီယံလိဂ်အဝေးကွင်းနောက်ဆုံး(၄)ပွဲအနက် (၃)ပွဲအထိနိုင်ပွဲပျောက်ဆုံးနေသည်။

### ပါကိုစ်ဖာရဲရား နှင့် ဇင်းနစ်

ဒိုင်လူကြီး - မာတင်အက်ကင်ဆန်(အင်္ဂလန်)

■ ပါကိုစ်ဖရဲရားအသင်းသည် ပြိုင်ပွဲစုံအိမ်ကွင်းနောက်ဆုံး(၁၀)ပွဲတွင် (၆)ပွဲအထိ နိုင်ပွဲပျောက်ဆုံးနေသည်။ ဇင်းနစ်အသင်းသည် ချန်ပီယံလိဂ်အဝေးကွင်းနောက်ဆုံး(၁၀)ပွဲတွင် (၈)ပွဲအထိ နိုင်ပွဲပျောက်ဆုံးနေသည်။ ဇင်းနစ်အသင်း၏ ချန်ပီယံလိဂ်အဝေးကွင်းနောက်ဆုံး(၁၀)ပွဲအနက် (၇)ပွဲတွင် နှစ်သင်းပေါင်းသွင်းဂိုးသည် (၂.၅)အောက်သာရှိသည်။

### PSV နှင့် အေစီမီလန်

ဒိုင်လူကြီး - ကူနစ်ကာကီရ(တူရကီ)

■ PSV အသင်းသည် ချန်ပီယံလိဂ်အိမ်ကွင်းနောက်ဆုံး(၁၀)ပွဲတွင် (၆)ပွဲအထိ နိုင်ပွဲပျောက်ဆုံးနေသည်။ အေစီမီလန်အသင်း၏ ချန်ပီယံလိဂ်အဝေးကွင်း နောက်ဆုံး(၁၀)ပွဲအနက် (၇)ပွဲတွင် နှစ်သင်းပေါင်းသွင်းဂိုးသည် (၂.၅)အထက်တွင် ရှိသည်။ ယင်းနှစ်သင်းချန်ပီယံလိဂ်ထိပ်တိုက်တွေ့ဆုံမှု(၄)ပွဲအနက် (၃)ပွဲတွင် နှစ်သင်းပေါင်းသွင်းဂိုးသည် (၂.၅)အောက်သာရှိသည်။

### ဒိုင်နမိုဇာဂရက် နှင့် ဩစတြီးယားဝီအန်

ဒိုင်လူကြီး - မကြေညာသေး

■ ဒိုင်နမိုဇာဂရက်အသင်းသည် ချန်ပီယံလိဂ်အိမ်ကွင်းနောက်ဆုံး(၁၀)ပွဲတွင် (၆)ပွဲအထိ မရှုံးနိမ့်ခဲ့ချေ။ ဒိုင်နမိုဇာဂရက်အသင်း၏ ချန်ပီယံလိဂ်အိမ်ကွင်းနောက်ဆုံး(၁၀)ပွဲအနက် (၇)ပွဲတွင် နှစ်သင်းပေါင်းသွင်းဂိုးသည် (၂.၅)အောက်သာ ရှိသည်။ ဩစတြီးယားဝီအန်အသင်းသည် ချန်ပီယံလိဂ်အဝေးကွင်းနောက်ဆုံး(၆)ပွဲတွင် (၅)ပွဲအထိ နိုင်ပွဲပျောက်ဆုံးနေသည်။

### လူဒိုဂိုရက်စ် နှင့် ဘေဆယ်

ဒိုင်လူကြီး - မကြေညာသေး

■ လူဒိုဂိုရက်စ်အသင်းသည် ချန်ပီယံလိဂ်အိမ်ကွင်း(၃)ပွဲတွင် ရှုံးပွဲမရှိသေးချေ။ ဘေဆယ်အသင်းသည် ချန်ပီယံလိဂ်အဝေးကွင်းနောက်ဆုံး(၁၀)ပွဲတွင် (၆)ပွဲအထိ နိုင်ပွဲပျောက်ဆုံးနေသည်။ ဘေဆယ်အသင်း၏ ချန်ပီယံလိဂ်အဝေးကွင်းနောက်ဆုံး(၁၀)ပွဲအနက် (၇)ပွဲတွင် နှစ်သင်းပေါင်းသွင်းဂိုးသည် (၂.၅)အထက်တွင်ရှိသည်။

### စတူအာဘူခါရက် နှင့် လီဂီယာဝါဆော

ဒိုင်လူကြီး - မကြေညာသေး

■ စတူအာဘူခါရက်အသင်းသည် ချန်ပီယံလိဂ်အိမ်ကွင်းနောက်ဆုံး(၈)ပွဲတွင် (၆)ပွဲအထိ နိုင်ပွဲပျောက်ဆုံးနေသည်။ စတူအာဘူခါရက်အသင်း၏ ချန်ပီယံလိဂ်အဝေးကွင်းနောက်ဆုံး(၈)ပွဲအနက် (၆)ပွဲတွင် နှစ်သင်းပေါင်းသွင်းဂိုးသည် (၂.၅)အောက်သာ ရှိသည်။ လီဂီယာဝါဆောအသင်း၏ ချန်ပီယံလိဂ်အဝေးကွင်း(၆)ပွဲအနက် (၃)ပွဲတွင် နှစ်သင်းပေါင်းသွင်းဂိုးသည် (၂.၅)အောက်သာရှိသည်။

### ရှော်လ်ကာ နှင့် PAOK

ဒိုင်လူကြီး - မကြေညာသေး

■ ရှော်လ်ကာအသင်းသည် ချန်ပီယံလိဂ်အိမ်ကွင်းနောက်ဆုံး(၁၀)ပွဲတွင် (၈)ပွဲအထိ မရှုံးနိမ့်ခဲ့ချေ။ ရှော်လ်ကာအသင်း၏ ချန်ပီယံလိဂ်အဝေးကွင်းနောက်ဆုံး(၁၀)ပွဲအနက် (၇)ပွဲတွင် နှစ်သင်းပေါင်းသွင်းဂိုးသည် (၂.၅)အထက်တွင်ရှိသည်။ PAOK အသင်းသည် ချန်ပီယံလိဂ်အဝေးကွင်း(၃)ပွဲဆက်နိုင်ပွဲမရှိခဲ့ချေ။

### ဖီနာဘာချီ နှင့် အာဆင်နယ်

ဒိုင်လူကြီး - မကြေညာသေး

■ ဖီနာဘာချီအသင်းသည် ချန်ပီယံလိဂ်အိမ်ကွင်းနောက်ဆုံး(၁၀)ပွဲတွင် (၆)ပွဲအထိ နိုင်ပွဲပျောက်ဆုံးနေသည်။ အာဆင်နယ်အသင်းသည် ချန်ပီယံလိဂ်အဝေးကွင်းနောက်ဆုံး(၁၀)ပွဲတွင် (၆)ပွဲအထိ နိုင်ပွဲမရှိခဲ့ချေ။ အာဆင်နယ်အသင်း၏ ချန်ပီယံလိဂ်အဝေးကွင်းနောက်ဆုံး(၁၀)ပွဲအနက် (၇)ပွဲတွင် နှစ်သင်းပေါင်းသွင်းဂိုးသည် (၂.၅)အထက်တွင်ရှိသည်။

# ၂၀၁၃ ဆီးဂိမ်းစ်ပြိုင်ပွဲဝင်မည့် မြန်မာယူ-၂၃အသင်းနှင့် မြန်မာ့ လက်ရွေးစင်အသင်း၏ခြေစမ်းပွဲကို စက်တင်ဘာ(၁)ရက်တွင်ကျင်းပမည်



ဓာတ်ပုံ - သက်ထွန်းအောင်

မြန်မာယူ-၂၃အသင်း၏လေ့ကျင့်မှုကိုတွေ့ရစဉ်

၂၀၁၃ ဆီးဂိမ်းစ်ပြိုင်ပွဲအတွက် ပြင်ဆင်နေသည့် မြန်မာယူ-၂၃အသင်းနှင့် နိုင်ငံတကာခြေစမ်းပွဲကစားရန်ရှိနေသော မြန်မာ့လက်ရွေးစင်အသင်းတို့သည် လာမည့်စက်တင်ဘာ(၁)ရက်၌ ရန်ကုန်မြို့ရှိ သုဝဏ္ဏကွင်းတွင်ခြေစမ်းပွဲယှဉ်ပြိုင်ကစားမည်ဖြစ်ကြောင်း သိရှိရသည်။

၂၀၁၃ ဆီးဂိမ်းစ်ပြိုင်ပွဲအတွက်ရည်ရွယ်ကာ မြန်မာယူ-၂၃အသင်းသည် ပဏာမလက်ရွေးစင်အဖြစ် ကစားသမား(၃၀)ဦးရွေးချယ်ထားပြီး ပြီးခဲ့သည့်ဩဂုတ်လ(၁၂)ရက်မှစ၍ လေ့ကျင့်မှုများပြုလုပ်လျက်ရှိသည်။ မြန်မာယူ-၂၃အသင်းသည် ဆီးဂိမ်းစ်ပြိုင်ပွဲအကြို အတွေ့အကြုံရရှိစေရန်အတွက် လာမည့်စက်တင်ဘာလ(၇)ရက်တွင် မလေးရှားနိုင်ငံ၌ကျင်းပပြုလုပ်မည့် ၂၀၁၃ မာဒေးကားဖလားပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်သည်။ ၂၀၁၃ မာဒေးကားဖလားပြိုင်ပွဲတွင် အိမ်ရှင်မလေးရှား၊ မြန်မာ၊ စင်ကာပူနှင့် ထိုင်းအသင်းတို့ပါဝင်ပြီး ပြိုင်ပွဲဝင်အသင်းအားလုံးသည် ဆီးဂိမ်းစ်ပြိုင်ပွဲအကြိုပြင်ဆင်မှုအဖြစ် ယူ-၂၃အသင်းများဖြင့်သာ ယှဉ်ပြိုင်ရန်စီစဉ်ထားကြောင်း သိရှိရသည်။

မြန်မာ့လက်ရွေးစင်အသင်းသည်ဟောင်ကောင်လက်ရွေးစင်အသင်းနှင့် လာမည့်စက်တင်ဘာလ(၆)ရက်တွင် သုဝဏ္ဏကွင်း၌ခြေစမ်းပွဲယှဉ်ပြိုင်ရန် စီစဉ်ထားသည်။ မြန်မာ့လက်ရွေးစင်အသင်းကို ကစားသမား(၂၁)ဦးဖြင့်ဖွဲ့စည်းထားပြီး နည်းပြအဖြစ် ဦးဆန်းဝင်း၊ အသင်းအုပ်ချုပ်သူအဖြစ် ဦးအေးမောင်ကြီးတို့က တာဝန်ယူဆောင်ရွက်မည်ဖြစ်သည်။ မြန်မာ့လက်ရွေးစင်အသင်းသည် လက်ရှိအချိန်တွင် လေ့ကျင့်မှုစတင်ခြင်းမရှိသေးဘဲ လာမည့်ဩဂုတ်လ(၂၁)ရက်နေ့တွင် လေ့ကျင့်မှုများ စတင်ပြုလုပ်ရန်စီစဉ်ထားသည်။

မြန်မာယူ-၂၃အသင်းနှင့် မြန်မာ့လက်ရွေးစင်အသင်းတို့၏ခြေစမ်းပွဲသည် မာဒေးကားဖလားသို့ဝင်ရောက်ယှဉ်ပြိုင်မည့် မြန်မာယူ-၂၃အသင်းအတွက် ကစားသမားများ၏ ခြေစွမ်းကိုအကဲခတ်ရွေးချယ်ရန်ဖြစ်ကြောင်း သိရသည်။

မြန်မာယူ-၂၃အသင်းသည် မာဒေးကားဖလားပြိုင်ပွဲသို့ သွားရောက်ယှဉ်ပြိုင်ပြီးနောက် ရန်ကုန်မြို့တွင် ဗီယက်နမ်ယူ-၂၃အသင်းနှင့် ခြေစမ်းပွဲကစားရန်စီစဉ်ထားပြီး ဂျပန်နိုင်ငံနှင့် တောင်ကိုရီးယားနိုင်ငံသို့သွားရောက်ကာ လေ့ကျင့်ခြေစမ်းပွဲများယှဉ်ပြိုင်ရန် စီစဉ်ထားကြောင်း သိရှိရသည်။

## မြန်မာယူ-၂၃အသင်းနည်းပြ ပတ်ဆောင်ဟွာ၏စာနယ်ဇင်း ရှင်းလင်းပွဲပြုလုပ်မည်

မြန်မာယူ-၂၃အသင်း၏နည်းပြချုပ်ဖြစ်သူ တောင်ကိုရီးယားလူမျိုးပတ်ဆောင်ဟွာသည် မီဒီယာသမားများနှင့်တွေ့ဆုံကာ စာနယ်ဇင်းရှင်းလင်းပွဲတစ်ရပ်ကျင်းပရန် စီစဉ်ထားကြောင်း သိရသည်။ ယင်းစာနယ်ဇင်းရှင်းလင်းပွဲကို ဩဂုတ်(၂၀)ရက် မွန်းလွဲ(၂)နာရီတွင် ရန်ကုန်မြို့ သုဝဏ္ဏရှိ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်အစည်းအဝေးခန်းမ၌ကျင်းပရန်စီစဉ်ထားပြီး မြန်မာယူ-၂၃အသင်း၏ လက်ရှိအခြေအနေများကို ရှင်းလင်းပြောကြားမည်ဖြစ်ကြောင်း သိရှိရသည်။

## မြန်မာယူ-၂၃အသင်း ကြံ့ခိုင်မှုအပိုင်းကို ဦးစားပေးလေ့ကျင့်နေ

မြန်မာယူ-၂၃အသင်းသည် လက်ရှိအချိန်တွင် ကြံ့ခိုင်မှုအတွက်ဦးစားပေးကာ လေ့ကျင့်မှုများပြုလုပ်လျက်ရှိကြောင်း သိရှိရသည်။ မြန်မာယူ-၂၃အသင်း၏နည်းပြဖြစ်သူပတ်ဆောင်ဟွာက “လက်ရှိပြင်ဆင်နေတာကတော့ ကစားသမားတွေရဲ့ကြံ့ခိုင်မှုကို အကောင်းဆုံးပုံစံပြန်ရအောင်လေ့ကျင့်နေတာပဲဖြစ်ပါတယ်။ အသင်းမှာရှိတဲ့ ကစားသမားအချို့ရဲ့ကြံ့ခိုင်မှုက အားရစရာကောင်းပေမယ့် ကစားသမားအချို့ကတော့ ကြံ့ခိုင်မှုပိုင်းအရမ်းအားနည်းနေပါတယ်”ဟု ပြောကြားခဲ့သည်။

# ဆီးဂိမ်းစ်ပြိုင်ပွဲအကြို နိုင်ငံတကာဖိတ်ခေါ် ဘီလိယက်နှင့် စနူကာပြိုင်ပွဲကို စက်တင်ဘာလအတွင်း ကျင်းပပြုလုပ်မည်

မြန်မာနိုင်ငံကအိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် ၂၀၁၃ ဆီးဂိမ်းစ်ပြိုင်ပွဲအကြို နိုင်ငံတကာဖိတ်ခေါ် ဘီလိယက်နှင့်စနူကာပြိုင်ပွဲတစ်ရပ်ကို လာမည့်စက်တင်ဘာလ(၅)ရက်မှ (၉)ရက်အထိ နေပြည်တော်၌ ကျင်းပပြုလုပ်ရန်စီစဉ်ထားကြောင်း သိရှိရသည်။



ဓာတ်ပုံ - စိုးညီ

မြန်မာ့လက်ရွေးစင်ဘီလိယက်သမား အောင်ဆန်းဦး

ယင်းပြိုင်ပွဲတွင် အရှေ့တောင်အာရှဒေသတွင်းမှ နိုင်ငံများပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်ပြီး ဘီလိယက်၊ စနူကာ၊ ကျင်းပိတ်သုံးလုံးဘီလိယက်(ကာရွန်)၊ နံပါတ်ဘောဘီလိယက်ပွဲစဉ်များ ပါဝင်မည်ဖြစ်သည်။

မြန်မာနိုင်ငံဘီလိယက်နှင့် စနူကာအဖွဲ့ချုပ်သည် ၂၀၁၃ ဆီးဂိမ်းစ်ပြိုင်ပွဲအတွက်ရည်ရွယ်ကာ ပြီးခဲ့သည့်ဇန်နဝါရီလမှစတင်၍ ဘီလိယက်နှင့်စနူကာ ပဏာမလက်ရွေးစင်များကိုရွေးချယ်ပြီး နေပြည်တော်၌ စခန်းသွင်းလေ့ကျင့်မှုများပြုလုပ်လျက်ရှိသည်။ ထို့အပြင် ဘီလိယက်နှင့်စနူကာအားကစားနည်းတွင် အောင်မြင်မှုရရှိရန်အတွက် နာမည်ကြီးအင်္ဂလိပ်ဘီလိယက်သမား မိုက်ရက်ဆဲလ်အပါအဝင် အင်္ဂလန်၊ တောင်ကိုရီးယား စသောနိုင်ငံများမှ နိုင်ငံခြားနည်းပြများကို ငှားရမ်းခေါ်ယူခဲ့ကြောင်းသိရသည်။

၂၀၁၃ ဆီးဂိမ်းစ်ပြိုင်ပွဲတွင် ဘီလိယက်နှင့်စနူကာအားကစားနည်း၌ ရွှေတံဆိပ်(၁၂)ခုချီးမြှင့်ရန်စီစဉ်ထားသည်။ လာမည့်စက်တင်ဘာလ(၅)ရက်တွင် ကျင်းပပြုလုပ်မည့် နိုင်ငံတကာဖိတ်ခေါ်ဘီလိယက်နှင့်စနူကာပြိုင်ပွဲကို နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိအားကစားရုံတွင် ကျင်းပပြုလုပ်ရန် စီစဉ်ထားခြင်းဖြစ်သည်။

## ဆီးဂိမ်းစ်အကြိုခြေစမ်းပွဲတွင် အင်ဒိုနီးရှားယူ-၂၃ အသင်းက ဘရူနိုင်းအသင်းကို အနိုင်ရ

၂၀၁၃ ဆီးဂိမ်းစ်ပြိုင်ပွဲအတွက် အင်ဒိုနီးရှားယူ-၂၃အသင်းနှင့် ဘရူနိုင်းယူ-၂၃အသင်းတို့သည် ဩဂုတ်(၁၆)ရက်က အင်ဒိုနီးရှားနိုင်ငံတွင် ခြေစမ်းပွဲယှဉ်ပြိုင်ကစားခဲ့ပြီး အိမ်ရှင်အသင်းက(၁-၀)ဂိုးဖြင့်အနိုင်ရရှိခဲ့ကြောင်း သိရသည်။

ယင်းခြေစမ်းပွဲကို မာဂူဝိုဟာဂျိုကွင်းတွင် ကျင်းပပြုလုပ်ခဲ့ပြီး ပထမပိုင်း၌ ဂိုးမရှိသရေရလဒ်ဖြင့် ပြီးဆုံးခဲ့သည်။ အင်ဒိုနီးရှားယူ-၂၃အသင်းအတွက် တစ်လုံးတည်းသောအနိုင်ဂိုးကို ပွဲချိန်(၅၂)မိနစ်တွင် တိုက်စစ်မှူးအင်ဒရီအီဘိုက သွင်းယူပေးခဲ့ခြင်းဖြစ်သည်။ အင်ဒိုနီးရှားယူ-၂၃အသင်းသည် ၂၀၁၃ ဆီးဂိမ်းစ်ပြိုင်ပွဲအကြိုပြင်ဆင်မှုအဖြစ် နိုင်ငံတကာခြေစမ်းပွဲများ ဆက်တိုက်ယှဉ်ပြိုင်ကစားလျက်ရှိပြီး စင်ကာပူယူ-၂၃အသင်းနှင့် ခြေစမ်းပွဲ(၂)ပွဲယှဉ်ပြိုင်ကစားခဲ့ရာ၌ (၁)ပွဲရှုံး၊ (၁)ပွဲသရေကျခဲ့သည်။

## အာဆီယံယူ-၁၆ပြိုင်ပွဲနှင့်ပတ်သက်၍ အစည်းအဝေးကို နေပြည်တော်၌ ကျင်းပ

၂၀၁၃ အာဆီယံယူ-၁၆ဘောလုံးပြိုင်ပွဲ၏ အသင်းအုပ်ချုပ်သူများအစည်းအဝေး(Team Managers' Meeting)ကို ဩဂုတ်(၁၉)ရက်က နေပြည်တော်တွင် ကျင်းပပြုလုပ်ခဲ့ကြောင်း သိရှိရသည်။

၂၀၁၃ အာဆီယံယူ-၁၆ဘောလုံးပြိုင်ပွဲကို ဩဂုတ်လ(၂၀)ရက်မှ စက်တင်ဘာလ(၂)ရက်အထိ နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိအားကစားကွင်းတွင် ကျင်းပပြုလုပ်မည်ဖြစ်သည်။ ယင်းပြိုင်ပွဲတွင် အာဆီယံဒေသတွင်းမှ အသင်းပေါင်း(၁၀)သင်းပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်သည်။ ဩဂုတ်(၁၉)ရက်ကကျင်းပခဲ့သော အသင်းအုပ်ချုပ်သူများအစည်းအဝေးသို့ ပြိုင်ပွဲဝင်အသင်းများ၏ တာဝန်ရှိသူများနှင့် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်မှ တာဝန်ရှိသူအချို့တက်ရောက်ခဲ့ပြီး မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်၏ အထွေထွေအတွင်းရေးမှူးဖြစ်သူဦးတင်အောင်က မည်သည့်အခက်အခဲများနှင့်ကြုံတွေ့ရသည်ဖြစ်စေ ရင်ဆိုင်ရန်အသင့်ရှိကြောင်း ပြောကြားခဲ့သည်။